# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၊ အင်္ဂါနေ့။ Tuesday, 8 July 2025 ၁၁၈၇၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၅ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်အောင်ပွဲ (၂)နှစ်ပြည့်အခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၅ ခုနှစ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်အောင်ပွဲ (၂)နှစ်ပြည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနဝ္ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## ယနေ့ ဖတ်စရာ


ငွေရောင် ဆူနာမီ လှိုင်းတံပိုးများ သို့မဟုတ် သက်ကြီးစောင့်ရှောက်မှု ခရီးသွားလုပ်ငန်း
ဆောင်းပါး စာမျက်နှာ » ၆



မြေအသုံးချမှု၊ ဇုန်သတ်မှတ်ချက် စည်းမျဉ်း၊ ဖွံ့ဖြိုးရေး ခွင့်ပြုမိန့်ဆိုင်ရာ စည်းမျဉ်းများနှင့်ပတ်သက်၍ ဆွေးနွေး
စာမျက်နှာ » ၈

(၁၅)ကြိမ်မြောက် သက်ကြီးဟာသပညာရှင်များအား ကန်တော့ပွဲနှင့် ဟာသပညာ ထူးချွန်ဆု ချီးမြှင့်ပွဲကျင်းပ
စာမျက်နှာ » ၉

ကျင့်ဝတ်သိက္ခာ ဆွေးမြည့်နေသူတွေ
ဆောင်းပါး စာမျက်နှာ » ၁၁

ကြေးမုံ

# သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်း သစ်ပင်စိုက်ပျိုး၍ထာဝရကုသိုလ်ယူ

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင်လ ၄ ရက်နေ့က ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင် စိုက်ပျိုးပေးခဲ့သည်။ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၈ မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံပြီး ကျန်းမာပျော်ရွှင်ရေးနှင့် သဘာဝဘေးအန္တရာယ်တချို့မှ ကာကွယ်နိုင်ရန်အတွက် သစ်ပင်သစ်တောများ၏ အခန်းကဏ္ဍသည် အဓိကကျသည်။ Green City၊ Clean City၊ Smart City နှင့် Green Village များဖြစ်စေရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အစိတ်အပိုင်းများဖြစ်သည်။ သစ်ပင်ပန်းမန်များသည် ပတ်ဝန်းကျင် စိမ်းစိုသာယာလှပမှုသာမက လူတိုင်း၏ရင်ကို အေးမြစေပြီး စိတ်လက်ပေါ့ပါးမှု၊ ပျော်ရွှင်ချမ်းမြေ့မှု၊ လန်းဆန်းတက်ကြွမှုနှင့် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်မှုတို့အပြင် ထိုသို့ဖန်တီးပေးနိုင်သည့် ဂုဏ်ယူစိတ်၊ ကြည်နူးစိတ်ဖြင့် နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၏ သန္ဓေတည်ရာ မျိုးစေ့ဖြစ်လာနိုင်သည်။

သစ်တောသယံဇာတပေါကြွယ်ဝမှုနှင့် နိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေသည့်အတွက် သစ်တောဖုံးလွှမ်းမှု တိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်များ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ ထို့အပြင် သစ်၊ ဝါး၊ ကြိမ်အစရှိသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုး ပိုမိုထုတ်လုပ်လာနိုင်ကာ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် သစ်တောသစ်ပင်များကို နိုင်ငံတော်က ဦးဆောင်၍ မူဝါဒချမှတ်ပြီး အလေးအနက်ထား ဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံသားအားလုံးကလည်း ရှိပြီးသား သစ်တောသစ်ပင်များကို ကာကွယ်ထိန်းသိမ်းပြီး မိမိတို့ အိမ်ဝင်း၊ ရွာဝင်း၊ ရပ်ကွက်၊ မြို့နယ်၊ လမ်းဘေးဝဲယာတွင် အရိပ်ရပင်၊ လေကာပင်၊ ရာသီအလိုက်ဖူးပွင့်သည့် ပန်းပင်များ စသည်ဖြင့် စိုက်ပျိုးကြရန်နှင့် တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်အောင် ပြုစုထိန်းသိမ်းကြရန် နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားထားသည်။

နိုင်ငံတော်အနေဖြင့် အပူပိုင်းဒေသ၏ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေရေး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတု မျှတကောင်းမွန်စေရေးတို့ကို စီမံချက်များချမှတ်၍ ဆောင်ရွက်နေသည်။ ထိုသို့ဆောင်ရွက်ရာတွင် သစ်တောဧရိယာများ တိုးပွားလာစေရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေးအတွက် လမ်းဘေးဝဲယာတို့တွင် သစ်ပင်စိုက်ပျိုးခြင်း၊ တစ်ရွာနှစ်ဧကဖြင့် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်းအပါအဝင် ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်လျက်ရှိသည်။ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ရန် တောင်ကုန်း၊ တောင်ထိပ်များ၊ မြစ်ချောင်း၊ ဆည်တာတမံများ၏ ရေဝေရေလဲဧရိယာများ၊ ဂေဟစနစ်များကိုလည်း ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

သစ်ပင်များသည် ကမ္ဘာမြေကြီးနှင့် လူသားများအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းလျက်ရှိသည်။ သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးများမှာ ရေးဖွဲ့၍ မကုန်နိုင်အောင်ပင်ဖြစ်သည်။ သစ်ပင်စိုက်ခြင်း၊ ထိန်းသိမ်းခြင်းသည် နိုင်ငံ၏ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များအတွက် အလွန်အရေးကြီးပြီး အကျိုးကြီးမားသည့် သဘာဝရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။ သစ်ပင်စိုက်ခြင်းသည် သာမန်လုပ်ငန်းစဉ်ဖြစ်သော်လည်း ရေရှည်အတွက် ကြီးမားသော အကျိုးကျေးဇူးများကို ရရှိနိုင်သည်။ သစ်တစ်ပင်စိုက်ပြီး သစ်ပင်ကြီးထွားရှင်သန်လာသည်နှင့်အမျှ ရရှိလာသည့် အရိပ်အာဝါသ၊ သစ်သီးဝလံ၊ လတ်ဆတ်သည့်လေ၊ ရေနှင့်မြေဆီလွှာ ထိန်းသိမ်းပေးနိုင်မှု စသည့်အကျိုးကျေးဇူးများသည် စိုက်ပျိုးခဲ့သူအတွက် ကုသိုလ်အလိုလို ရရှိနေမည်။ ယင်းကုသိုလ်သည် တစ်ကြိမ်လုပ်ဆောင်ရုံမျှဖြင့် နှစ်ပေါင်းများစွာ မျိုးဆက်ပေါင်းများစွာအထိ အကျိုးဆက်များစွာ ပေးစွမ်းနိုင်မည်။

သို့ဖြစ်ရာ သစ်ပင်စိုက်ပျိုးခြင်းသည် နိုင်ငံနှင့် လူသားများအတွက် အကျိုးကျေးဇူးကြီးမားသည့်အပြင် ဇရပ်၊ တန်ဆောင်း၊ ကျောင်း၊ ပြာသာဒ်ဆောက်လုပ်လှူဒါန်းခြင်းနှင့် အခြားထာဝရကုသိုလ်များကဲ့သို့ တူညီသောကုသိုလ်များ ရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးကိုလည်း ရရှိနိုင်မည့် ထာဝရကုသိုလ်ကောင်းမှုပင်ဖြစ်ပါကြောင်း။ ။

## ဓာတ်ခွဲနမူနာစုစုပေါင်း ၈၃၉ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက် (၇-၇-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၉-၆-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၇-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၈၃၉ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (သုည ဒသမ ၃၆) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/ သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန**
**(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ချင်းတွင်းမြစ်နှင့် ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၇**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

■

## ၇ - ၇ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇- ၇ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၉၀၀ | ၆,၈၀၀ | ၁,၃၈၄ | ၉,၄၅၈,၇၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၀၀ | ၁,၅၄၅ | ၄,၉၃၂,၀၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၃ | ၂၂,၅၀၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၅,၄၉၀ | ၁၀,၄၃၁,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၈၀၀ | ၇၁၀ | ၁,၉၁၈,၀၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၅၄၉ | ၈၇၉,၄၅၀ |
| AMATA | ၃,၈၀၀ | ၃,၈၀၀ | ၀ | ၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၂၈၀ | ၈၆၈,၀၀၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✪ ရွှေဖုံးမှ

မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသော ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ အပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

အခမ်းအနား မစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

စာမျက်နှာ ၄ သို့ »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီး ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

»»» **စာမျက်နှာ ၃ မှ**

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီးတို့က သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်မန်းငြိမ်းမောင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွေ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၃)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကျင်းပ




**ရန်ကုန် ဇူလိုင် ၇**

အီဂျစ်အာရပ် သမ္မတနိုင်ငံ၏ (၇၃)ကြိမ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေ ၇ နာရီတွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာအီဂျစ် အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim နှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ညှော်ခံပွဲ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြပြီး သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် သံအမတ်ကြီးတို့သည် အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၃)ကြိမ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ကြသည်။

ဆက်လက်၍ သံအမတ်ကြီးက ညှော်ခံပွဲ တက်ရောက်လာကြသူများကို ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါညှော်ခံပွဲ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် လင်းခေးမြို့နယ်ရှိ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းပိုင်း ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး




**မိုးနဲ ဇူလိုင် ၇**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့ရိပ်သာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က သဘာဝဘေးကြောင့် တောင်သူများ စိုက်ပျိုးရေးကဏ္ဍတွင် ထိခိုက်မှုများရှိသဖြင့် သက်ဆိုင်ရာဌာနများက ပိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ပန်းတိုင်အထွက်နှုန်း ကောင်းမွန်ရေးအတွက် မျိုးစပါး၊ ဓာတ်မြေသြဇာများနှင့် စိုက်ပျိုးရေ ရရှိရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက စိုက်ပျိုးရေးကဏ္ဍတွင် သီးနှံများ ပန်းတိုင်အထွက်နှုန်း ကောင်းမွန်ရေး တောင်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်မှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက မျိုးစေ့ထုတ်လုပ်ငန်းနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ်ရှိ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ် လမ်းပိုင်း ဆောင်ရွက်နေမှုများကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းများ ရေရှည် တည်တံ့ကောင်းမွန်ရေးအတွက် သတ်မှတ် စံချိန်၊ စံညွှန်း ပြည့်မီအောင် ဆောင်ရွက်ပေးရန်၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြား၍ ကျောက်တောင်ချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မြေထိန်းနံရံဆောင်ရွက်နေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ရှေ့နေရှေ့ရပ်များအတွက် AML / CFT ဆိုင်ရာ အသိပညာပေးသင်တန်း (၁ / ၂၀၂၅) ကျင်းပ



**နေပြည်တော် ဇူလိုင် ၇**

ရှေ့နေရှေ့ရပ်များအတွက် AML/ CFT ဆိုင်ရာ အသိပညာပေးသင်တန်းကို ယမန်နေ့နံနက်ပိုင်းတွင် ဇေယျာသီရိခရိုင် တရားရုံး၌ In Person / Virtual စနစ်ဖြင့် ကျင်းပသည်။

သင်တန်းတွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/ CFT ) ဆိုင်ရာ ရှေ့နေရှေ့ရပ်များ၏ အခန်းကဏ္ဍကို ပို့ချဆွေးနွေးပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက်လျက်ရှိသော AML/ CFT ဆိုင်ရာဆောင်ရွက်ချက်များ၊ သတင်းပို့အဖွဲ့အစည်းများ၏ သတင်းပေးပို့ရန် တာဝန်ရှိမှုများကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

အသိပညာပေးသင်တန်းသို့ (၁၄)ကြိမ်မြောက် In Person/ Virtual ဖြင့် ပြုလုပ်မည့် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ် လက်ခံရယူမည့် အထက်တန်းရှေ့နေ ၅၀ တို့ က In Person ဖြင့် လည်းကောင်း၊ ၁၆၄ ဦးတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်လည်းကောင်း တက်ရောက်ကြသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် AML/ CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈)ကို နှစ်စဉ်လုပ်ငန်းအစီအစဉ်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရှေ့နေရှေ့ရပ်များအတွက် AML/ CFT အသိပညာမြှင့်တင်ရန် ရည်ရွယ်၍ ယခုသင်တန်းကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ်၌ အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲများကျင်းပ



**ပြင်ဦးလွင် ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက အထက(၂) ကမ္ဘောဇဆောင်ခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်၊ မြင့်မြတ်ပညာရေးဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးဟိန်းမင်းဦး၊ မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြူကြူတို့က အာဇာနည်နေ့နှင့်ပတ်သက်သော ဗဟုသုတအကြောင်းအရာများကို အသိပညာပေးဟောပြောသည်။ ဆက်လက်၍ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများက ကျပန်းစကားပြောခြင်းနှင့် မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများက ကဗျာရွတ်ဆိုခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုစာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ ကျပန်း၊ ဆောင်းပါးပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ငွေရောင် ဆူနာမီ လှိုင်းတံပိုးများ သို့မဟုတ် သက်ကြီးစောင့်ရှောက်မှု ခရီးသွားလုပ်ငန်း

စည်သူကျော်

ယနေ့ကမ္ဘာပေါ်၌ သက်ကြီးရွယ်အိုလူဦးရေ ပမာဏသည် တိုးမြင့်လာသည်ဟု ဆိုသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းထုတ်ပြန်ချက်အရ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်၌ လူခြောက်ဦးလျှင် တစ်ဦးသည် အသက် ၆၀ အထက်နှုန်းဖြစ်လာမည်ဖြစ်သည်။ အရေအတွက်အားဖြင့် ၁ ဒသမ ၄ ဘီလီယံသို့ ရောက်ရှိလာမည်ဖြစ်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားကောင်းမွန်သောနိုင်ငံများဖြစ်သည့် ဂျပန်၊ ဂျာမနီ၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု စသည့်နိုင်ငံများတွင် အသက် ၆၅ နှစ် အထက် သက်ကြီးရွယ်အိုအရေအတွက်သည် နိုင်ငံလူဦးရေ၏ ၂၀ ရာခိုင်နှုန်းအထက်ရှိကြောင်း သိရှိရသည်။ ယင်းသို့သော အခြေအနေများကြောင့် ၎င်းသက်ကြီးရွယ်အိုများကို ငွေရောင်ဆူနာမီလှိုင်းများ (Silver Tsunami) ဟု ရည်ညွှန်းခေါ်ဆိုလာခြင်း ဖြစ်ပါသည်။



ယင်းအသက်အရွယ်အပိုင်းအခြား ပမာဏ ကြီးထွားပြောင်းလဲလာမှုသည် ခရီးသွားလုပ်ငန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်လာခဲ့သည်။ သက်ကြီးရွယ်အို လူဦးရေပမာဏ တိုးတက်လာသည်နှင့်အတူ ၎င်းတို့ကို ပြုစုစောင့်ရှောက်မှုပေးသည့် ဝန်ဆောင်မှုလုပ်ငန်းသည်လည်း အရေးကြီးသော လုပ်ငန်းတစ်ခု ဖြစ်လာသည်။ သက်ကြီးရွယ်အိုများသည် ၎င်းတို့၏ ဘဝနေဝင်ချိန်ကို သက်သောင့် သက်သာစိတ်ချမ်းမြေ့စွာဖြင့် အပူအပင်ကင်းကင်း ကုန်ဆုံးနိုင်စေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မား၍ ကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်သည့်နေရာများသို့ ပြောင်းရွှေ့ခြင်း၊ ရာသီဥတုကောင်းမွန်သည့် ကာလတစ်ခု အတွင်း ပြောင်းရွှေ့နေထိုင်ခြင်း (ဥပမာ- နွေရာသီ အပူရှောင်ခြင်း၊ ဆောင်းရာသီတွင် နွေးထွေး၍ နေရောင်ခြည်ရရှိသော နေရာများတွင် သွားရောက်နေထိုင်ခြင်း) တို့ကို ပြုလုပ်လာကြသည်။

**စိတ်ဝင်တစား ဦးတည်ဖော်ဆောင်လာကြ**

တည်ငြိမ်အေးချမ်းမှုမရှိသောဒေသများ၊ သဘာဝ ဘေးအပါအဝင် ဘေးအန္တရာယ်ကျရောက်တတ်သည့်ဒေသများမှ သက်ကြီးရွယ်အိုများသည်လည်း ၎င်းတို့၏ ကျန်းမာရေးနှင့် လူမှုဘဝလုံခြုံမှုတို့ကို ပေးစွမ်းနိုင်သည့်နေရာများ၊ ဂေဟာများကို ပြောင်းရွှေ့နေထိုင်မှုများ ပြုလုပ်လာကြသည်။ သို့ဖြစ်ရာ Elderly Care Tourism ဟုခေါ်သော သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်မှု ခရီးသွားလုပ်ငန်းသည် တဖြည်းဖြည်းတွင်ကျယ်လာခဲ့ပြီး ပီပြင်သော ခရီးသွားလုပ်ငန်းပုံစံတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့သည်။ ခရီးသွားလုပ်ငန်းဈေးကွက် ရှာဖွေသူများကလည်း သက်ကြီးစောင့်ရှောက်မှု ခရီးသွားလုပ်ငန်းကို စိတ်ဝင်တစား ဦးတည်ဖော်ဆောင်လာကြသည်ကို တွေ့ရှိရသည်။

သက်ကြီးရွယ်အို စောင့်ရှောက်မှုခရီးသွားလုပ်ငန်း (Elderly Care Tourism – ECT) သည် ဆေးပညာရပ်နှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူသည့် ခရီးသွားလုပ်ငန်း (Medical Tourism) နောက်တွင် နောက်ဆက်တွဲအဖြစ်ပေါ်ထွက်လာသည့် ခရီးသွားလုပ်ငန်းဟု ဆိုရမည်ဖြစ်သည်။ ၎င်းခရီးသွားလုပ်ငန်း ပုံစံနှစ်ရပ်သည်လည်း အခြားသော ခရီးသွားလုပ်ငန်းများနှင့် နှိုင်းစာပါက တစ်နည်းတစ်ဖုံအားဖြင့် ဆက်နွှယ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

စာရင်းဇယားများအရ ၂၀၂၆ ခုနှစ်တွင် သက်ကြီးစောင့်ရှောက်မှုလုပ်ငန်းသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ထရီလီယံအထိ ရှိလာမည်ဟု ခန့်မှန်းထားကြပြီး သက်ကြီးလူဦးရေပမာဏ တိုးတက်များပြားလာခြင်း (Silver Tsunami ဖြစ်လာခြင်း) နှင့်အတူ ဆက်လက်၍လည်း ယင်းလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်လာမည်ဟု ခန့်မှန်းထားကြပါသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ရှေ့တန်းသို့ ရောက်ရှိနေသော နိုင်ငံများသာမက ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသော နိုင်ငံများကပါ အလားအလာရှိသော သက်ကြီးစောင့်ရှောက်မှု ခရီးသွားလုပ်ငန်းကို အာရုံစိုက်ဖော်ဆောင်လာကြသည်ကို တွေ့ရှိရသည်။

ထိုနိုင်ငံများအနက် သီရိလင်္ကာနိုင်ငံသည်လည်း သက်ကြီးစောင့်ရှောက်မှုခရီးသွားလုပ်ငန်းကို အာရုံစိုက်လာသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ သီရိလင်္ကာနိုင်ငံသည် စာရင်းဇယားများအရ နှစ်စဉ် သူနာပြုဦးရေ ၆၀၀၀ ကျော် လေ့ကျင့်သင်ကြားမွေးထုတ်ပေးလျက်ရှိသည်။ သီရိလင်္ကာသူနာပြုများသည် ဗြိတိန်၊ အီတလီ စသည့် ဥရောပနိုင်ငံများနှင့် ဩစတြေးလျ၊ အာရှအရှေ့အလယ်ပိုင်းနိုင်ငံများတွင် ငှားရမ်းခေါ်ယူမှုအများဆုံး စာရင်းဝင်သူနာပြုများ ဖြစ်ကြသည်။ ထို့ကြောင့် သီရိလင်္ကာနိုင်ငံသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဧည့်ဝန်ဆောင်မှုအတွက် လူသားအရင်းအမြစ် ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ယင်းအချက်သည် သက်ကြီးစောင့်ရှောက်မှုခရီးသွားလုပ်ငန်းဖော်ဆောင်ရန်အတွက် အရေးပါသော အချက်တစ်ချက်ဖြစ်ပါသည်။ သက်ကြီးစောင့်ရှောက်မှု ခရီးသွားလုပ်ငန်းဖော်ဆောင်ရန်အတွက် သီရိလင်္ကာနိုင်ငံ၌ လူသားအရင်းအမြစ်ကြွယ်ဝမှုအပြင် အခြားသော အားသာချက်များရှိကြောင်းကိုလည်း ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများက သုံးသပ်ပြထားသည်များလည်း ရှိပါသည်။

ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရှင်များ၏ သုံးသပ်ချက်အရ သီရိလင်္ကာနိုင်ငံသည် မပူလွန်း၊ မအေးလွန်းသော သမမျှတသည့် ရာသီဥတုရှိသဖြင့် သက်ကြီးရွယ်အိုများအတွက် နေထိုင်ရန် သင့်တော်မှုရှိခြင်း၊ ကိုလိုနီခေတ်လက်ရာ အငွေ့အသက်ရှိသည့် အဆောက်အအုံ၊ ဘန်ဂလိုများ တည်ရှိနေခြင်း၊ လုပ်သားနှင့် မြေယာပေါများခြင်း၊ ရိုးရာကုထုံးများနှင့် ခေတ်မီကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် အဆင့်အတန်းရှိခြင်း၊ တည်ငြိမ်အေးချမ်းပြီး ဧည့်ဝတ်ပျူငှာသောနိုင်ငံအဖြစ် ပုံဖော်မြှင့်တင်လာနိုင်ခြင်း၊ ဗုဒ္ဓဘာသာကို အဓိကကိုးကွယ်သော နိုင်ငံဖြစ်သဖြင့် တရားဘာဝနာများ ကျင့်ကြံအားထုတ်နိုင်ခြင်း (ဤတွင် သက်ကြီးရွယ်အိုများအတွက် ဘာသာရေးခရီးသွားလုပ်ငန်း Religious Tourism, Meditation Tourism အဖြစ်လည်း ပေါင်းစပ်မြှင့်တင်ဆောင်ရွက်နိုင်ပါသည်။)၊ စိမ်းလန်းသော လက်ဖက်စိုက်ခင်းများနှင့် သာယာလှပသော တောင်ကုန်းများရှိခြင်းတို့ကြောင့် အပန်းဖြေခရီးသွားလုပ်ငန်း (Leisure Tourism) ကိုသာမက သက်ကြီးစောင့်ရှောက်မှု ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အားသာချက်များ ရှိနေပါသည်။

**အခြားသော အလားအလာနှင့်အခွင့်အလမ်းများလည်းရှိနေသည်ကို လေ့လာဖော်ထုတ်**

ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများက ဖော်ပြပါ အားသာချက်များ သက်သက်ဖြင့်သာ သက်ကြီးစောင့်ရှောက်မှုခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ရန် တွန်းအားပေးနေသည်မဟုတ်။ အခြားသော အလားအလာနှင့်အခွင့်အလမ်းများလည်းရှိနေသည်ကို လေ့လာဖော်ထုတ်တင်ပြကြသည်။ ၎င်းလေ့လာချက်များတွင် သီရိလင်္ကာနိုင်ငံသို့ လာရောက်လည်ပတ်မှုများပြားသော ခရီးသွားဧည့်သည်များတွင်ပါဝင်သည့် ဗြိတိန်နိုင်ငံ၌ ကြည့်ရှုစောင့်ရှောက်ရန် လိုအပ်လျက်ရှိသည့် သက်ကြီးဘိုးဘွားအရေအတွက်သည် ငါးသိန်းခန့်ရှိ၍ ပြည်ပနိုင်ငံများသို့ သွားရောက်နေထိုင်လည်ပတ်လိုသောဆန္ဒရှိခြင်း၊ အခြားဥရောပနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂျာမနီနိုင်ငံတွင် ၂၀၃၅ ခုနှစ်၌ အသက် ၆၇ နှစ်အထက် လူဦးရေသည် ငါးသန်းခန့်အထိ ရှိလာမည်ဟု ခန့်မှန်းထားခြင်း၊ ဂျပန်နိုင်ငံတွင် ၂၀၃၀ ပြည့်နှစ်၌ လူသုံးဦးတွင် တစ်ဦးသည် ၆၅ နှစ် အထက်ရှိလာမည်ဖြစ်ခြင်း၊ အရှေ့အလယ်ပိုင်းဒေသများမှ ကြွယ်ဝသော သက်ကြီးရွယ်အိုများ၊ ပင်စင်စားများသည် ရာသီဥတုကောင်းမွန်၍ စိမ်းလန်းစိုပြည်သော ဒေသများတွင် ကာလရှည် နေထိုင်လိုခြင်း၊ သီရိလင်္ကာနိုင်ငံအတွင်း၌ပင် လက်ရှိတွင် အသက် ၆၀ အထက် လူဦးရေသည် နိုင်ငံလူဦးရေ၏ ၁၂ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ဆက်လက်တိုးတက်လျက်ရှိခြင်းကြောင့် ကျန်းမာရေးနှင့် သက်ကြီးစောင့်ရှောက်မှုပေးခြင်း ဝန်ဆောင်မှုလုပ်ငန်းများတိုးမြှင့်ချဲ့ထွင်ရန် လိုအပ်လျက်ရှိပါသည်။ ထို့ကြောင့် သက်ကြီးစောင့်ရှောက်မှုခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံတွင် အကောင်အထည်ဖော်မြှင့်တင်ရန် အခြေအနေကောင်းများ ရှိနေသည်။

**စာမျက်နှာ ၇ သို့ ☆**

**❛ သက်ကြီးစောင့်ရှောက်မှုခရီးသွားလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အားသာချက်၊ အခွင့်အလမ်းများရှိသကဲ့သို့ ဖြည့်ဆည်းဆောင်ရွက်ရမည့် လိုအပ်ချက်များလည်းရှိပါသည်။ ၎င်းလိုအပ်ချက်များတွင် ခရီးသွားလုပ်ငန်း၌ အဓိကလိုအပ်သော လုပ်ငန်းစဉ်ဖြစ်သကဲ့သို့ သက်ကြီးခရီးသွားများ နေထိုင်မည့်နိုင်ငံသို့ အဆင်ပြေချောမွေ့စွာ သွားရောက်နေထိုင်နိုင်ရေးအတွက် အရေးကြီးသော လုပ်ငန်းရပ်တစ်ခုလည်းဖြစ်သည့် ဗီဇာထုတ်ပေးခြင်းလုပ်ငန်း ဖြစ်ပါသည်။ သွားရောက်မည့်နိုင်ငံသို့ အဆင်ပြေလွယ်ကူချောမွေ့စွာဝင်ရောက်၍ လိုအပ်သော ကာလအတိုင်းအတာတစ်ခုအထိ နေထိုင်ခွင့်ရနိုင်မှသာ သက်ကြီးရွယ်အိုခရီးသွားများကို ဆွဲဆောင်နိုင်မည် ❜**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၇**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဖွဲ့အစည်းများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇာမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီတော်တို့တွင် ဘက်စုံပြန်လည်ပြုပြင်မွမ်းမံနေမှု အခြေအနေများနှင့် စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု အခြေအနေများ၊ နန်းဦးမြို့သစ်ရှိ ရွှေမုဋ္ဌောစေတီ၏ ထီးတော်အား ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးအတွက် မြေသို့ ပင့်ဆောင်နေမှုနှင့် စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ရွှေစေတီဘာသန္တရ သင်တန်းကျောင်း၊ ရွှေစေတီကျောင်းတိုက်နှင့် ကိုးတောင်ပြည့်စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ မဟာစည်းခုံကြီးစေတီတော်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနာ့ဗိမာန်အား ပြန်လည်ပြုပြင်မွမ်းမံ ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များပေးအပ်သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပို စစ်ကိုင်းမြို့ ရွှေစေတီဘာသန္တရ သင်တန်းကျောင်း၌ စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် စစ်ကိုင်းမြို့ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ချင်းစုသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ကျောင်းဆောင်အဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများ၊ ပိုးတန်းရပ်ကွက်နှင့် မင်းလမ်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော လူနေအဆောက်အအုံ အပြိုအပျက်များကို အပြီးသတ် ဖယ်ရှား ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



အလားတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်ရှိရတနာပုံသာ ဆုတောင်းရ (ဦးပေစိ)ဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံ အပျက်အစီးများကို စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုနှင့် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်နှင့် အမရဌာနီ အနောက်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများကို စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မဟာအောင်မြေမြို့နယ် ရတနာပုံသာ ဆုတောင်းရ (ဦးပေစိ) ဘုရားရှိ သာသနိကအဆောက်အအုံများ၌ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# မိုးစပါးစိုက် သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစုများပေးအပ်

**ညောင်ရွှေ ဇူလိုင် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် သမဝါယမအသင်းစုက မိုးစပါးစိုက်သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် သမဝါယမ အသင်းစုခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌက သွင်းအားစုများ ပေးအပ်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကာ မိုးစပါးစိုက်သမဝါယမအသင်းများက အသင်းသားတောင်သူများ၏ စိုက်ဧက ၄၈၂ ဧကအတွက် ဇီဝဓါတ်မြေဩဇာနှင့် လိုအပ်သော သွင်းအားစုများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**




☆ စာမျက်နှာ ၆ မှ

**အဓိကလိုအပ်သော လုပ်ငန်းစဉ်**

သက်ကြီးစောင့်ရှောက်မှု ခရီးသွားလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အားသာချက်၊ အခွင့်အလမ်းများရှိသကဲ့သို့ ဖြည့်ဆည်းဆောင်ရွက်ရမည့် လိုအပ်ချက်များလည်းရှိပါသည်။ ၎င်းလိုအပ်ချက်များတွင် ခရီးသွားလုပ်ငန်း၌ အဓိကလိုအပ်သော လုပ်ငန်းစဉ်ဖြစ်သကဲ့သို့ သက်ကြီးခရီးသွားများ နေထိုင်မည့်နိုင်ငံသို့ အဆင်ပြေချောမွေ့စွာ သွားရောက်နေထိုင်နိုင်ရေးအတွက် အရေးကြီးသော လုပ်ငန်းရပ်တစ်ခုလည်းဖြစ်သည့် ဗီဇာထုတ်ပေးခြင်းလုပ်ငန်းဖြစ်ပါသည်။ သွားရောက်မည့်နိုင်ငံသို့ အဆင်ပြေလွယ်ကူချောမွေ့စွာဝင်ရောက်၍ လိုအပ်သော ကာလအတိုင်းအတာတစ်ခုအထိ နေထိုင်ခွင့်ရနိုင်မှသာ သက်ကြီးရွယ်အိုခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံတွင် ပင်စင်စားခရီးသွားများ လာရောက်ရေးအတွက် ဆွဲဆောင်ခေါ်ယူသည့်အနေဖြင့် အငြိမ်းစားဗီဇာ (Retirement Visa) ကို စည်းကမ်းသတ်မှတ်ချက်များ ရေးဆွဲပြဋ္ဌာန်း၍ ထုတ်ပေးလျက်ရှိသည်ကို တွေ့ရှိရသည်။

အငြိမ်းစားဗီဇာထုတ်ပေးရာတွင် အသက် ၅၀ နှင့်အထက် ပုဂ္ဂိုလ်များကိုထုတ်ပေးပြီး အငြိမ်းစားဗီဇာလျှောက်ထားနိုင်ရန်အတွက် သတ်မှတ်ငွေကြေးပမာဏတစ်ရပ် (အနိမ့်ဆုံး ထိုင်းဘတ် ရှစ်သိန်း) ကို ထိုင်းဘဏ်တစ်ခုခုတွင် ဗီဇာမလျှောက်ထားမီ နှစ်လကြိုတင်၍ အပ်နှံထားရမည်ဖြစ်ပြီး လစဉ်ဝင်ငွေအဖြစ် အနည်းဆုံး ဘတ် ၆၅၀၀၀ ရှိရမည် ဖြစ်ပါသည်။ သို့ဖြစ်ရာ အငြိမ်းစားခရီးသွားများ ဝင်ရောက်နေထိုင်မှုမှ ထိုင်းနိုင်ငံအတွင်းသို့ ငွေကြေးစီးဝင်မှုတိုးပွားလာမည်ဖြစ်သည်။ ဗီဇာသက်တမ်းမှာ ဗီဇာအမျိုးအစားနှင့်လျှောက်ထားသည့် နိုင်ငံသားများအပေါ်မူတည်၍ ဗီဇာသက်တမ်း(ခွင့်ပြုကာလ) ကွဲပြားသွားမည်ဖြစ်သည်။ သို့ရာတွင် အငြိမ်းစားဗီဇာသည် ကာလရှည် (Long Stay) ဗီဇာအမျိုးအစားတစ်ခုဖြစ်ပါသည်။

သီရိလင်္ကာနိုင်ငံသည်လည်း သက်ကြီးစောင့်ရှောက်မှုခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်နိုင်ရန်အတွက် အကြံပြုချက်များတွင် ငါးနှစ်မှ ၁၀ နှစ်အထိ ခွင့်ပြုပေးနိုင်သည့် အကြိမ်ကြိမ်ပြည်ပြန်ဝင်ခွင့်ဗီဇာ (Multientry Visa) ကို သက်ကြီးခရီးသွားများသို့ ထုတ်ပေးနိုင်ရေးနှင့် ၎င်းတွင် နိုင်ငံအတွင်း ကာလရှည်နေထိုင်မှုအတွက် ကျန်းမာရေးအာမခံထားရှိရေး ဝင်ငွေအထောက်အထားတို့ကို ခိုင်ခိုင်မာမာတင်ပြနိုင်ရန် ထည့်သွင်းအကြံပြုတင်ပြထားသည်ကို တွေ့ရှိရပါသည်။

**လူသားအရင်းအမြစ်များ မွေးထုတ်ပျိုးထောင်**

ထို့အပြင် ခရီးသွားလုပ်ငန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတို့သည် လူသားအရင်းအမြစ်ကိုအခြေခံသည့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သောကြောင့် သက်ကြီးစောင့်ရှောက်မှု ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်မည်ဆိုပါက စွမ်းဆောင်ရည်မြင့်မားသော လူသားအရင်းအမြစ်များ မွေးထုတ်ပျိုးထောင်ပေးရန်မှာ အရေးပါသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ယင်းလုပ်ငန်းစဉ်တွင် ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးသာမက ညှို့ဝန်ဆောင်မှုနှင့်ပတ်သက်သော ခံယူချက်နှင့် အလေ့အကျင့်တို့ကိုပါ မွေးမြူထားရှိရေးကို ပြုစုပျိုးထောင်ရန်လိုအပ်မည်ဖြစ်ပါသည်။ အခြားအရေးပါသော အချက်များမှာ ယဉ်ကျေးမှုဆိုင်ရာ အပြုအမူများကို နားလည်ခြင်း၊ နိုင်ငံခြားဘာသာစကားများ ကျွမ်းကျင်လိမ္မာခြင်းနှင့် မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုပေးခြင်းတို့ကို လေ့ကျင့်သင်ကြားတတ်မြောက်ပြီးဖြစ်ရန် လိုအပ်မည်ဖြစ်ပါသည်။

ဖော်ပြပါအချက်များအပြင် ခရီးသွားလုပ်ငန်း စီမံကိန်း/မဟာဗျူဟာကဲ့သို့သော အမျိုးသားအဆင့်သက်ကြီးစောင့်ရှောက်မှုခရီးသွားလုပ်ငန်း စီမံကိန်းသို့မဟုတ် မဟာဗျူဟာ National Elderly Tourism Strategy (NETS) ကို စနစ်တကျရေးဆွဲထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများက တိုက်တွန်းထားသည်။ ၎င်းမဟာဗျူဟာတွင် သက်ကြီးစောင့်ရှောက်မှုခရီးသွားလုပ်ငန်းကို ဦးဆောင်အကောင်အထည်ဖော်မည့် အာဏာပိုင်အဖွဲ့အစည်း၊ ပူးပေါင်းဆောင်ရွက်မည့် ဌာန/အဖွဲ့အစည်းတို့ကို သတ်မှတ်ထားရှိရန်နှင့် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှုကို အားပေးကြောင်း ဖော်ပြတိုက်တွန်းထားသည်ကို တွေ့ရှိရသည်။

ကမ္ဘာပေါ်တွင် သက်ကြီးရွယ်အိုအရေအတွက်ပမာဏတိုးတက်များပြားလာမှုကို သက်ဆိုင်ရာနိုင်ငံများက သတိထားတွက်ဆနေကြသည်ကို တွေ့ရှိရသည်။ ကျန်းမာရေးစောင့်ရှောက်မှုစရိတ်နှင့် ပင်စင်၊ လူမှုဖူလုံရေးဆိုင်ရာကိစ္စရပ်များ၊ သက်ကြီးများ၏ ဘဝလုံခြုံစိတ်ချရရေးနှင့် အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးတို့ကို ပြင်ဆင်ဆောင်ရွက်နေကြသည်။ သို့သော် Silver Tsunami ဟု တင်စားခေါ်ဝေါ်သည့် သက်ကြီးရွယ်အိုအရေအတွက် တိုးပွားလာမှုသည် စိုးရိမ်ဖွယ်ရာမဟုတ်ကြောင်း၊ ခရီးသွားလုပ်ငန်းဖြင့် စီးပွားရေးမြှင့်တင်ရန် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိသော နိုင်ငံအသီးသီးတို့အတွက် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မြေအသုံးချမှု၊ ဇုန်သတ်မှတ်ချက်စည်းမျဉ်း၊ ဖွံ့ဖြိုးရေးခွင့်ပြုမိန့်ဆိုင်ရာ စည်းမျဉ်းများနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၇**

မြေအသုံးချမှု၊ ဇုန်သတ်မှတ်ချက်စည်းမျဉ်း၊ ဖွံ့ဖြိုးရေးခွင့်ပြုမိန့်ဆိုင်ရာ စည်းမျဉ်းများနှင့် ပတ်သက်သည့်ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဗမ္ဗူသီရိခန်းမ၌ ကျင်းပသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်၏ Master Plan တွင် မြို့ပြဧရိယာအလိုက် ဇုန်များ ခွဲခြားသတ်မှတ်ပြီး ဇုန်အလိုက် အခြေခံ အဆောက်အအုံများကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နေပြည်တော်ကို မြို့ကြီး(City) အဆင့်သာမက မြို့တော် (Capital) အဆင့်နှင့် ကိုက်ညီမှုရှိစေပြီး ဖွံ့ဖြိုးတိုးတက်မှုစံပြအဖြစ် တည်ထောင်ရန်နှင့် နေပြည်တော်အား လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် မြို့ပြအကွက်ချပုံစံ ( Urban Plan) ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အဆောက်အအုံများ ပြန်လည်ဆောက်လုပ်နိုင်ရေး မြို့ပြစီမံကိန်းရှုထောင့်မှ ထည့်သွင်းစဉ်းစားရန်နှင့် သဘာဝဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိစေရန် အဓိကထား ထည့်သွင်းစဉ်းစားသုံးသပ် ဆောင်ရွက်ကြရန်လိုကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် မြေစမ်းသပ်မှုများ စနစ်တကျဆောင်ရွက်ရန်၊ ငလျင်ကြောပေါ်တွင် ရောက်ရှိခြင်းမရှိစေရန်နှင့် ငလျင်ပြင်းအားရစ်ချ်တာစကေး ၈ အထိ ခံနိုင်ရည်ရှိရန် လိုအပ်ပါကြောင်း၊ နေပြည်တော်ကို Green City၊ Clean City၊ Smart City ဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို ရေတို၊ ရေရှည်မျှော်မှန်းချက်များနှင့် ဘက်စုံထောင့်စုံမှ ဆက်စပ်စဉ်းစားပြီး ဝိုင်းဝန်းသုံးသပ်အကြံပြုတင်ပြပေးကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းဌာန ဌာနမှူးက ဇုန်သတ်မှတ်ချက်စည်းမျဉ်း၊ ဖွံ့ဖြိုးရေး ခွင့်ပြုမိန့်ဆိုင်ရာစည်းမျဉ်းများနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆောင်ရွက်ခြင်းနှင့် အထွေထွေဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ ၄ လွှာ (ဘီ)၊ အမှတ် (၁၁၀) တွင် ပါတီရုံးချုပ် (ယာယီ) တည်ရှိသော **ဇိုမီးအမျိုးသားပါတီ (Zomi National Party)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၃-၇-၂၀၂၅ ရက်နေ့တွင်လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဇိုမီးအမျိုးသားပါတီ (Zomi National Party)၏ အလံပုံစံ**



**ဇိုမီးအမျိုးသားပါတီ (Zomi National Party)၏ တံဆိပ်ပုံစံ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ထားဝယ်မြို့၌ မုန်တိုင်းဘေးအန္တရာယ်သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်



**ထားဝယ် ဇူလိုင် ၇**

ထားဝယ်ခရိုင်အတွင်း မုန်တိုင်းဘေးအန္တရာယ်နှင့် အခြားသော သဘာဝဘေး အန္တရာယ်များ ကျရောက်လာပါက အထိရောက်ဆုံးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ဗမ္ဗူသီရိအရေးပေါ်လူနာကူညီသယ်ဆောင်ရေးအဖွဲ့၊ လူမှုရေးအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၌ မုန်တိုင်းဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။

**ကြည့်ရှုအားပေး**

ဇာတ်တိုက် လေ့ကျင့်နေမှုကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပူးပေါင်းအဖွဲ့များက မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သော မိုးလေဝသသတင်း အခြေအနေများကို စဉ်ဆက်မပြတ် နားထောင်ရန် အသိပေးကြေညာခြင်း၊ သဏ္ဌာန်တူဆောင်ရွက်ထားသည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ Multi-Purpose Shelter သို့ ပြောင်းရွှေ့ကြရန် ကြေညာခြင်း၊ ကျေးရွာသူ ကျေးရွာသားများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကလေးမိခင်များ၊ မသန်စွမ်းသူများအား ကူညီရွှေ့ပြောင်းပေးခြင်း၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း စသည်တို့ကို မုန်တိုင်းဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မလှိုင်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**မလှိုင် ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) လက်တွေ့ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၂၅)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မလှိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း(မလှိုင်) ရောဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မလှိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး မလှိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဒေါ်စိုးမြတ်သဇင်က မြန်မာအီလက်ထရောနစ်မဲပေးစက်များ လက်တွေ့ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မလှိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆင့်ပွားသင်တန်းဖွင့်လှစ်ရန် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက်များ လက်တွေ့ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းတွင် သင်တန်းသား ဆရာဆရာမ ၆၃၈ ဦးဖြင့် ရက် ၂၀ ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်း(မလှိုင်)**

# မင်္ဂလာဒုံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၇**

ရန်ကုန်တိုင်းဒေသကြီးမင်္ဂလာဒုံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ် သာသနာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မင်္ဂလာဒုံမြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးညီညီထွန်းက အခွန်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးသည်။ ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း စုစုပေါင်း ၈၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။



**မင်းသိန်းထွန်း**

# (၁၅)ကြိမ်မြောက် သက်ကြီးဟာသပညာရှင်များအား ကန်တော့ပွဲနှင့် ဟာသပညာထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၇**

မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး (ဗဟို)က ကျင်းပသော (၁၅)ကြိမ်မြောက် ဟာသပညာရှင်ကြီးများအား ကန်တော့ပွဲနှင့် ဟာသပညာထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၈)ရပ်ကွက်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးဋ္ဌေးအောင်၊ ကန်တော့ခံသက်ကြီးဟာသပညာရှင်များ၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို)မှ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဟာသပညာရှင်များ၊ အနုပညာနယ်ပယ်အသီးသီးမှ အနုပညာရှင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး၏ လှုပ်ရှားမှုမှတ်တမ်း Video Clip ကို ဖွင့်လှစ်ပြသပြီး မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး ဂုဏ်ပြုတေးသီချင်းဖြင့် အစည်းအရုံးဝင်များက ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ကန်တော့ခံသက်ကြီးဟာသပညာရှင်ကြီးများ၏ ဘဝတစ်သက်တာတွင် ပြည်သူများအား အပန်းဖြေပျော်ရွှင်စေပြီး နိုင်ငံအေးချမ်းသာယာရေးတွင်လည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုနေသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ သက်ရှည်ကျန်းမာပြီး နိုင်ငံနှင့် ပြည်သူ့အကျိုး ဆက်လက်ထမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် ဟာသပညာရှင် မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းအနုပညာအမွေပေးဝေနိုင်ကြပြီး ရိုးရာအနုပညာနှင့် ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းကာ ဟာသလောက ရေရှည်တည်တံ့ဖွံ့ဖြိုးနိုင်ပါစေကြောင်း မှဒိတာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဒိန်းဒေါင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို)သို့ ပြန်ကြားရေးဝန်ကြီးဌာနက အလှူငွေကျပ် သိန်း ၅၀ အား ဒုတိယဝန်ကြီးဦးရဲတင့်ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၁၀၀ အား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဋ္ဌေးအောင်ကလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အလှူငွေကျပ်သိန်း ၂၀ အားလည်းကောင်း၊ အလှူရှင်များက အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဟာသတစ်သက်တာဆုရရှိကြသည့် အကယ်ဒမီဦးမိုးဒီ၊ ဦးဖိုးဆောင်၊ ဦးစံမိုး၊ ဦးတိမ်ညွန့်၊ ဦးပေါ်လေး၊ ဦးဥဩ၊ ရေဒီယို ဦးမန်းကျော်နှင့် ဦးရွှေဂဲတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဟာသ



ဖန်တီးမှုထူးချွန်ဆုရရှိသည့် ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်)နှင့် ဟာသထူးချွန်ဆုရရှိသည့် အကယ်ဒမီများရှင် ရန်အောင်တို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီး ဦးဋ္ဌေးအောင်က ပရဟိတထူးချွန်ဆုရရှိသည့် ဖြူဖြူထွေး၊ ဟာသပညာထူးချွန်ဆုရရှိသည့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီ ကျော်ကျော်ဗိုလ်၊ ဟာသထူးချွန်ဆုရရှိသည့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် စိုးမြတ်သူဇာတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးဒိန်းဒေါင်က မျိုးဆက်သစ်ဟာသထူးချွန်ဆုရရှိသည့် သာတီတူးကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးအုန်းသီးက ဟာသထူးချွန်ဆုရရှိသည့် ဝိုင်းချစ်၊ ပရဟိတထူးချွန်ဆုရရှိသည့် ဦးချစ်စံနှင့် ဦးဒေါင်းရှိန်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို) အကြံပေးနာယက ဦးငြိမ်းချမ်းက ပရဟိတထူးချွန်ဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးပေါ်ပေါ်ကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ကြီးဟာသအနုပညာရှင်ကြီးများအား ပူဇော်ကန်တော့ကြပြီး ကန်တော့ခံသက်ကြီးဟာသအနုပညာရှင်များကိုယ်စားသက်ကြီးဟာသအနုပညာရှင် အကယ်ဒမီဦးမိုးဒီက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း အသား/ဥ မွေးမြူထုတ်လုပ်မှုတိုးတက်ရေးနှင့် ကော်ဖီစိုက်ကေပြည့်မီရေး ဆွေးနွေးမှာကြား

**နေပြည်တော် ဇူလိုင် ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး သည် ဇူလိုင် ၅ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လက်ပံကုန်းကျေးရွာအုပ်စု နောင်ဝယ်ကျေးရွာရှိမွေးမြူရေးတောင်သူ ဒေါ်အေးနှမ်းစံ၏ ကောင်းမြန်မာ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ဒေသခံမွေးမြူရေးတောင်သူများနှင့် တွေ့ဆုံ၍ တိရစ္ဆာန်အစာပင် စိုက်ပျိုးကျွေးမွေးမှု ကျယ်ပြန့်လာရေးအတွက် တောင်သူကိုယ်တိုင် မျိုးချန်မျိုးပွားစိုက်ပျိုးနိုင်သည့် သီးနှံမျိုးများကို မျိုးပွားဖြန့်ဖြူးပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး တိရစ္ဆာန်အထောက်အကူပြုဆေးဝါးများ ပေးအပ်၍ နို့စားနွားနှင့် ဒေသနွားများ မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဇူလိုင် ၆ ရက်တွင် ဒုတိယဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် မြိုင်ကြီးကျေးရွာရှိ ရွှေကောင်းကင်ကုမ္ပဏီလီမိတက်နှင့် ကြက်သားဖောက်လုပ်ငန်း၏ ဥစားကြက်မွေးမြူရေးခြံသို့ ရောက်ရှိ၍ ဥစားကြက်မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ–ရာသီသီးနှံဌာနခွဲကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ပွေးတောင်)သို့ ရောက်ရှိပြီး ပြင်ဦးလွင် ခရိုင်/မြို့နယ် ခြံတာဝန်ခံများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ခြံ၏ရေမြေသဘာဝနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းဖြင့် ပြင်ဦးလွင်မြို့၏ ဂေဟာစနစ်ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အထောက်အကူဖြစ်စေရန် အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကော်ဖီစိုက် တောင်သူများ စိုက်ကေပြည့်မီရေးကို အနီးကပ်ကြီးကြပ် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံးတွင် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မွေးမြူရေးလုပ်ငန်းရှင်များအားတွေ့ဆုံ၍ မန္တလေးတိုင်းဒေသကြီးအတွင်း အသားနှင့် ငါးမွေးမြူထုတ်လုပ်မှု အားကောင်းလာစေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးနိုင်ရေး တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ဒေသနေပြည်သူများအား သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရမည်းသင်းမြို့နယ်ရှိ ငလျင်ဘေးသင့်အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းပေးအပ်

**နေပြည်တော် ဇူလိုင် ၇**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ငလျင်ဘေးသင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း အကျိုးခံစားခွင့်ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရမည်းသင်းမြို့နယ် သင်းရတနာခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်ဌေးဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုဖူလုံရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ၊ အကျုံးဝင်မှတ်ပုံတင်ထားသော ရမည်းသင်းမြို့နယ်အတွင်းရှိ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ပေးအပ်ခဲ့**

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန်က အမှာစကားပြောကြားပြီး ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ အာမခံအလုပ်သမား ၈၀၃ ဦးအတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ဖြ၈ ဒသမ ၅၉၆ သန်းကိုလည်းကောင်း၊ မန္တလေးငလျင်ကြီးဒဏ်ကြောင့် လုပ်ငန်းခွင်အတွင်းသေဆုံးခဲ့သူ ကိုးဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေကျပ် ၁၂၇၆ ဒသမ ၈၇၅ သိန်းကို ၎င်းတို့၏ကျန်ရစ်သူမိသားစုများထံသို့လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဝေါမြို့နယ်အတွင်း စားရေရိက္ခာဖူလုံစေရေး ကွင်းဆင်းကြည့်ရှုအားပေး

ပဲခူး ဇူလိုင် ၇

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဇူလိုင် ၇ ရက် နံနက်ပိုင်းက ဝေါမြို့နယ်အတွင်း စားရေရိက္ခာဖူလုံစေရေး ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဝေါမြို့နယ် ကျိုက်လှစံပြကျေးရွာရှိ မိုးစပါးအကွက်ကျယ်စံပြကွက်အတွင်း စုပေါင်းမြေဩဇာကြဲပက်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံ မိုးစပါးစိုက်တောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးစိုက်ပျိုးပြီးပါက မြေဆီဩဇာ ပြန်လည်တိုးတက်စေရေး ပဲတစ်မျိုးမျိုးပြန်လည်စိုက်ပျိုးသွားရန်၊ ရေမြေသဘာဝနှင့်ကိုက်ညီပြီး ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိသည့် မျိုးကောင်းမျိုးသန့်များ အလုံအလောက်ရရှိရေး ဆောင်ရွက်ပေးရန်၊ ရေကြီးရေနက်ကွင်းများအတွက် ကြိုတင်ပျိုးထောင်ထားရန်၊ သက်ဆိုင်ရာမြို့နယ်အလိုက် ရေကြီးရေနက်ကွင်းများရှိ လယ်မြေများကို မိုးကောင်းသောက်လယ်မြေအဖြစ်ရောက်ရှိစေရေး ပြန်လည်တူးဖော်ပေးရမည့် ရေထုတ်မြောင်းများ တွက်ချက်တင်ပြပေးရန်၊ သဘာဝမြေဩဇာသုံးစွဲမှု တိုးတက်စေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ကျိုက်လှကျေးရွာရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာမွေးမြူရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ဦးမင်း၏ ဥစားဘဲကောင်ရေ ၂၂၀၀ မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသကြက်နှင့် ဒေသဝက်မွေးမြူရေးလုပ်ငန်းများလည်း တိုးချဲ့ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ပို့ကုန်လုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး MRF Rice Export Exchange ကျင်းပ

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ပို့ကုန်မှ ဦးဆောင်သော ဆန်စပါးကဏ္ဍဖွံ့ဖြိုးမှုကို အမျိုးသားပို့ကုန် မဟာဗျူဟာနှင့်အညီ ပုဂ္ဂလိကအပိုင်းရှိ ကုမ္ပဏီအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းလျက်ရှိရာ ယခုနှစ် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တန်ချိန်သုံးသန်း တင်ပို့ရောင်းချနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။




နိုင်ငံတကာ ဈေးကွက်အသီးသီးတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် Market Insights, Sustainability Drive, Best Practices and Global Trends များဆိုင်ရာ အတွေ့အကြုံများမျှဝေပေးသည့် MRF Rice Export Exchange တွေ့ဆုံဆွေးနွေးပွဲကို လစဉ်ကျင်းပသွားရန် အသင်းချုပ်၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၅ ရက်တွင် ရန်ကုန်မြို့ Summit Park View Hotel ၌ ပထမအကြိမ်ကျင်းပသည့် MRF Rice Export Exchange အစီအစဉ်သို့ အသင်းချုပ်ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ အသင်းဝင်ကုမ္ပဏီများ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

ပထမပိုင်း Keynote Session အဖြစ် နယ်သာလန်နိုင်ငံအခြေစိုက် Control Union မှ Global Certification Standards, Market Access Strategies, and Pathways for Myanmar Rice Exporters to align with International Sustainability Expectations နှင့် Sustainable Rice Production ဆိုင်ရာ ရှင်းလင်းတင်ပြချက်ကို တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။

ဒုတိယပိုင်း အစီအစဉ်တွင် Solar Energy, Renewable Energy တို့ဖြင့် ဆန်စပါးထုတ်လုပ်မှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကို ဆွေးနွေးခဲ့ကြပြီး အသင်းချုပ်နှင့် MoU ရေးထိုးထားသည့် Solar ကုမ္ပဏီများ၊ Solar system တပ်ဆင်အသုံးပြုမည့် ပို့ကုန်ကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်းများမှ ၎င်းတို့ဆောင်ရွက်နေမှုများ၊ အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးကြသည်။

Solar လုပ်ငန်းနည်းပညာနှင့် လုပ်ငန်း အကောင်အထည်ဖော်ရာတွင် အကြံဉာဏ်ပေးနိုင်ရေးအတွက် Smart Power Myanmar နှင့် အသင်းချုပ်တို့အကြား Letter of Intent – LoI လက်မှတ်ရေးထိုးခြင်း၊ Solar ကုမ္ပဏီများဖြစ်ကြသည့် Danayarzar Construction Co., Ltd.၊ Asia Mega Link Co., Ltd.၊ ACEE Co., Ltd. တို့နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးကြသည်။

ပို့ကုန်လုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီကြီးများ၏ ဆန်စက်များတွင် Solar Energy ကို တိုးမြှင့်သုံးစွဲနိုင်ရန်ရည်ရွယ်ပြီး အသင်းချုပ်သည် Solar Energy ဆိုင်ရာကုမ္ပဏီ ၁၇ ခုနှင့် MoU လက်မှတ်ရေးထိုးကြသည်။

Solar Energy တပ်ဆင်မည့် ဆန်စက် ၂၈ လုံး(တပ်ဆင်အင်အား ၄၁ ဒသမ ၉ မဂ္ဂါဝပ်)ကို ၂၀၂၅ ခုနှစ် မတ်လမှစတင်၍ ကနဦးစူးစမ်းလေ့လာရေး၊ တည်ဆောက်တပ်ဆင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ ဆက်လက်ပြီး ဆန်စပါးစိုက်ပျိုးသည့်တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေရရှိရေး Solar ဖြင့် ဆောင်ရွက်နိုင်မည့် အလားအလာများကိုပါ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နိုင်ရန် စီမံကိန်းရေးဆွဲပြင်ဆင်လျက်ရှိကြောင်း သိရသည်။

မျိုးမင်းသူရ

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ် စိုက်ပျိုးကြီးကြပ်ရေး အဖွဲ့ဝင်များနှင့် လုပ်ငန်းညှိနှိုင်း

တပ်ကုန်း ဇူလိုင် ၇

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် တပ်ကုန်းမြို့နယ် စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် လုပ်ငန်းညှိနှိုင်းခြင်းကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌရုံးခန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်းနှင့် တပ်ကုန်း-ပုဗ္ဗသီရိ ကားလမ်းအတွင်း လယ်ယာမြေများပေါ်တွင် နွေ၊ မိုး၊ ဆောင်းရာသီပြည့် သီးနှံစိုက်ပျိုးနိုင်ရေး ရှင်းလင်းပြောကြားပြီး မြို့နယ်အဆင့်ဖွဲ့စည်းထားရှိသည့် လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့မှ တာဝန်ခံများက ကွင်းဆင်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ကျေးရွာအုပ်စုအလိုက်၊ ကွင်းအလိုက်တောင်သူများ၏ လိုအပ်ချက်များဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဝင်က လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဦးဇေယျာလင်းနှင့်အဖွဲ့သည် မြို့နယ်သစ်တောဦးစီးဌာန လူထုဖြန့်ပျိုးပင်ခုနစ်သောင်းခွဲ စိုက်ပျိုးထားရှိသည့် ပျိုးခြံများကို သွားရောက်ကြည့်ရှုကာ ရာသီဥတုအပူဒဏ်ကာကွယ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးနိုင်ရေး ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြပွဲများ ကျင်းပ

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ မြို့နယ် ရေနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကော်မတီကဦးဆောင်၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် အမှိုက်စို၊ အမှိုက်ခြောက်၊ အန္တရာယ်ရှိသော အမှိုက်၊ ပလတ်စတစ်အမှိုက်များကို သတ်မှတ်အမှိုက်ပုံးများအတွင်းသို့ စနစ်တကျခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အတွင်း နေထိုင်သူများ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် အမှိုက်ခြောက်၊ အမှိုက်စို၊ အန္တရာယ်ရှိသောအမှိုက်၊ ပလတ်စတစ် အမှိုက်များကို သတ်မှတ် အမှိုက်ပုံးများအတွင်းသို့ စနစ်တကျ ခွဲခြားစွန့်ပစ်နိုင်ရေး သရုပ်ပြဆောင်ရွက်မှု အသိပညာပေးခြင်းကို မြို့နယ်စည်ပင် (သန့်ရှင်းရေးဌာန) တာဝန်ခံနှင့်အဖွဲ့က သရုပ်ပြသဆောင်ရွက်ခဲ့ပြီး အသိပညာပေးဟောပြောကြသည်။

သရုပ်ပြသပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ဤဆောင်းပါးပါ အမြင်များနှင့် ထင်မြင်ချက်များသည် စာရေးသူ၏ အမြင်များနှင့် ထင်မြင်ချက်များသာဖြစ်သည်။

# ကျင့်ဝတ်သိက္ခာ ဆွေးမြည့်နေသူတွေ

ဥစ္စာမကြွယ် ဂျင်ဂလယ် နိုင်ငံငယ်လေးများ မှတ်မှတ်သားသားရှိကြပါကုန်။

နယူးယောက် ဆင်စွယ်နန်းတော်ကြီးထိပ်မှာ ထိုင်နေတဲ့ ထွေချုပ်ကြီးဆိုသူဟာ အန်ကယ်ဆမ်ကြီးက ဘတ်ဂျက်ဖြတ်တာကြောင့် ပြုပြင်ပြောင်းလဲမှုတွေကို ကြီးကြီးမားမား (အားလုံးတံခါးပိတ်လက်သိပ်ထိုးဖို့) လုပ်နေပါတယ်ဆိုရင်းနဲ့ သူ့လူတွေ (သောက်ဖော်သောက်ဖက် အပေါင်းအသင်းရိုးရင်းတွေ)ကို ရာထူးတိုးပေးနေတယ်ဆိုတာ လူတွေကြားမှာ ပေါ်တင်ကြီး ပေါ်ပေါ်ထင်ထင် ဖြစ်လာနေပါပြီ။ ဒီရာထူးတိုးပေးတာတွေ အားလုံးကလည်း ရာထူးနေရာလစ်လပ်ကြောင်း တရားဝင်ကြေညာတာမျိုးမရှိဘဲ လုပ်နေတာပါ။ “ပွင့်လင်းမြင်သာမှု”၊ “ဒီမိုကရေစီလုပ်ထုံးလုပ်နည်း”ဆိုတာတွေကို တွင်တွင်ဟောပြောနေတဲ့သူတွေ သူတို့အကျိုးစီးပွားနဲ့ ယှဉ်လာတော့ ဘာလုပ်ထုံးလုပ်နည်းမှ မရှိတော့ပါဘူး။

ဒီရာထူးတိုးကိစ္စတွေ အားလုံးကို အန်ကယ်ကြီး သတိပြုမိပါစေလို့ပဲ မျှော်လင့်ကြပါစို့ရဲ့။ ဒီရာထူးတိုးဆိုတာတွေမှာ ငွေရေးကြေးရေးတွေ ပါဝင်နေတာလေ။ ဟိုနေရာ ၂၀ ရာခိုင်နှုန်းဖြတ်၊ ဒီနေရာ ၂၀ ရာခိုင်နှုန်း ဖြတ်လုပ်နေတယ်ဆိုပြီး ပြောနေချိန်မှာပဲ သူ့လူရင်းတွေကတော့ စားလို့ဝါးလို့ပေါ့။ ဘာမှ မပြောင်းလဲသေးဘူးဆိုတာကို အန်ကယ်ကြီး သတိထားမိပါစေလို့ ဆုတောင်းရမှာပါပဲ။ “ပြုပြင်ပြောင်းလဲရေး”ဆိုပြီး ပြောနေသမျှဟာတွေက ပုံပျက်ပန်းပျက်နိုင်တဲ့ ပြက်လုံးတွေသက်သက်ပါပဲ။

ဒေသတွင်းကို ပြန်ကြည့်။

“ထွေချုပ်ကြီး”ကို လက်တို့သတိပေးကြစို့ရဲ့။ အရှေ့တောင်အာရှမှာ နိုင်ငံတစ်နိုင်ငံတည်းသာမကရှိနေတယ်ဆိုတာ။ ဘာလို့လဲဆိုတော့ သူနဲ့ သူ့နောက်မြီးဆွဲတွေက မြန်မာလို့ခေါ်တဲ့ သူတို့ထိုးနေကျဖွဲ့အိတ် နိုင်ငံလေးတစ်နိုင်ငံတည်းနဲ့ပဲ အမြဲအလုပ်ရှုပ်နေကြလို့ပါ။ ဒေသတွင်းတခြားနေရာတွေမှာ အခြေအနေတွေက မကောင်းပါဘူး။ နယ်စပ်ဖြတ်ကျော် ပဋိပက္ခတွေဖြစ်လာနိုင်ခြေရှိနေပြီး ပိုပြီးဆိုးရွားတဲ့ အကျိုးဆက်တွေလည်းရှိလာနိုင်ပါတယ်။ နယ်စပ်တွေပိတ်ထားတယ်။ တင်းမာမှုတွေမြင့်တက်နေတယ်။ ဒေသတွင်း အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံမှာလည်း အခြေအနေတွေ မကောင်းပါဘူး။ နိုင်ငံရေး ပဋိပက္ခတွေ၊ အချင်းချင်း အာဏာလုပွဲတွေ (Game of Thrones!!!) ပိုပြီးဆိုးလာတယ်။ ဒီဒေသတွင်းက လတ်တလာဖြစ်ပေါ်တိုးတက်မှုတွေနဲ့ ပတ်သက်ပြီး ထွေချုပ်ကြီးနဲ့ သူ့ရဲ့နောက်မြီးဆွဲတွေဆီက ဘာများကြားမိကြလဲ။ “နိုး” ပါ။

သူတို့စိတ်ထဲမှာ မြန်မာတစ်နိုင်ငံတည်းကိုပဲ ပုံမှန်အတိုင်း အာရုံစိုက်နေကြတာလား။ သူတို့က စက်တင်ဘာလ ၃၀ ရက်နေ့မှာလုပ်မယ့် မြန်မာ့အရေး အသုံးမကျတဲ့ လေပန်းပွဲအတွက် ပြင်ဆင်နေတာများလား။ အချိန်ကုန်တဲ့ ဆွေးနွေးပွဲလား။ လေကြီးမိုးကြီးရှာနေပြီး ဘာမှအကျိုးထွက်မလာနိုင်ဘူး။ ဒီလူတွေ ကပေါက်တိ ကပေါက်ချာနိုင်လိုက်တာ။ ကမ္ဘာတစ်ဝန်းကလူတွေ၊ အထူးသဖြင့် အခွင့်အရေးမဲ့သူတွေနဲ့ ထိခိုက်လွယ်သူတွေရဲ့ကောင်းကျိုးကို လုပ်ပေးနေတယ်လို့ထင်ရတဲ့ ဒီလူတွေ ဒီလိုဖြစ်နေတာဝမ်းနည်းစရာပဲ။ မျှော်လင့်စရာမရှိတော့ပါဘူး။

သူ့ရဲ့သက်တမ်း ၉ နှစ်မြောက်မှာ ထွေချုပ်ကြီးရဲ့ ကော့စ်ဘဇားကို ဓာတ်ပုံရိုက်ဖို့ သက်သက်သွားခဲ့တဲ့ ခရီးစဉ်ကို ပြန်သတိရကြဦးမလား။ အဲဒီတုန်းက ဘယ်လောက်တောင် ဂရုစိုက်သယောင်ယောင်၊ သနားသယောင်ယောင် လုပ်သွားခဲ့လဲနော်။

> “ထွေချုပ်ကြီး”ကို လက်တို့သတိပေးကြစို့ရဲ့။ အရှေ့တောင်အာရှမှာ နိုင်ငံတစ်နိုင်ငံတည်းသာမကရှိနေတယ်ဆိုတာ။ ဘာလို့လဲဆိုတော့ သူနဲ့ သူ့နောက်မြီးဆွဲတွေက မြန်မာလို့ခေါ်တဲ့ သူတို့ထိုးနေကျဖွဲ့အိတ် နိုင်ငံလေးတစ်နိုင်ငံတည်းနဲ့ပဲ အမြဲအလုပ်ရှုပ်နေကြလို့ပါ။ ဒေသတွင်းတခြားနေရာတွေမှာ အခြေအနေတွေက မကောင်းပါဘူး။ နယ်စပ်ဖြတ်ကျော် ပဋိပက္ခတွေဖြစ်လာနိုင်ခြေရှိနေပြီး ပိုပြီးဆိုးရွားတဲ့ အကျိုးဆက်တွေလည်းရှိလာနိုင်ပါတယ်။ နယ်စပ်တွေပိတ်ထားတယ်။ တင်းမာမှုတွေမြင့်တက်နေတယ်။ ဒေသတွင်း အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံမှာလည်း အခြေအနေတွေ မကောင်းပါဘူး။ နိုင်ငံရေးပဋိပက္ခတွေ၊ အချင်းချင်း အာဏာလုပွဲတွေ(Game of Thrones!!!) ပိုပြီးဆိုးလာတယ်။ ဒီဒေသတွင်းက လတ်တလာဖြစ်ပေါ်တိုးတက်မှုတွေနဲ့ပတ်သက်ပြီး ထွေချုပ်ကြီးနဲ့ သူ့ရဲ့နောက်မြီးဆွဲတွေဆီက ဘာများကြားမိကြလဲ။ “နိုး”ပါ

အရှေ့အလယ်ပိုင်းက ပဋိပက္ခတွေနဲ့ပတ်သက်ပြီးတော့ ထွေချုပ်ကြီးက ကမ္ဘာကြီးရဲ့ ကောင်းကင်အောက်မှာရှိတဲ့ အရာအားလုံးကို “အမိန့်ပေးတောင်းဆို”နေတာပဲ။ သူ့ရဲ့မိန့်ခွန်းတွေမှာလည်း “လုပ်ရမယ်”ဆိုတဲ့ စကားလုံးတွေနဲ့ အပြည့်ပဲ။ ဒါလုပ်ရမယ်၊ ဟိုဟာလုပ်ရမယ်နဲ့။ မြတ်-စွာ-ဘုရား။ သူ့စကားကို နားထောင်တဲ့သူရှိလို့လား။ ထွေချုပ်ကြီးက တန်းတူညီမျှရေးကို ဟောပြောရတာကြိုက်တယ်။ အဲဒီရှုထောင့်ကနေကြည့်ရင် ကြီးတဲ့သူတွေက သူ့စကားကို နားမထောင်ဘူးဆိုရင် သေးတဲ့သူတွေ အရေးမှာလည်း သူပါဝင်စွက်ဖက်ခွင့် မရှိပါစေနဲ့ပေါ့။ သူ့ကိုရော သူ့ရဲ့ နောက်မြီးဆွဲတွေကိုရော အဝေးမှာပဲ ခေါက်ထားလိုက်ပါ။


ထွေချုပ်ကြီးက လာမယ့်နှစ်မှာ ရာထူးက ထွက်တော့မယ်။ သူ့ရဲ့နေရာကို ဆက်ခံမယ့်သူက ဟန်ဆောင်မှုများတဲ့သူ၊ ကိုယ့်အကျိုးစီးပွားကြည့်တဲ့သူ၊ အကျင့်သိက္ခာမရှိဘဲ ရှိဟန်ဆောင်သူ၊ သူတော်ကောင်းယောင်ဆောင်တဲ့သူ မဖြစ်ပါစေနဲ့လို့ မျှော်လင့်ကြရတော့မှာပဲ။ စစ်မှန်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပိုအာရုံစိုက်မယ့်သူဖြစ်ပါစေလို့ မျှော်လင့်နေကြပါတယ်။

ကမ္ဘာကြီးမှာ ပိုမိုတောက်ပတဲ့ အနာဂတ်အတွက် အခွင့်အရေးရှိနိုင်ကောင်းပါရဲ့။ ။

(၁ - ၇ -၂၀၂၅ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ Kyaw Myint Htoon (Paris) ၏ The Rot ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။)

## The Rot

By Kyaw Myint Htoon (Paris)



POOR and small countries take note.

It has become public that the “Supremo”, who sits atop the Ivory Tower in New York, is busy promoting cronies, whilst supposedly carrying out major reforms (all behind closed doors!!!!), due to the budget cuts from the big Uncle. All these promotions handed out to the cronies are done without an official vacancy announcement. So much for people who preach “transparency”, “democratic process”. When it comes to their own interest, there’s no due process.

Let’s hope the big Uncle is paying notice to all these promotions. With these promotions, finances are involved. While there are supposedly 20 per cent cuts there, 20 per cent cuts here, the cronies are eating the pie. Hope the big Uncle notices that nothing has changed. All that is being said about “reform” is just a farce!

Turning to the region, let’s remind the “Supremo” that there is more than one country in Southeast Asia. Because he and his minions are always busy only with one country, called Myanmar, aka the usual punching bag. Things are not all that well in other parts of the region. There is potential cross-border conflict with far more devastating consequences. Borders have been shut. Tensions are high. Things are not good in other member countries of the regional bloc either. The clash of the clans (Game of Thrones!!!) has escalated. Has anyone heard from the “Supremo” and his minions about these recent developments in the region? No! Their mind is only focused on Myanmar as usual? Maybe they are busy preparing for that absolutely useless talkfest on Myanmar, scheduled on 30 September? These people have gone crazy! Sad that these are the people supposedly looking out for the betterment of the people around the world, especially the disadvantaged and the vulnerable. No hope here!

Shall we be reminded about the strictly photo op trip to Cox’s Bazar by the “Supremo”, in the ninth year of his term? Oh, so very caring and compassionate!

As for the conflicts in the Middle East, the “Supremo” has “demanded” all things under the sky. His speeches are full of “must”. Must this, must that!. 0MG! Has anyone listened to him? The “Supremo” likes to preach equality. From that perspective, if the big ones don’t listen to him, let him have no say when it comes to the small ones. Keep him and his minions out!

The “Supremo” is out the door next year. Let’s hope the next one is less hypocritical and self-serving. The world might have a chance of a brighter future.

(The views and opinions expressed in this article are those of the author.)

> သူတို့စိတ်ထဲမှာ မြန်မာတစ်နိုင်ငံတည်းကိုပဲ ပုံမှန်အတိုင်း အာရုံစိုက်နေကြတာလား။ သူတို့က စက်တင်ဘာလ ၃၀ ရက်နေ့မှာလုပ်မယ့် မြန်မာ့အရေး အသုံးမကျတဲ့ လေပန်းပွဲအတွက် ပြင်ဆင်နေတာများလား။ အချိန်ကုန်တဲ့ ဆွေးနွေးပွဲလား။ လေကြီးမိုးကြီးရှာနေပြီး ဘာမှအကျိုးထွက်မလာနိုင်ဘူး။ ဒီလူတွေ ကပေါက်တိ ကပေါက်ချာနိုင်လိုက်တာ။ ကမ္ဘာတစ်ဝန်းကလူတွေ၊ အထူးသဖြင့် အခွင့်အရေးမဲ့သူတွေနဲ့ ထိခိုက်လွယ်သူတွေရဲ့ကောင်းကျိုးကို လုပ်ပေးနေတယ်လို့ထင်ရတဲ့ ဒီလူတွေ ဒီလိုဖြစ်နေတာဝမ်းနည်းစရာပဲ။ မျှော်လင့်စရာမရှိတော့ပါဘူး

# ပုဗ္ဗသီရိမြို့နယ် ကျောင်းကုန်းကျေးရွာ၌ သုတအလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား ကျင်းပ



ပုဗ္ဗသီရိ ဇူလိုင် ၇

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျောင်းကုန်းကျေးရွာ "သုတအလင်းရောင်" စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ အခမ်းအနားသို့ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ "သုတအလင်းရောင်" စာကြည့်တိုက်အဆောက်အအုံအသစ်ကို နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးမင်းဦး၊ ဦးဟန်သူနှင့် ဦးခင်မောင်လတ်၊ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတိုင်းဦးစီးမှူး ဒေါ်သင်းသင်းဇင်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များက စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ခရေပင်များအား သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးပြီး စာကြည့်တိုက်အတွင်း ကျောင်းသားကျောင်းသူများနှင့် လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များထားရှိမှု အခြေအနေများကိုကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမင်းဦးက အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက စာကြည့်တိုက်ဆိုင်ရာအချက်အလက်များ၊ နေပြည်တော်ကောင်စီမှ စာကြည့်တိုက်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မတည်ငွေများ၊ စာကြည့်တိုက်အတွက် MRTV DTH စလောင်း၊ MRTV DVB-T2 Set Top Box တစ်စုံ၊ စာအုပ်စာစောင်များ၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပုဗ္ဗသီရိမြို့နယ် အနေဖြင့် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ ခွင့်ပြုရန်ပုံငွေဖြင့် ယခုစာကြည့်တိုက်အပါအဝင် စုစုပေါင်းစာကြည့်တိုက် ခြောက်တိုက်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ပုဗ္ဗသီရိ(ပြန်/ဆက်)

# ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျင်းပ

ပုသိမ် ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီးအတွင်း မျိုးဆက်သစ်ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ၂၀၂၅ ခုနှစ် ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား လေးမြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ပုသိမ်မြို့ အထက(၅) ဘောလုံးကွင်း၌ ဇူလိုင် ၄ ရက်က စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတောမြို့နယ်တို့မှ လေးမြို့နယ်ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲအဖြစ် ပုသိမ်မြို့နယ် အမျိုးသမီးဘောလုံးအသင်းနှင့် ငပုတောမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပုသိမ်မြို့နယ်အသင်းက ငပုတောမြို့နယ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ပထမဆုရရှိသော ပုသိမ်မြို့နယ်အသင်း၊ ဒုတိယဆုရရှိသော ငပုတောမြို့နယ်အသင်းနှင့် ပူးတွဲတတိယဆုရရှိသော ကန်ကြီးထောင့်မြို့နယ်အသင်းနှင့် သာပေါင်းမြို့နယ်အသင်းတို့အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ရေကြည်မြို့နယ်၌ အောင်နိုင်တိုးစပါး မျိုးသန့်မျိုးစေ့ထုတ် စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ



ရေကြည် ဇူလိုင် ၇

ဧရာဝတီတိုင်း ဒေသကြီး ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာတောင်သူ ဦးကျော်ကျော်ဦး၏ စိုက်ကွင်းတွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီ အောင်နိုင်တိုးစပါး မျိုးသန့်မျိုးစေ့ထုတ်စိုက်ပျိုးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဇော်လင်းက အောင်နိုင်တိုးမျိုးစပါးထည့်သွင်းခြင်း၏ ရေရှည်အကျိုးဖြစ်ထွန်းမှု၊ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များကို ပြောကြားကာ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ထွန်းလင်းက အောင်နိုင်တိုးစပါး ပျိုးပင်များအား ကောက်စိုက်သမများဖြင့် စိုက်ပျိုးခြင်းကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အောင်နိုင်တိုးစပါး မျိုးသန့်မျိုးစေ့ထုတ် စိုက်ပျိုးပွဲအခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဆီဆုံကုန်းကျေးရွာအုပ်စုရှိ တောင်သူများ တက်ရောက်ကြပြီး ကောက်စိုက်သမများဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"သစ္စာရှိ လက်နက်မဲ့ Non CDM ဝန်ထမ်းတွေကို ခြိမ်းခြောက်သတ်ဖြတ်နေတဲ့ ဝရမ်းပြေးနိုင်ငံမဲ့ NUG ၊ CRPH နဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်ပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဒလန်၊ သတင်းပေး၊ သူလျှို စတဲ့စွပ်စွဲချက်မျိုးစုံနဲ့ ပြည်သူနဲ့ နိုင်ငံ့ဝန်ထမ်းများစွာကို သတ်ဖြတ်နေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

❖ **ကျောဖုံးမှ**

အား/ကာသိပွဲ အသင်းအတွက် ဂိုးများကို ၄၅၊ ၅၄ မိနစ်တွင် စစ်ငြိမ်းချမ်းဦးက သွင်းယူပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၈ မိနစ်တွင် ဇော်ဘိုဘိုထွဋ်က သွင်းယူသည်။ ယခုပွဲအပြီးတွင် အား/ကာသိပွဲအသင်းက ၁၂ ပွဲကစား ၂၉ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၂ ပွဲကစား ၂၆ မှတ် ရရှိထားသည်။

**ယှဉ်ပြိုင်ကစားမည်**

ပွဲစဉ်(၁၂) နောက်ဆုံးနေ့ကို ဇူလိုင် ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ရှိုင်းထက်ဇော်**
**ဓာတ်ပုံ – MNL**

❂ **MFF မှ**

ညနေပိုင်းကျင်းပသည့် ဆီမီးဖိုင်နယ် ဒုတိယပွဲတွင် ရှမ်းတောင်အသင်းက Mar Rein အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသည်။

ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီတွင် တတိယလုပွဲအဖြစ် Mar Rein အသင်းနှင့် STNM အသင်း၊ မွန်းလွဲ ၃ နာရီတွင် ဗိုလ်လုပွဲအဖြစ် ရှိုင်ရယ်ရန်ကုန်အသင်းနှင့် ရှမ်းတောင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ရန်ကုန်ဇုန်၊ မန္တလေးဇုန်၊ တောင်ကြီးဇုန် သုံးခုခွဲ၍ ကျင်းပပြီး ပြိုင်ပွဲဝင်အသင်းအရေအတွက်များပြားသည့် ရန်ကုန်ဇုန်တွင် အမှတ်အများဆုံး နှစ်သင်း၊ ကျန်ဇုန် နှစ်ခုတွင် အမှတ်အများဆုံး ထိပ်ဆုံးတစ်သင်းစီ Grand Final ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – MFF**

# ပြင်ဦးလွင်မြို့နယ်၌ ကျေးလက်လမ်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပြင်ဦးလွင် ဇူလိုင် ၇

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် နာရသိန်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ထုံးဘို-နောင်လှိုင်-သပြေရေ ကျေးရွာချင်းဆက်လမ်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ ပြင်ဦးလွင်မြို့နယ် တာဝန်ခံနှင့် ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းအားဖြင့် အကျိုးပြုကျေးရွာ သုံးရွာ၊ အိမ်ခြေ ၈၂၂ အိမ်၊ လူဦးရေ ၃၅၃၅ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့် ကျေးလက်ထုတ်ကုန်များ အပြန်အလှန် ရောင်းဝယ်ဖောက်ကားရေးတို့ကို များစွာအကျိုးပြုမည် ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

☆ **အမေရိကန်အသင်းမှ**

ယခုပွဲစဉ်မှာ မက္ကဆီကိုအသင်းက ဘောလုံးပိုင်ဆိုင်မှု ၆၀ ရာခိုင်နှုန်းအထိ ရရှိခဲ့တာဖြစ်ပြီး ဒုတိယပိုင်းပွဲကစားချိန် ၇၇ မိနစ်မှာ သွင်းယူခဲ့တဲ့ အက်ဒ်ဆင်အယ်လ်ဗာရက်ဇ်က သွင်းဂိုးရရှိခဲ့တာကြောင့် မက္ကဆီကိုအသင်းက အမေရိကန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မက္ကဆီကိုအသင်းဟာ ကွန်ကာကပ်ရွှေဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အမေရိကန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် လက်ရှိအချိန်မှာ မက္ကဆီကိုအသင်းအနေနဲ့ ကွန်ကာကပ်ရွှေဖလားကို (၁၀)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။ **ငွေကြယ်**

# အင်ဒိုနီးရှားနိုင်ငံရှိ လီဝိုတိုဗီလာကီလာကီမီးတောင်ပေါက်ကွဲ



**ဂျကာတာ ဇူလိုင် ၇**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း နျူဆာတန်ဂါရာပြည်နယ်၌ ဇူလိုင် ၇ ရက်က လီဝိုတိုဗီလာကီလာကီ မီးတောင်ပေါက်ကွဲမှုကြောင့် လေကြောင်းခရီးစဉ်များ နှောင့်နှေးခဲ့ရပြီး မီးတောင်ပြာများကြောင့် ဒေသခံများ ကျန်းမာရေးထိခိုက်သည့်အခြေအနေများဖြစ်လာခဲ့ရကြောင်း သိရသည်။ ယင်းမီးတောင်ပေါက်ကွဲမှုကြောင့်ဘာလီဒေသရှိအိုင်ဂတ်စတီအင်န်ဂူရာရိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်မည့် နိုင်ငံတကာလေယာဉ်ခရီးစဉ်များနှင့် ပြည်တွင်းလေကြောင်းခရီးစဉ်များလည်း ဖျက်သိမ်းခဲ့ရကြောင်း အဆိုပါလေဆိပ်၏ ဝက်ဘ်ဆိုက်မှ သိရသည်။

ယခုဖြစ်စဉ်အတွင်း ယင်းမီးတောင်သည် အကြိမ်ပေါင်းများစွာ ပေါက်ကွဲခဲ့ပြီး မီးတောင်ပြာများသည် ကောင်းကင်အထက် မီတာတစ်သောင်းရှစ်ထောင်အထိ ရောက်ရှိခဲ့ကြောင်း အင်ဒိုနီးရှား မီးတောင်နှင့် ဘူမိသဘာဝဘေးလျှော့ချရေးစင်တာက ပြောကြားသည်။ လေယာဉ်ပျံသန်းရေးဆိုင်ရာ တားမြစ်ချက် အနီရောင်အဆင့် သတ်မှတ်ခဲ့ပြီး ယင်းသတ်မှတ်ချက်အရ လေယာဉ်များကို အခင်းဖြစ်ဒေသ လေပိုင်နက်အတွင်း အမြင့် မီတာ ဖ၀၀၀ အောက်မှ ပျံသန်းခြင်းကို တားမြစ်ခဲ့သည်။ ထို့ပြင် လေယာဉ်ပျံသန်းနေစဉ် မီးတောင်ပြာများ လေယာဉ်အင်ဂျင်ကို လွင့်စဉ်ထိမှန်နိုင်သဖြင့် လေယာဉ်များကို သတိပြုမောင်းနှင်ကြရန် လေယာဉ်မှူးများအား သတိပေးခဲ့သည်။

ဒေသခံများအား အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ပွားခြင်းမှ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများကို ဖြန့်ဖြူးပေးခဲ့ကြောင်း ဒေသဆိုင်ရာ သဘာဝဘေးစီမံခန့်ခွဲရေးနှင့် လျှော့ချရေးအေဂျင်စီ တာဝန်ရှိသူ ရစ်ချတ်ဖတ်က ပြောကြားသည်။

ဒေသအတွင်း မီးတောင်ပြာများ ပျံ့နှံ့နေသဖြင့် ဒေသခံများအား နေအိမ်ပြင်ပသို့ မထွက်ခွာရေး တာဝန်ရှိသူများက ပြောကြားသည်။

ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**



# အစ္စရေးနိုင်ငံအား ဟူသီအဖွဲ့က ဒုံးကျည်ဖြင့် တိုက်ခိုက်

**ဆာနား ဇူလိုင် ၇**

ယီမင်နိုင်ငံရှိ ဟူသီအဖွဲ့က အစ္စရေးရှိ ပစ်မှတ်များအား အသံထက်မြန်သည့် ပဲ့ထိန်းဒုံးကျည်များဖြင့် ဇူလိုင် ၇ ရက်တွင် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ယခုတိုက်ခိုက်မှုသည် အစ္စရေးတိုက်လေယာဉ်များက ပင်လယ်နီရှိ ဆိပ်ကမ်းများနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံအား ယမန်နေ့က တိုက်ခိုက်ခဲ့ပြီးနောက် တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်သည်။

ယင်းဒုံးကျည်များအား ဗန်ဂူရီယန်လေဆိပ်၊ အက်ဒွေါဆိပ်ကမ်းနှင့် အက်ကလုံဒေသရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့သို့ ပစ်လွှတ်ခဲ့ပြီး အီလတ်ဆိပ်ကမ်းသို့လည်း ဒရုန်းဖြင့် တိုက်ခိုက်ခဲ့သည်ဟု ဟူသီပြောရေးဆိုခွင့်ရှိသူ ယာယာ ဆာယီယာက ပြောကြားသည်။ ဂါဇာဒေသခံများကို အစ္စရေးက တိုက်ခိုက်မှုရပ်မှသာ ဟူသီအဖွဲ့၏ တိုက်ခိုက်မှုများရပ်တန့်မည်ဟု ၎င်းက ပြောကြားသည်။ ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် ဟူသီအဖွဲ့က ဂျေရုဆလင်နှင့် အနောက်ဘက်ကမ်းဒေသအား ဒရုန်းဖြင့် တိုက်ခိုက်ခဲ့သည်။ အပြန်အလှန်အနေဖြင့် အစ္စရေးလေယာဉ်များကလည်း ယီမင်နိုင်ငံရှိ ဟူသီအဖွဲ့ထိန်းချုပ်ထားသည့် ဒေသများကို တိုက်ခိုက်ခဲ့သည်။ အစ္စရေး၏ ယီမင်အပေါ် တိုက်ခိုက်မှုသည် ယီမင်နိုင်ငံ၏ အခြေခံအဆောက်အအုံနှင့် နိုင်ငံသားများအပေါ် ထိခိုက်ပျက်စီးရေး ဆောင်ရွက်ချက် ဖြစ်သည်ဟု အီရန်နိုင်ငံခြားရေး ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ အစ္စမေးဗာဂါဒီက ပြောကြားသည်။

အစ္စရေး တပ်မတော်သည် လွန်ခဲ့သည့် လများအတွင်းက ယီမင်နိုင်ငံရှိ ပစ်မှတ်များအား လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ ဟူသီအဖွဲ့ကလည်း ဂါဇာဒေသခံများနှင့် တစ်သားတည်း ရပ်တည်ကြောင်း ပြသသည့်အနေဖြင့် အစ္စရေးနိုင်ငံရှိ ပစ်မှတ်များကို တိုက်ခိုက်ခဲ့သည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးရန် အစ္စရေးကိုယ်စားလှယ်အဖွဲ့ ကာတာနိုင်ငံသို့ ထွက်ခွာ

**ဂျေရုဆလင် ဇူလိုင် ၇**

ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးရန်အတွက် အစ္စရေးကိုယ်စားလှယ်အဖွဲ့ ကာတာနိုင်ငံသို့ ထွက်ခွာသွားကြောင်း အစ္စရေးမီဒီယာများက ပြောကြားသည်။

လက်ရှိအချိန်တွင် အစ္စရေး–ဟားမတ်စ် ရက် ၆၀ ကြာမြင့်မည့် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ခြင်းဆိုင်ရာ စည်းမျဉ်းများတွင် ပြင်ဆင်ချက်များ ဖြည့်သွင်းသတ်မှတ်ရန် ဟားမတ်စ်အဖွဲ့က တောင်းဆိုထားသည်။

လက်ရှိ ဂါဇာဒေသရှိ အခြေအနေများကို သုံးသပ်ပြီးနောက် ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးရန် ကမ်းလှမ်းချက်ကို လက်ခံခဲ့သည်ဟု အစ္စရေးတာဝန်ရှိသူများက ပြောကြားသည်။

ဟားမတ်စ်အဖွဲ့၏ တောင်းဆိုချက်တွင် ဂါဇာဒေသ၌ ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေရာတွင် ကုလသမဂ္ဂနှင့် လခြမ်းနီအဖွဲ့များက ဦးဆောင်၍ ဆောင်ရွက်ရန်နှင့် ယခုနှစ် ဇန်နဝါရီလတွင် ရရှိခဲ့သည့် ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ အစ္စရေးတပ်ဖွဲ့များ တပ်စွဲထားခြင်းကို ဆုတ်ခွာပေးရေးတို့ပါဝင်သည်။

ယင်း တောင်းဆိုချက်များကို အစ္စရေးက ငြင်းဆိုခဲ့ပြီး ဟားမတ်စ်အဖွဲ့က ထိန်းသိမ်းထားသည့် ဓားစာခံများကို လွှတ်ပေးရေး ဆွေးနွေးမှုများ ပြုလုပ်မည်ဟု ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – စိုးသူရ**

# လာအိုနိုင်ငံ၌ ယခုနှစ်အတွင်း ငါးသားပေါက်နှင့် ရေနေသတ္တဝါ သားပေါက်အရေအတွက် ၆၅ သန်းကျော် မျိုးစိုက်ထည့်မည်

**ဗီယင်ကျန်း ဇူလိုင် ၇**

လာအိုအစိုးရသည် ယခုနှစ်အတွင်း ငါးသားပေါက်နှင့် ရေနေသတ္တဝါသားပေါက်အရေအတွက် ၆၅ သန်းကျော်ကို နိုင်ငံအတွင်းရှိ မြစ်များတွင် မျိုးစိုက်ထည့်ခြင်းဆောင်ရွက်မည်ဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲများနှင့် စဉ်ဆက်မပြတ်သည့် ဂေဟာစနစ်များ ထိန်းသိမ်းရေးအတွက် ဆောင်ရွက်မှု၏ တစ်စိတ်တစ်ဒေသအဖြစ် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကာ ဇူလိုင် ၁၃ ရက်တွင် ကျရောက်မည့် လာအိုအမျိုးသား ရေနေသတ္တဝါနှင့် တောရိုင်းတိရစ္ဆာန်နေ့ကို ဂုဏ်ပြုခြင်းဖြစ်သည်။

လာအိုနိုင်ငံသားများအတွက် အသက်သွေးကြောပမာအရေးကြီးသည့် ရေနေသတ္တဝါ အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲစောင့်ရှောက်ခြင်းလုပ်ငန်းအတွက် အစိုးရ၏ ဆောင်ရွက်ချက်များကို လာအိုနိုင်ငံ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ချန်သာကုန်ဖိုလာဖန်းက ဇူလိုင် ၇ ရက်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားသည်။ လာအိုနိုင်ငံတွင် ငါးမျိုးစိတ် ၅၀၀ ကျော်ရှိပြီး နှစ်စဉ်နှစ်တိုင်းတွင် ငါးမျိုးစိတ်နှင့် ရေနေသတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် နိုင်ငံသားများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

လာအိုနိုင်ငံရှိ ငါးမွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ရေကြီးရေလျှံမှုအတွင်း သေဆုံးသူ ၈၀ ရှိလာ

**ဟူစတန် ဇူလိုင် ၇**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ဖြစ်ပွားနေသည့် ရေကြီးရေလျှံမှုဖြစ်စဉ်များအတွင်း လက်ရှိအချိန်အထိ သေဆုံးသူ ၈၀ ရှိလာပြီး ၄၀ ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ဇူလိုင် ၇ ရက်တွင် ပြောကြားသည်။

ပြည်နယ်အတွင်းရှိ ကားလ်ခရိုင်သည် ရေကြီးရေလျှံမှု အပြင်းထန်ဆုံးဖြစ်ပွားခဲ့သည့်ဒေသဖြစ်ကာ ကလေး ၂၁ ဦးအပါအဝင် ၆၈ ဦးသေဆုံးကြောင်း ကားလ်ခရိုင်တာဝန်ရှိသူ လယ်ရီလီသာက ပြောကြားသည်။ လူငယ်အပန်းဖြေစခန်းရှိ မိန်းကလေး ၁၀ ဦးနှင့် တာဝန်ရှိသူတစ်ဦးမှာ ပျောက်ဆုံးနေသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

တက္ကဆက်ပြည်နယ်ရှိ အချို့ဒေသများတွင် လာမည့်ရက်များအတွင်း မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်သဖြင့် ရေကြီးရေလျှံမှုများ ထပ်မံဖြစ်ပွားနိုင်ကြောင်း တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဂရက်အက်ဗော့က ပြောကြားသည်။ လက်ရှိအချိန်တွင် အရေးပေါ်အခြေအနေ စီမံခန့်ခွဲရေးအေဂျင်စီက ကယ်ဆယ်ရေးစခန်းခုနစ်ခုကို ဖွင့်လှစ်ထားသည်။ ယခုမတော်တဆမှုဖြစ်စဉ်ဖြစ်ပွားခဲ့ရာတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် ငွေကြေးလုံလောက်စွာ မရရှိခြင်းမှာ ထရမ့်၏ အမျိုးသားမိုးလေဝသလုပ်ငန်းအပေါ် ဘတ်ဂျက်ဖြတ်တောက်ခြင်းကြောင့် ဖြစ်ကြောင်း ဝေဖန်မှုများရှိခဲ့သည်။ ထို့ပြင် မိုးလေဝသဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်မှုနောက်ကျခဲ့ကြောင်း ဒေသခံများက ဝေဖန်ခဲ့သည်။



အဆိုပါ ရေကြီးရေလျှံမှုကြောင့် ဆက်သွယ်ရေး လမ်းကြောင်းများ ပြတ်တောက်ခဲ့ပြီး ဒေသခံများ၏ လူမှုစီးပွားဘဝများ ထိခိုက်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့၌ ငွေကျပ် ၈၇၅ ဒသမ ၅ သိန်းတန်ဖိုးနှင့် တောင်ကြီးမြို့၌ ငွေကျပ် ၆၁၂ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများသိမ်းဆည်းရမိ


တရားခံကျော်သက်နှင့် ရန်နိုင်အောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၇

မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့၌ ငွေကျပ် ၈၇၅ ဒသမ ၅ သိန်းတန်ဖိုး၊ တောင်ကြီးမြို့၌ ငွေကျပ် ၆၁၂ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဇူလိုင် ၅ ရက် ညနေ ၅ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မင်္ဂလာတောင်ညွန့်မြို့နယ် စံပြရပ်ကွက် ဂျိုးဖြူလမ်းပေါ်တွင် ကျော်သက်အား ရှာဖွေရာ စိတ်ပြောင်းဆေးဝါးများရောစပ်ထားသော Happy Water သုညဒသမ ၄၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၅၇ ဒသမ ၅ သိန်း) နှင့် ကတ်တမင်းတစ်ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၅၀၀) တို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပင်းယ(၁၃)လမ်းနေ ရန်နိုင်အောင်၏နေအိမ်ကို ဆက်လက်သွားရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသော Happy Water သုည ဒသမ ၅၉ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၀၆ ဒသမ ၅ သိန်း)၊ ကတ်တမင်း သုည ဒသမ ၀၁၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၇ ဒသမ ၅ သိန်း)နှင့် အက်တက်စီဆေးပြား ၁၀ ပြား (တစ်ပြားလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄ သိန်း)တို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် ကျော်သက် ၃၄ နှစ်နှင့် ရန်နိုင်အောင် ၃၄ နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ဇူလိုင် ၅ ရက် မွန်းလွဲပိုင်းတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ခြသေ့်လမ်းရှိ ဒေါ်နန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသော Happy Water သုည ဒသမ ၄၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ် သိန်း ၁၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၉၅ သိန်း)နှင့် ကတ်တမင်း ၁ ဒသမ ၁၇ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၁၇ သိန်း)တို့ကို သိမ်းဆည်းရမိသဖြင့် ဒေါ်နန်း ၇၄ နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်သမားများက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်နှင့် ယုဇနရပ်ကွက်အတွင်းရှိ နေအိမ်များအား အသံမိုင်းများဖြင့် ပစ်ခတ်တိုက်ခိုက်


မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ဒေါ်ဒွဲဘူ၏ နေအိမ်အား အသံမိုင်းဖြင့် ပစ်ခတ်ခဲ့မှုကြောင့် နေအိမ်ပြတင်းတံခါးမှန်များပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။


မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ ဦးတူးဂျာ၏ နေအိမ်အား အသံမိုင်းဖြင့်ပစ်ခတ်ခဲ့မှုကြောင့် နေအိမ်ပြတင်းတံခါးများ ထိခိုက်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇူလိုင် ၇**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG နှင့် CRPH ၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ လက်ပစ်ဗုံးများဖြင့် ပစ်ခတ်ခြင်း၊ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့ညနေ ၃ နာရီ မိနစ် ၄၀ ခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ဒေါ်ဒွဲဘူ၏နေအိမ်အား လည်းကောင်း၊ ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် ယုဇနရပ်ကွက်အတွင်းရှိ ဦးတူးဂျာ၏ နေအိမ်အား လည်းကောင်း အကြမ်းဖက်သမားများက အသံမိုင်းများဖြင့် လာရောက်ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်ခဲ့မှုကြောင့် နေအိမ်များရှိ ပြတင်းတံခါးမှန်များ အနည်းငယ်ပျက်စီးခဲ့ပြီး လူထိခိုက်မှုမရှိကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်တွင် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ခဲ့သည့် အကြမ်းဖက်သမားများနှင့် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၇-၂၀၂၅ အင်္ဂါနေ့

**MRTV HD**

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တာသုတ်၊ ခန္ဓသုတ်)
၀၆:၄၀ စုဒ္ဒသမ တိပိဋကာရေဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိရိယာနန္ဒ(ကမ္ဘောဇဆရာတော်)၏ ထေရုပတ္တိမှတ်တမ်း(အပိုင်း-၁)
၀၇:၀၀ နံနက်ခင်းသတင်း
၀၉:၁၀ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
၀၉:၂၀ ဝါသိုလဘွဲ့တေးများ
၀၉:၄၀ Sports Diary
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'မုသားနောက်ကွယ်' (အပိုင်း-၁၆)
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာဇာတ်လမ်းတွဲ 'ထာဝရမုန္တလေး' (အပိုင်း-၉+၁၀)
၁၅:၃၀ Weekly MNL Review
၁၆:၃၅ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
၁၇:၁၀ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး
၁၈:၃၅ မာရဝိဇယ မြတ်ဗုဒ္ဓ
၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၃၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
၂၁:၁၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လှုပ်ခွဲစီးကောင်းများခေတ်' (အပိုင်း-၄၄)
၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

07:02 Evergreen Classic: Mingalar Su Taung (Kyawt Kay Khaing)
07:08 Majestic Shwedagon (Epi-1)
07:44 Making a Living as Horticulturist
08:32 Alms Bowl
08:51 Myanmar Traditional Snacks: Popped Rice Ball
09:01 Centenary of Yangon University (Dr. Khin Maung Nyunt) 2
09:14 Commercial Farming to GDP Growth, Cassava Grower
09:32 Ecotourism: Pyarswal Elephant Camp And Mawlaik Golf Course
09:43 A Glimpse of Taungoo & its Delicacies

**Me**

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၂၀ တိုင်းရင်းသားတေးသီချင်း၊အက(ကရင်)
၀၆:၄၅ ဇာတ်လမ်းတို 'ဗိုဓိသာငသာ'
၀၇:၀၀ မြန်မာသံစဉ်တေးများ
၀၇:၃၀ မြန်မာဇာတ်လမ်းတွဲ 'ထာဝရမုန္တလေး'(အပိုင်း-၇၊ ၈)
၀၈:၅၀ K POP Music Gallary (24)
၀၉:၁၀ ဟိုတုန်းကရေဒီယိုဇာတ်လမ်းများ 'အသက်ရယ်ကကျေဇူးရှင်'
၁၀:၀၅ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) 'ချစ်ရည်တား'
၁၉:၃၀ မြန်မာဇာတ်လမ်းတွဲ 'ထာဝရမုန္တလေး'(အပိုင်း-၉၊ ၁၀)

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့စံပျော်ရာတောင်ပေါ်ဒေသ

**ဝကေကကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ပွယ်ဟိုခိုနော်ဘူဘောဆုတောင်းတောင်

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
စွန့်ပစ်ငှက်ပျောမှ တန်ဖိုးမြင့် လူသုံးကုန်လက်မှုထည်များဆီသို့

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သမီးလက်ရာငါးချဉ်ဟင်း

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ချင်း(လိုင်ဇိုး)ဘာသာစကားပြောကြရအောင် (ရက်၊လ အခေါ်အဝေါ်များ)

**ချင်း (ခြိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ညောင်စေးနှင့်ငှက်ထောင်ဖမ်းခြင်း

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
အပန်းဖြေကြမည် သဘာဝကျောက်ပန်းချီကမ်းခြေဆီ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ကျောက်ရိုးတော်ဓါတ်စေတီ

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှမ်းပြည်ရဲ့ခေတ်ဟောင်းခေါ်ပုတ်ထောင်းနည်း

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
သံထည်ဖြင့်ပြုလုပ်ထားသောလူ့အသုံးအဆောင်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာများ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၉:၄၅ Save Our Planet Program
၁၀:၄၅ အသိပညာနှင့်အမှန်တရား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၈:၁၅ Football Highlights
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးဖျက်ဆီးမှုအကြောင်း သိမှတ်စရာဥပဒေမှာ'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ'
၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဆွစ်ဇာလန်နိုင်ငံ'
၁၁:၀၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၈၃)

**MRTV FARMERS' HD**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ ကြိုးစားဆောင်ရွက် ပြည်သူ့အတွက် သမဝါယမဦးစီးဌာန
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ Agriculture in India
၁၉:၀၀ Refreshing Taste of Mushrooms with Red Cap and White Stem
၂၀:၀၀ ရှယ်လီကောသာ(ဇာတ်လမ်း)
၂၂:၀၀ Way Back Home (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၂၅ ဘောလုံးအားကစားနည်းအခြေခံ နည်းစနစ်များ (အလယ်တန်းကစားနည်း)
၁၇:၀၀ အားကစားသတင်း
၁၂:၀၀ Ronaldo

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်း



နေပြည်တော် ဇူလိုင် ၇

မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံး အရေးယူပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေး ဗဟိုကော်မတီအတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့် တာဝန်ရှိသူများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Chen Wen Feng နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ Pol. Col. Chinakorn Atsawaphum နှင့် တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် မြဝတီမြို့ ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေ တို့သို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ပြီး ကောင်းမွန်စွာထိန်းသိမ်းထားရှိမှု၊ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နှစ်နိုင်ငံမှကိုယ်စားလှယ်များသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတား အစည်းအဝေးခန်းမ၌ ကျင်းပသည့် ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ မြဝတီဒေသရှိ အွန်လိုင်းလိမ်လည်မှု(Telecom Fraud)များ ကင်းစင်ပပျောက်သည်အထိ ရှင်းလင်းဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှုနှင့် ဆက်စပ်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၉၈ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင်လည်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောပတ်ဝန်းကျင်၌ မိကျောင်းအန္တရာယ်သတိထားရှိရန် အသိပညာပေးနှိုးဆော်

ဘိုကလေး ဇူလိုင် ၇

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ဆက်စပ်နေသည့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ချောင်းဖြဲကြီးကျေးရွာအုပ်စု လှေလုံးကွဲကျေးရွာချောင်းထဲတွင် ဇူလိုင် ၂ ရက်နှင့် ၃ ရက်တို့က နှစ်ရက်ဆက်တိုက် ကျေးရွာသားနှစ်ဦးအား မိကျောင်းဆွဲခံခဲ့ရသဖြင့် အလားတူဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများက မိကျောင်းအန္တရာယ်သတိထားရှိရန် အသံချဲ့စက်ဖြင့် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့်ထိစပ်ရာ မြစ်၊ ချောင်းများ၌ နေ့စဉ်လှည့်လည် အသိပညာပေးနှိုးဆော် ဆောင်ရွက်လျက်ရှိသည်။

အသိပညာပေးနှိုးဆော်ရာတွင် ယခုကာလ ဇွန်လမှ ဩဂုတ်လအတွင်းကာလသည် မိကျောင်းများ အသိုက်ကိုက်၊ အသိုက်ဖွဲ့ပြုလုပ်သည့် ကာလဖြစ်သည့်အတွက် ရေချိုရေငန်စပ်မိကျောင်းများ ရှင်သန်ပေါက်ဖွားကျက်စားသည့် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့်ဆက်စပ်ရာ ဒီရေတောဒေသများသည် မိကျောင်းအန္တရာယ်ရှိသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထိုဒေသများအတွင်း နေထိုင်ကြသူများသည် ချောင်းစပ်ကမ်းစပ်များ၌ အိမ်မွေးတိရစ္ဆာန်များအား လွှတ်ကျောင်းမွေးမြူခြင်းမပြုကြရန်၊ ကျေးရွာသူ ကျေးရွာသားများနှင့် ကလေးငယ်များအနေဖြင့် ချောင်းအတွင်း ရေကစားခြင်း၊ ရေထဲသို့ခုန်ချခြင်း၊ ကမ်းစပ်၌အဝတ်လျှော်ခြင်း၊ အချိန်ကြာမြင့်စွာ ရေချိုးခြင်းများမပြုကြရန်၊ ငါး၊ ပုစွန်များရှာဖွေကြသည့် ရေလုပ်သားများအနေဖြင့်လည်း သတိကြီးစွာထားရှိရန်၊ မိကျောင်းများ ကမ်းစပ်များ၌ ခိုလှုံမှုမရှိစေရေး ကမ်းစပ်များရှိ ချုံနွယ်၊ ပိတ်ပေါင်းများအား ရှင်းလင်းထားရှိရန်၊ မိကျောင်းများ ရေပြင်၌သွားလာကူးသန်းသည်ကို တွေ့ရှိပါက တုတ်၊ ခဲများဖြင့် ပစ်ပေါက်ခြောက်လှန့်ခြင်းများ မပြုလုပ်ကြရန် အသိပညာပေးနှိုးဆော်ကြကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသူတစ်ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မဲ့ထော်သလေး (KK Park)နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့သည့် တရုတ်နိုင်ငံသူတစ်ဦးကိုယနေ့တွင်ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် တရုတ်နိုင်ငံသူကို သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၉၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသောနိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင် လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အင်းစိန်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေးပွဲကျင်းပ

အင်းစိန် ဇူလိုင် ၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အခွန်ဦးစီးမှူးရုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယမန့်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် အင်းစိန်မြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသန်းထွန်းနှင့် ဦးစီးအရာရှိ ဦးဇော်ဝင်းတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးရာ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်းစုစုပေါင်း ၁၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။



ဇင်မင်းထိုက်(ပြန်/ဆက်)

# မြစ်သားမြို့နယ်၌ ဝါသီးနှံများ စတင်ထွက်ပေါ်လျက်ရှိ

ကျောက်ဆည် ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဈေးကွက်ဝယ်လိုအားရှိသော ဝါသီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း၊ ခရိုင်အတွင်း ဝါသီးနှံစိုက်ပျိုးမှုအနေဖြင့် ၅၇၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ရာ မြစ်သားမြို့နယ်၌ ၄၁၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဇွန်လ တတိယအပတ်မှစတင်၍ ဝါသီးနှံများ စတင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။




ဝါသီးနှံများကို မတ်လတွင် စတင်စိုက်ပျိုး၍ ဇွန်လတွင် စတင်ခူးဆွတ်ရိတ်သိမ်းရကြောင်း၊ ငွေချည်-၆ နှင့် ရွှေတောင်-၈ မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးထုပ် ၂-၃ ထုပ်ခန့် ကုန်ကျကြောင်း၊ ပေါင်ကြောင်းပေး အစေ့ချစနစ်ဖြင့် အတန်းလိုက် စိုက်ပျိုးကြပြီး မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ငါးသိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ပိဿာချိန် ၄၀၀-၅၀၀ ခန့် ထွက်ရှိပြီး ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ပွဲရုံများမှတစ်ဆင့် ဝါစက်ရုံများ၊ ချည်မျှင်ရက်ကန်း စက်ရုံများနှင့် မန္တလေးစက်မှု ဇုန်-၁ သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဝါသီးနှံဈေးနှုန်းများ ပိုမိုကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိမည်ဖြစ်ကြောင်း ဝါသီးနှံစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

# ကျောက်ဆည်ခရိုင်၌ နေကြာသီးနှံများ စတင်ရိတ်သိမ်းလျက်ရှိ

ကျောက်ဆည် ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော နေကြာသီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ ခရိုင်အတွင်း နေကြာသီးနှံစိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၆၅၇ ဧက စဉ့်ကိုင်မြို့နယ်တွင် ၁၇၀၃ ဧက၊ မြစ်သားမြို့နယ်တွင် ၄၁၈ ဧက စုစုပေါင်း ၂၇၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နေကြာသီးနှံကို မတ်လနှင့် ဧပြီလတို့တွင် စိုက်ပျိုးကြပြီး ဇူလိုင်လတွင် ထွက်ပေါ်ကြောင်း၊ နေကြာသီးနှံကို သီးထပ်သီးညှပ်စိုက်ပျိုးမှုနှင့် သီးသန့်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး အထွက်နှုန်းကောင်းမွန်သော ရေဆင်းစပ်မျိုးနှင့် ဆင်းရွှေကြာ-၂ နှင့် ဆင်းရွှေကြာ-၃ မျိုးများကို အဓိကထား စိုက်ပျိုးကြကြောင်း၊ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ၄-၅ ပြည်ခန့် ကုန်ကျစိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၃၅၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခုအချိန်တွင် နေကြာသီးနှံများ စတင်ရိတ်သိမ်းထွက်ပေါ်လျက်ရှိရာ တစ်ဧကအထွက်နှုန်းအနေဖြင့် ၁၈-၂၀ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးနှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော နေကြာသီးနှံစိုက်ပျိုးခြင်းသည် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် အထောက်အကူပြုနိုင်သည့်အပြင် အကျိုးအမြတ်များလည်းရရှိကြောင်း နေကြာစိုက်တောင်သူတစ်ဦးထံမှ သိရသည်။



# အထက်မင်းလှမြို့နယ်၌ ဖူးစားပြောင်းစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

အထက်မင်းလှ ဇူလိုင် ၇

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဖူးစားပြောင်းကို ၃၅ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။



ဖူးစားပြောင်းကို ဧပြီလတွင် စတင်စိုက်ပျိုးပြီး နှစ်လကျော်အကြာတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ထိုင်ဝမ်ပြောင်းစီး(အဖြူ)မျိုးများကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးထုပ်ရှစ်ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပြောင်းဖူးရေ ၉၀၀၀ ကျော်ခန့် ထွက်ရှိရာ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ သီးနှံအထွက်နှုန်းများ ကွဲပြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံများသို့ တောင်သူများက တင်ပို့ရောင်းချလျက်ရှိရာ ပြောင်းသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း ပြောင်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

# ငွေးသီးစိုက်ပျိုးခြင်းဖြင့် တောင်သူများ အပိုဝင်ငွေရရှိ

ကျောက်ဆည် ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ တစ်နှစ်ပတ်လုံး ထွက်ရှိပြီး နှစ်ရှည်သီးနှံတစ်မျိုးဖြစ်သော ငွေးသီးကို လယ်ယာဥယျာဉ်ခြံမြေများတွင် မိသားစု အပိုဝင်ငွေရရှိရန်အတွက် စိုက်ပျိုးကြကြောင်း သိရသည်။

ငွေးသီးကို ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ဈေးကွက်ဝယ်လိုအားကောင်းကြောင်း၊ ငွေးသီးကို အစိုဓာတ်ကောင်းမွန်သော မိုးဦးကျကာလများတွင် စိုက်ပျိုးပြီး တစ်နှစ်ခန့်အကြာတွင် အသီးများခူးဆွတ်ရကြောင်း၊ တစ်နှစ်ပတ်လုံးသီးသော ထွက်တိုးငွေးပင်(ပျိုးပင်)မျိုးများကို ဝယ်ယူစိုက်ပျိုးကြပြီး တစ်ဧကလျှင် အပင်ရေ ၅၀-၆၀ ခန့် ဝင်ဆံ့စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ်ရှစ်သိန်းကျော်ခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် တစ်နှစ်အတွက် ငွေးသီး ပျမ်းမျှအလုံးရေ စုစုပေါင်း ၄၀၀၀၀-၅၀၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများနှင့် အချဉ်ပေါင်းရောင်းချသူများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြကြောင်း၊ အောင်မြင်ဖြစ်ထွန်းမှုနှင့် ရာသီချိန်အပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ငွေးသီးသည် နှစ်ရှည်ပင်ဖြစ်သည့်အတွက် တစ်နှစ်ပတ်လုံးဝင်ငွေရရှိပြီး အကျိုးအမြတ်များရရှိကာ မိသားစု အပိုဝင်ငွေရရှိကြောင်း ငွေးသီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။ ■

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

## ၇-၇-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား ငါး (တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၄၂၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၂၈၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၃၀၀၀ | - | ၁၇၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၆၉၃၇ | ၁၈၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၃၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | ၃၆၀၀၀ | ၂၂၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၄၀၀၀ |
| ၅ | ဘားအံ | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၆၈၅၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၃၀၀၀ |
| ၆ | မော်လမြိုင် | ၂၈၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၆၇၆၅ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၂၀၀ | | ၅၅၀၀ | ၂၂၀၀၀ | ၇၁၇၅ | ၁၄၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | | ၆၀၀၀ | ၇၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၃၉၅ | ၁၅၀၀၀ | ၂၄၀၀ | ၁၀၀၀၀ | ၁၁၅၀၀ | | ၅၅၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၇၀၀၀ | ၄၁၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၄၀၀ | ၁၂၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၅၄၀၀ | ၂၁၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၃၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၈၅၀ | ၂၁၀၀၀ | ၆၈၀၀ | ၈၅၀၀ | ၁၇၀၀ | ၉၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၄၂၀၀ | ၅၃၀၀ | ၁၈၀၀၀ | ၂၉၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၅၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၂၇၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၆၀၀ | ၁၈၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၂၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၂၂၀၀ | ၉၆၀၀ | ၇၂၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၃၁၀၀၀ | ၃၂၀၀၀ | ၁၅၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၁၁၅ | ၁၂၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၅၀၀ | ၉၂၀၀ | ၆၈၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၁၃၀၀ | ၁၂၀၀၀ | | ၁၆၀၀၀ | ၄၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၁၄၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၆၉၁၀ | ၁၁၅၀၀ | ၁၄၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၈၈၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၆၈၂၅ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၇၀၀ | ၉၀၀၀ | ၃၉၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၈၂၅ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၇၀၀ | ၉၀၀၀ | ၃၈၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၉၆၀၀ | ၆၇၂၆ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၁၂၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၁၀၀၀ | ၆၄၀၀ | ၈၂၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၆၆၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၀၀၀ | ၁၅၆၀၀ |
| ၁၉ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၉၈၀၀ | ၆၇၂၆ | ၁၆၀၀၀ | ၂၀၀၀ | ၁၀၄၀၀ | ၁၁၅၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၁၄၀၀ | ၆၄၀၀ | ၈၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၆၈၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၅၈၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၉၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၂၀၀၀၀ |

## "လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အိမ်အမှတ် (၅၁၆) တွင်နေထိုင်သော ဦးနေလင်းအောင် နိုင်ငံသားမှတ်ပုံတင်အမှတ်[၁၂/ဗဟန(နိုင်)၀၈၈၉၅၆]နှင့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အိမ်အမှတ် (၄၅၉) တွင်နေထိုင်သော ဦးပြည့်ဖြိုးအောင် နိုင်ငံသားမှတ်ပုံတင်အမှတ်[၁၂/ဗဟန(နိုင်)၁၉၉၁၄၂] သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number – T/2025/002726 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်၏ မူပိုင်ရှင်များ ဖြစ်ပါသည်–

**Application Number – T/2025/002726**

အထက်ဖော်ပြပါ "MOBILE CITY" ဟူသောအမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် မိုဘိုင်းဖုန်းနှင့်ဖုန်း accessories အမျိုးမျိုးအား လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချသည့်အရောင်းဆိုင်ခန်းများ ဖွင့်လှစ်ခြင်း၊ Online မှ တစ်ဆင့်ရောင်းချပေးခြင်းတို့ကို မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မိုငြမ်းတုပသုံးစွဲခြင်း၊ လုပ်ငန်းတူလုပ်ကိုင်ခြင်း၊ အမည်တူ/လုပ်ငန်းတူ ဆိုင်ခန်းများဖွင့်လှစ်ခြင်း၊ တစ်နည်းနည်းအားဖြင့် တိုက်ရိုက်ဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်/မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မိုငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးနေလင်းအောင်နှင့် ဦးပြည့်ဖြိုးအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးမင်းမင်းသိမ့်** (LL.B,D.B.L,D.I.L,D.M.L.D.I.P.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၅၃၇)

**ဒေါ်ဇင်မာအောင်** (LL.B,LL.M) အထက်တန်းရှေ့နေ (စဉ်–၅၂၆၄၆)

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၀၉၈၉၄၂၊ ၀၉–၇၉၅၉၂၁၉၃၂**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်၊ ပုလဲလမ်းသွယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်(၂၀၂)၊ အကျယ်အဝန်း(၆၀x၆၀)ပေ၊ ဧရိယာ(၀.၀၈၂)ကေရှိ ဦးကျော်မြင့်ခိုင်+ ဒေါ်ကြည်မေလွင်တို့အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်ပါမြေကွက်အား ဂရန်အမည်ပေါက်ပိုင်ရှင် ဦးကျော်မြင့်ခိုင် [၁၄/ကပန(နိုင်)၁၁၀၆၁၀]နှင့် ဒေါ်ကြည်မေလွင် [၁၂/အစန(နိုင်)၁၇၈၇၃၄] တို့မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤအရောင်းအဝယ်ကို ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးဝင်းမျိုး ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်း(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၅၂၈၆၀၄၂၊ ၀၉–၇၆၀၈၁၁၇၇၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ အတွင်းပဒံရပ်ကွက်၊ ကျောက်လမ်း၊ မြေတိုင်းအမှတ်–သကတ(၁၆)၊ မြေကွက်အမှတ်–(၃၂၂) ၊ပါမစ်မူရင်း ဒေါ်စန်းခင် (ဘ)ဦးလှသောင်း အမည်ပေါက်ဖြစ်ပြီး **ဦးကျော်ဝင်းထွန်း [၁၂/လသယ(နိုင်) ၀၇၃၂၇၉]** ဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်မေဖူးထက် [၁၄/မမက(နိုင်)၁၇၉၄၇၇]**မှ တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားသည့် အကျယ်အဝန်း(၄၀x၆၀)ပေ အိမ်ခြံမြေကွက်အား ကာလပေါက်ဈေး ပေးချေကာ တရားဝင်ဝယ်ယူကာ လက်ရောက်ရယူပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာမှတ်စာတမ်း အထောက်အထား (မူရင်း) အပြည့်အစုံနှင့်အတူ ဤကြေညာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်မေဖူးထက် ၏လွှဲအပ်ချက်အရ–**
**ဦးဝင်းမင်းဗိုလ် (LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၈၅၉)**
**အမှတ်–(၁၅၈/ခ)၊ ပေ–၂၀လမ်း၊ အတွင်းပဒံကျေးရွာ၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉–၂၅၈၁၁၁၇၁၃၊ ၀၉–၆၈၉၆၈၈၈၈၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကော့မှူးမြို့နယ်၊ အဖျောက်ကျေးရွာအုပ်စု၊ ရွာသာယာကျေးရွာ၊ ကွင်းအမှတ်–၂၈၄–C၊ ကွင်းအမည်–တောင်သလဲစမ်းကွင်း၊

(၁) ဦးပိုင်အမှတ် (N.၁၁/၁)၊ ဧရိယာ (၁၅.၅၀) ကေရှိ ဦးနိုင်လင်းထွန်း အမည်ပေါက် မြေကွက်

(၂) ဦးပိုင်အမှတ် (N.၂၈/၂)၊ ဧရိယာ(၁.၁၀)ကေရှိဦးအောင်မြင့် အမည်ပေါက် မြေကွက်တို့အား ဝယ်ယူလက်ရောက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသော ယခုရောင်းချသူ ဦးနိုင်ဝင်းထွန်း [၁၂/ကမန(နိုင်)၀၈၉၇၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဖုန်းပြည့်ဇင် [၁၄/ကလန(နိုင်)၁၅၅၅၈၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာဖြိုး (LL.B) အထက်တန်းရှေ့နေ (စဉ်–၄၀၇၁၄)**
**ဖုန်း–၀၉–၂၅၀၅၁၆၉၈၀**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာ၊ ညောင်အုပ်ကြီးအရှေ့ကွင်း၊ ကွင်းအမှတ်(၅၁၉က)၊ ဦးပိုင်အမှတ်(N/၁၁)၊ ဧရိယာ(၀.၃၈)ကေ၊ ဦးကိုကိုလွင် အမည်ပေါက် အကျယ်အဝန်း (၁၅၀x၁၀၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးကျော်မင်းဦး[၁၃/ဟပန(နိုင်)၀၈၄၂၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းဝေမွန်ဦး [၇/ရကန(နိုင်)၀၄၈၅၉၇]က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းဝေမွန်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မဥ္ဇူကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၀၆၇)**
**အမှတ်(အ/၃၁၁)၊ ကမ်းနားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၁၀၉၃၁၆၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ အိုးဘိုအနောက်ရပ်ကွက်၊ ကွင်းအမှတ်(၇၉–ဘီ)၊ အိုးဘိုကုလားတန်းကွင်း၊ ဦးပိုင်အမှတ်(၆)၊ မြေကွက်အမှတ်(၁၁၉)၊ ဧရိယာ(၀.၁၀၄)ကေရှိ **ဦးမိုးဇော်အောင်** အမည်ပေါက်မှ **ဒေါ်ယင်းမာ(ဘ)ဦးတင်နွယ် မှတ်ပုံတင်အမှတ် [၁၂/တတန(နိုင်)၂၀၇၉၀]** ကိုင်ဆောင်သူ အမည်သို့ ပြောင်းလဲသွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူတို့မှ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄ )ရက်အတွင်း တွံတေးမြို့နယ် မြေစာရင်းဦးစီးဌာနရုံးတွင် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါက အမည်ပြောင်းလဲခြင်း လုပ်ထုံးလုပ်နည်းဥပဒေများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ တွံတေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ သခင်ခင်ဇော်(၂)လမ်း၊ မြေကွက်အမှတ်(၉၄၀)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးမောင်ထွန်း အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၂၀x၆၀)ပေ ပါမစ်မိတ္တူခြမ်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးညဏ်ထက်အောင်[၁၂/ဒဂရ(နိုင်)၀၁၇၃၄၂]၊ ဦးမြတ်သူကျော်[၁၂/ဒဂရ(နိုင်)၀၁၉၁၅၇]တို့မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေဝင်းဦး[၁၀/မလမ(နိုင်)၁၁၄၈၃၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြေညာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း (LL.B) DL.101 WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၇၇၆၅၅၁၆၉**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ ရတနာပုံလမ်း၊ မြေကွက်အမှတ်(၆၃၀)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးသိန်းစိုး(YDN–၀၉၆၈၅၀)အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသက်ပိုင်ဇော်[၁၂/ဒဂတ(နိုင်) ၁၆၆၈၆၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** (LL.B, D.L.L)

**ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** (LL.B,D.B.L,D.I.L,WIPO switzerland)

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(နွယ်အေး)၊ နွယ်နီ(၄)လမ်း၊ မြေကွက်အမှတ်(၃၂၁)၏ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၅)ထပ်တိုက် အမျိုးအစားဖြစ်ပြီး ၎င်းတိုက်၏ မုန်ခန်း (ခြေရင်း)ဘက်ခြမ်း၊ အကျယ်အဝန်း(၁၂x ၅၀)ပေရှိ လူနေတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ရူကီယာဘီ(TGKN–၀၅၆၁၉၃) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** (LL.B,D.I.L)

**ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** (LL.B,D.B.L,D.I.L,WIPO Switzerland)

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၅၇၇၅၁၂၄၁**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ထန်းပင်ကုန်းရပ်ကွက်၊ ဖို့မြေလမ်း၊ အမှတ်(၁၉)ဟုခေါ်တွင်သည့် သန်လျင်မြို့၊ ထန်းပင်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ ထန်းပင်ကုန်းမြောက်ကွက်၊ ဦးပိုင်အမှတ်(၂/မ)၊ ဧရိယာ(၀.၀၁၂) ကေရှိ ဦးဘစိုး၊ ဒေါ်လှကျင် အမည်ပေါက်မြေနှင့် ဦးပိုင်အမှတ်(၃/က)၊ ဧရိယာ(၀.၀၄၃)ကေရှိ AKRMM ချန္ဒီးယား အမည်ပေါက် (မြို့မြေ)စုစုပေါင်း ဧရိယာ(၀.၀၅၅)ကေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဦးတာ(ခ)ဦးမြင့်လွင်(ခ)ဦးဘစိုး [၁၂/သလန(နိုင်)၀၁၇၁၀၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လဲ့လဲ့စန်း (ဘ) ဦးစံမြင့် [၁၂/သလန(နိုင်)၀၉၂၂၇၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း၊ အရောင်းအဝယ်ကတိစာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လဲ့လဲ့စန်း ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း–၀၉–၅၁၈၅၁၆၇**

## အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ သရဖီလမ်းမ၊ အမှတ်(၄၈၈/က)တွင်(၃၈x၅၀ပေ) (၂)ခန်းတွဲ၊ (၅)ထပ်တိုက်ဆောက်လုပ်ရန် မြေရှင် ဦးဇော်လှမင်းနှင့် ကန်ထရိုက်တာ ဦးဝေဖြိုးအောင်တို့ ချုပ်ဆိုထားသည့် အခန်းပေးအခန်းယူစာချုပ်၏ အပိုဒ်(၃)တွင်** အခန်းရောင်း၊ အခန်းဝယ်နှင့် ငွေပေး၊ ငွေယူများကိုင်တွယ်ရန် ဘဏ္ဍာရေးမှူးအဖြစ် ဒေါ်စောစန္ဒာအောင် [၁၂/မရက(နိုင်) ၁၅၁၅၂၁] အား တာဝန်ပေးအပ်ထားရာမှ (၃–၇–၂၀၂၅)ရက်နေ့မှစ၍ ၎င်း၏တာဝန်ကို ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါသောကြောင့် နောက်နောင်တွင် အထက်ပါ ကန်ထရိုက် အဆောက်အဦနှင့် ဒေါ်စောစန္ဒာအောင်မှာ ပတ်သက်ဆက်နွယ်မှု အလျဉ်းမရှိတော့ပါကြောင်း၊ ပြဿနာအရှုပ်အရှင်း တစ်စုံတစ်ရာပေါ်ပေါက်လာပါကလည်း ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စန်းစန်းထွေး(LL.B)** (စဉ်– ၇၉၄၅)

**ဦးအောင်ချစ်တိုး(LL.B)** (စဉ်– ၁၉၁၃၀)

**တရားလွှတ်တော်ရှေ့နေများ**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၀၇၆၃၁၉၊ ၀၉–၄၄၈၀၁၁၀၈၈**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၅၁)၊ မြေကွက်တည်နေရာအမှတ်(၅၁)၊ ကြာပဒုမ္မာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးဘညွှန့် [၁၂/ဥကတ(နိုင်)၀၄၆၄၄၉]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဦးဘညွှန့် (ဖခင်) နှင့် ဒေါ်စန်းတင် (မိခင်)တို့ ကွယ်လွန်သဖြင့် ဦးရဲထွဋ်မှ [၁၂/ဥကတ(နိုင်)၀၄၆၄၄၈]၊ ဦးအောင်ဖူး [၁၂/ဥကတ(နိုင်)၀၄၆၄၅၀]၊ ဒေါ်မို့မို့လွင် [၁၂/ဥကတ(နိုင်)၁၄၀၈၃၂]တို့မှ သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ အမှတ်–၁၅၈၉/၂၀၂၅ (၂၉–၄–၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှု အပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ကိုယ်စား)**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | လျှောက်ထားသူ | | လျှောက်ထားသည့် | | | | | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | လိပ်စာ | |
| ၁။ | ဒေါ်ကြည်ကြည်တင် | ၁၃/လရန(နိုင်)၀၀၆၈၇၉ | ဒဂုံမြောက် | ၄၆ | ၁၅၀၀ | ဒေါ်အေးအေးနိုင်+၁ | ၁၅၀၀၊ မင်္ဂလာသုခ(၁)လမ်း၊ (၄၆)ရပ်ကွက် | အမည်ပြောင်း |
| ၂။ | ဦးအောင်ဝင်း | ၁၂/ဗတထ(နိုင်)၀၂၅၀၇၅ | အင်းစိန် | ၃၉၉/က+၃၉၉ထက်ခမ်း | ၁၁၅/K | ဒေါ်ခင်ငွေးမြင့် | ၁၁၅/K ၊ သီရိမင်္ဂလာလမ်း၊ မြို့တော်ဂေါက်ကွင်း | အမည်ပြောင်း |
| ၃။ | ဦးတင်လှ | ၁၂/သကတ(နိုင်)၁၀၅၄၃၃ | ဒဂုံတောင် | ၁၈ | ၂၆၃ | ဒေါ်လွန်းရှင် | ၂၆၃၊ ပုလောလမ်း၊ (၁၈)ရပ်ကွက် | အမည်ပြောင်း |
| ၄။ | ဦးဟွမ်တေ(ခ)ဦးကျော်ဝင်း | ၁၃/လရန(နိုင်)၁၆၅၃၂၅ | ဒဂုံမြောက် | ၄၄ | ၁၈၈ | ဦးအောင်ကျော်ထူး | ၁၈၈၊ ကျောက်စိမ်း(၅)လမ်း၊ (၄၄)ရပ်ကွက် | အမည်ပြောင်း |
| ၅။ | ဦးဟန်စန်း | ၁၄/ပပတ(နိုင်)၀၈၅၆၄၅ | ဒဂုံတောင် | ၇၁ | ၁၈၁၂/ခ | ဒေါ်ချိုချိုလွင် | ၁၈၁၂/ခ၊ မင်းရဲကျော်စွာလမ်း၊ (၇၁)ရပ်ကွက် | အမည်ပြောင်း |
| ၆။ | ဦးအောင်စိုးဝင်း+၁ | ၁၂/စခန(နိုင်)၀၀၀၅၆၃ | ဒဂုံမြောက် | ၂၉ | ၅၈၆ | ဒေါ်သန်းအေး | ၅၈၆၊ နွယ်သာကီ(၄)လမ်း၊ (၂၉)ရပ်ကွက် | အမည်ပြောင်း |
| ၇။ | ဒေါ်ဝေဝေလှိုင် | ၁၂/ဒဂဆ(နိုင်)၀၂၂၁၃၉ | သာကေတ | ၉ | ၁၁၁၁/က | ဦးသန်းမြင့် | ၁၁၁၁/က၊ နဝရတ်ပတ်လမ်း၊ (၉)ရပ်ကွက် | အမည်ပြောင်း |
| ၈။ | ဦးခင်မောင်ကြည်+၃ | ၁၂/ရကန(နိုင်)၀၆၃၄၅၈ | မင်္ဂလာတောင်ညွန့် | ၁၂F | V ၄၀ | ဒေါ်ယဉ်ယဉ်ဦး | ၄၇(ဂရ)လမ်း၊ကန်တော်ကလေး(အနောက်)ရပ်ကွက် | ဂရန်သက်တမ်းတိုး |
| ၉။ | ဒေါ်နုနုအေး | ၅/ပလန(နိုင်)၀၇၄၇၃၉ | မြောက်ဥက္ကလာ | ၈ | ၁၇၅(က) | ဒေါ်ကေဇင်ဝင်း | ၁၇၅(က)၊ ဝဇီရာ(၄)လမ်း၊ (၈)ရပ်ကွက် | အမည်ပြောင်း |
| ၁၀။ | ဒေါ်ဥမ္မာဦး | ၁၂/အစန(နိုင်)၀၂၄၆၀၃ | ဒဂုံမြောက် | ၄၁ | ၁၃၆၁/ခ | ဦးအောင်ကျော်ကျော် | ၁၃၆၁/ခ၊ ငွေမြိုင်လမ်း၊ (၄၁)ရပ်ကွက် | ဂရန်ခွဲ |
| ၁၁။ | ဒေါ်ဆုဝေအောင် | ၁၂/ပဇတ(နိုင်)၀၃၁၁၅၄ | ဒဂုံမြောက် | ၄၅ | ၅၄၆/က | ဒေါ်ခင်ဝင်း | ၅၄၆/က၊ ဦးတင်အေးလမ်း၊ (၄၅)ရပ်ကွက် | ဂရန်ခွဲ |
| ၁၂။ | ဒေါ်စိုးယုယုနွယ် | ၁၂/မရက(နိုင်)၁၄၉၄၂၆ | ဒဂုံမြောက် | ၄၅ | ၅၄၆/ခ | ဒေါ်ခင်ဝင်း | ၅၄၆/ခ၊ ဦးတင်အေးလမ်း၊ (၄၅)ရပ်ကွက် | ဂရန်ခွဲ |
| ၁၃။ | ဒေါ်ခင်သီတာ+၂ | ၁၃/တကန(နိုင်)၁၂၁၅၆၂ | မင်္ဂလာတောင်ညွန့် | ၁၁P | V ၁၉ | ဒေါ်အမီနာဘီဘီ(ခ) ဒေါ်ငွေးငွေးမြင့် | ၁၁၊ (၁၂၆)လမ်း၊ သပြေကုန်းရပ်ကွက် | ဂရန်သက်တမ်းတိုး |
| ၁၄။ | ဒေါ်ခင်ခင်သန်း | ၁၂/မဂတ(နိုင်)၀၀၄၆၈၉ | မင်္ဂလာတောင်ညွန့် | ၁၁L | ၁၅ | ဒေါ်ခင်ခင်သန်း | ၁၀၄၊ မဟာသုခလမ်း၊ ကျိုက်တော်ရပ်ကွက် | ဂရန်သက်တမ်းတိုး |
| ၁၅။ | ဦးအောင်ကိုဝင်း | ၁၂/သဃက(နိုင်)၀၃၇၁၅၈ | တောင်ဥက္ကလာ | ၁၂ | ၄၂၄ | ဒေါ်တင်တင်အောင်၊ဒေါ်ခင်အေးမ၊ ဦးဖြိုးမောင်မောင်၊ဒေါ်အေးအေးမြင့် | ၄၂၄၊ ရတနာလမ်းနှင့် မာဃလမ်းထောင့်၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာ | အမည်ပြောင်း |
| ၁၆။ | ဒေါ်ခင်သိန်းဝေ | ၁၂/ဥကတ(နိုင်)၀၃၃၇၉၆ | ဒဂုံတောင် | ၂၀ | ၁၄၀၅/က | ဦးအောင်စိုး | ၁၄၀၅/က၊ မြို့မလမ်း၊ (၂၀)ရပ်ကွက် | အမည်ပြောင်း |
| ၁၇။ | ဦးမျိုးဝင်း | ၁၂/မဂတ(နိုင်)၀၇၀၂၄၅ | မင်္ဂလာတောင်ညွန့် | ၁၁G1 | V ၈၄ | Hazaru Bee Bee(alias) Budima | ၅၅၊ (၁၀၁)လမ်း၊ ဗိုလ်မြေရပ်ကွက် | ဂရန်သက်တမ်းတိုး |

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်
သွေးဖြင့်
အသက် ကယ်ပါ

## အမည်ပြောင်း

ဦးဇေယျာမင်း [၁၂/ဥကတ(နိုင်)၁၅၁၃၇၆]၏ သမီး ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အောင်ကိုယ်ပိုင် အထက်တန်းကျောင်း Grade(5) မှ မသွန်းစုစံသာအား မသွန်း ဆုစံသာဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

EDU ကိုယ်ပိုင်ကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မောင်ဇေယျာဟိန်း ကျော်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်အောင် [၈/ရစက(နိုင်)၁၃၇၇၄၄] ဖြစ်ပါကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## အခြေခံကျန်းမာရေးတက္ကသိုလ်
## မကွေးမြို့
## ကျန်းမာရေးမဟာသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)
## (MCommH) သင်တန်း
## လျှောက်လွှာခေါ်ယူခြင်း

၁။ (၂၀၂၆)ပညာသင်နှစ်အတွက် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) တွင် ဖွင့်လှစ်သင်ကြားမည့် ကျန်းမာရေးမဟာသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး) (၁)နှစ်သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **လိုအပ်သော အရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) (သို့မဟုတ်) ပုံမှန်လက်ထောက်ကျန်းမာရေးမှူးသင်တန်း (RHA) (သို့မဟုတ်) လက်ထောက် ကျန်းမာရေးမှူး(အကျဉ်းချုံး) (CHA) သင်တန်း တက်ရောက် အောင်မြင်ပြီး B.Sc / B.A ဘွဲ့ရရှိသူဖြစ်ရမည်။

(ဂ) ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) ရရှိသူသည် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ပုံမှန်လက်ထောက်ကျန်းမာရေးမှူးသင်တန်း(RHA) (သို့မဟုတ်) လက်ထောက်ကျန်းမာရေးမှူး (အကျဉ်းချုံး)(CHA) သင်တန်း ဆင်းပြီး B.Sc / B.A ဘွဲ့ရရှိသူသည် လျှောက်လွှာပိတ်သည့်ရက်တွင် ပုံမှန် လက်ထောက်ကျန်းမာရေးမှူးသင်တန်း (RHA) (သို့မဟုတ်) လက်ထောက်ကျန်းမာရေးမှူး(အကျဉ်းချုံး) (CHA) သင်တန်း တက်ရောက်အောင်မြင်ပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၃)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။

(င) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(စ) ကျန်းမာရေးမဟာသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး) ရရှိပြီးနောက် အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၂၉-၈-၂၀၂၅)ရက် (သောကြာနေ့)ဖြစ်သည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။

သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ ကြိုတင်မိတ္တူ (၁)စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ အခြေခံကျန်းမာရေး တက္ကသိုလ်(မကွေး) ပါမောက္ခချုပ်ထံသို့ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၆။ ဝင်ခွင့် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို အခြေခံကျန်းမာရေး တက္ကသိုလ်(မကွေး)၌ **(၁၇-၁၀-၂၀၂၅)ရက် (သောကြာနေ့)**တွင် ကျင်းပမည်ဖြစ်သည်။

၇။ ကျန်းမာရေးမဟာသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ် ၁၀၀၀/- (ကျပ်တစ်ထောင်တိတိ) ကို အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ မြန်မာ့စီးပွားရေးဘဏ်(မကွေး)တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်၊ MD-(011088)သို့ ပေးသွင်းရမည်။ (**မှတ်ချက်။** မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် (မကွေး)တွင် ဖွင့်လှစ်ထားသည့် အခြေခံကျန်းမာရေး တက္ကသိုလ်(မကွေး)၏ ငွေစာရင်းအမှတ် MD-(011088) သို့ လိပ်မူ၍ ငွေလွှဲ စနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၈။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ(၂)နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၉။ သင်တန်းကို တက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့် မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်း ပြုသည်ဖြစ်စေ/မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးဆောင်ရမည်။

၁၁။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အခြေခံကျန်းမာရေး တက္ကသိုလ်(မကွေး)၏ Website: www.uch.gov.mm တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။ (သို့မဟုတ်) အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) ၏ ဖုန်းနံပါတ် ၀၉-၉၆၂၀၂၉၂၃၅၊ ၀၉-၂၅၆၁၄၄၃၈၆သို့ ဆက်သွယ် မေးမြန်း စုံစမ်းနိုင်ပါသည်။

**အခြေခံကျန်းမာရေးတက္ကသိုလ်**
**မကွေး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/ဘီ-၅)၊ မြေကွက်အမှတ်(၃၄၆)၊ လူနေရပ်ကွက်အမှတ်-ပေါင်းငူဉာဏ၊ မြေပေအကျယ် အလျား (၈၅'၆"/၉၃' x အနံ ၁၄၆'/၁၃၈'၆")၊ ဧရိယာ(၀.၃၀၇) ဧက၊ (၁၃၄၀၇) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၄၆)၊ စိန်ပန်းမြိုင်လမ်း၊ ပေါင်းငူဉာဏရပ်ကွက်၊ ရွှေနံ့သာကုန်းကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနရှိ မြေစာရင်းတွင် ဦးမျိုးလွင် [၅ /ဆလက(နိုင်)၀၀၃၀၃၂]အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက် ဦးမျိုးလွင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းခိုင် [၇/ တငန (ပြု) ၀၀၀၁၄၀] က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထား မူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဥမ္မာခင်(LL.B, D.I.L, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၄၅)**
**တိုက် (A3)၊ အခန်း(၂၀၉)၊ ဗညားဒလလမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၃၁၁၉၈၄၅၊ ၀၉-၉၆၄၁၁၉၈၄၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ မဇ္ဈူလမ်း၊ အမှတ်(၄၉၇/က)၊ မြေအကျယ်အဝန်း(အလျား၂၀xအနံ၆၀)ပေရှိ (ပါမစ်မူရင်း)မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးကံထူး(CE-၁၆၉၀၂၄)အမည်ဖြင့် မှတ်သားထားပြီး၊ လက်ရှိပိုင်ဆိုင်ထားသော ဦးမင်းဌေး(ခ) ဒေါက်တာမင်းသန့်[၁၂/မဘန(နိုင်)၀၀၂၁၃၁]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန် ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွယ်နီခမ်းမိုင်[၁၂/ဥကတ(နိုင်) ၁၅၇၄၇၆]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## တစ်ဦးတည်းဖြစ်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ပြည်လမ်းမပေါ် အိမ်အမှတ်-၁၆၉ (A) နေ ဒေါ်သင်းသင်းအိ (၉/မမန (နိုင်) ၀၈၇၄၆၀)ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းအိ၏ သားဖြစ်သူ ကျော်ဝေယံ(ခ) စိုင်းဝေယံတို့မှာ တစ်ဦးတည်းဖြစ်ပြီး (ယနေ့)မှစ၍ ကျော်ဝေယံဟု အမည် ပြောင်းလဲ ခေါ်ဆိုပါရန်အများသိစေရန် ကြော်ငြာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးချမ်းဆွေ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၉၄)
အမှတ်-၁၄၊ ဝေဠုဝန်(၂)လမ်း
၁၀/တောင်ပိုင်းစမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉၂၅၃၉၉၅၄၄၈၊ ၀၉၇၅၁၄၈၀၈၆၈

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၈၇) တို့တွင်ရှိသော ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန် (၂)၊ C-9 လမ်း၊ အကွက်အမှတ်(၅၃၉)၊ ဧရိယာ အကျယ်အဝန်း ၅ ဧက (၁ယူနစ်) အား မူလအမည်ပေါက်ပိုင်ရှင် **ဦးမြင့်အောင် [၁၀/မလမ(နိုင်)၁၅၉၈၆၅]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုင်းသက်အောင်ထွန်း [၁၂/လမန(နိုင်)၁၃၈၈၃၈] မှအပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ စာရွက်စာတမ်း မူရင်းအထောက်အထား စုံလင်စွာဖြင့် ဆက်သွယ် ကန့်ကွက်လိုပါကြောင်းနှင့် ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်နှင့်လုပ်ကိုင်ခွင့် အမည်ပြောင်းလဲခြင်းကိစ္စရပ်တို့အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစိုင်းသက်အောင်ထွန်း ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြမဥ္ဇူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၃၈)**
**အမှတ် (၉/၁၁)၊ အခန်း (၂၀၄-B)(၃၆)လမ်း (အောက်)၊**
**ကျောက်တံတားမြို့နယ်။ ၀၉-၄၀၁၆၀၁၇၉၇၊ ၀၉-၄၂၀၀၄၅၉၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၇၀)၊ အောင်သပြေလမ်း၊ အမှတ်(၇၀/က) ဟုခေါ်တွင်သော ပါမစ်မြေအမျိုးအစား ဦးမြင့်ဦး (AB-၀၃၂၉၄၁)အမည်ပေါက် အကျယ်အဝန်း (အလျား ၄၀ပေ x အနံ ၆၀ပေ)အကျယ်ရှိ မြေအနက်မှ ခေါင်းရင်းဘက်အခြမ်း၊ (အလျား ၂၃ပေ x အနံ ၆၀ပေ)အကျယ်ရှိ အိမ်နှင့်မြေ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်မြသူဇာအေး [၇/လပတ(နိုင်)၀၉၂၆၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသီတာအောင် [၁၂/မဂဒ(နိုင်)၁၄၀၃၅၁]မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်အဖြစ် ရောင်းဖိုးစရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်းအိမ်မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လွင်မာဦး (LL.B)** **ဒေါ်ဖြူဇင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၁၁) အထက်တန်းရှေ့နေ (စဉ်-၄၈၁၉၆)**
**ဖုန်း- ၀၉-၂၅၉၆၈၆၀၈၈**
**အမှတ်(၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## တော
## တောင်
## ပျက်
## ပြုန်း
## မြေဆီ
## သုဉ်း၏

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်-၁၄၈/၁၅၂၊ ၃-လွှာ + ၄ လွှာ (ဝဲ) ဘက်၊ တိုက်ကို မျက်နှာမူလျှင် - ညာဘက်၊ အကျယ်အဝန်း (၁၅ ပေx၅၀ ပေ) စီရှိ တိုက်ခန်း (၂) ခန်းနှင့် ယင်းတိုက်ခန်း (၂) ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူ/အမွေဆက်ခံပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော (၁) ဒေါ်မေမွန် [၁၂/ကတတ(နိုင်)၀၀၅၅၆၇]၊ (၂) ဦးဖိုးထောင် [၁၂/ကတတ(နိုင်)၀၀၅၅၇၅]၊ (၃) ဦးဘိုပြုံး [၁၂/ကတတ(နိုင်)၀၀၅၅၈၅]၊ (၄) ဒေါ်မမ [၁၂/ကတတ(နိုင်)၀၀၅၅၆၀]၊ (၅) ဒေါ်မမလေး [၁၂/ကတတ(နိုင်)၀၀၅၅၆၆]၊ (၆) ဦးမောင်မောင်လေး [၁၂/ကတတ (နိုင်) ၀၀၅၅၈၆] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်း (၂) ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်း (၂)ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ)၊ အထက်မန္တလေးလမ်းသွယ် (၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## (၁-၇-၂၀၂၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ-၂၂ ပါ Royal MKT Partner Company Limited ၏ ဒါရိုက်တာ ဦးဝိုင်းခန့်မွန်၏ လွှဲအပ်ချက်အရ ဒေါ်အိဖြူလွင် (တရားလွှတ်တော်ရှေ့နေ)၏ ဒေါ်မျိုးသန္တာမင်းနှင့် အများသိစေရန် ကြေညာခြင်းအပေါ် ရှင်းလင်းပြန်ကြားခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မျိုးသန္တာမင်း သည် Golden Dragon Trading Co.,Ltd ၏ မန်နေဂျင်းဒါရိုက်တာဖြစ်ပါသည်။ Golden Dragon Trading Co.,Ltd သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသော စက်သုံးဆီသယ်ယူ ပို့ဆောင်ရေးကုမ္ပဏီဖြစ်ပြီး ကုမ္ပဏီအား ၂၀၁၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ကုမ္ပဏီသည် စက်သုံးဆီသယ်ယူဖြန့်ဖြူးပို့ဆောင်ရေးလုပ်ငန်းအား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် မြန်မာပြည်အနယ်နယ်အရပ်ရပ်ရှိ စက်ရုံ၊ အလုပ်ရုံ၊ စက်မှုဇုန်စသည့် မိတ်ဖက်လုပ်ငန်းကုမ္ပဏီများသို့ စက်သုံးဆီများအား သယ်ယူပို့ဆောင် ဖြန့်ဖြူးခြင်းဖြစ်ပါသည်။ ဦးဝိုင်းခန့်မွန်သည် Golden Dragon Trading Co.,Ltd တွင် ကုမ္ပဏီဝန်ထမ်းအဖြစ် ၂၀၂၀ ခုနှစ်မှစတင်၍ Marketing ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ကြောင်း (၁၉-၄-၂၀၂၃) ရက်နေ့တွင် မိမိသဘောဆန္ဒအလျောက် ကုမ္ပဏီမှ နုတ်ထွက်ခဲ့ပြီးဖြစ်ကြောင်း၊ Golden Dragon Trading Co.,Ltd ၏ လုပ်ထုံးလုပ်နည်းအရ ကုမ္ပဏီတွင် ခန့်အပ်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းတိုင်းအား ကုမ္ပဏီ၏စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာ၍ လုပ်ကိုင်နိုင်မှသာ ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းဖြစ်ကြောင်း၊ ဦးဝိုင်းခန့်မွန်သည် ဝန်ထမ်းစည်းကမ်းချက်ဖြစ်သော " အလုပ်ရှင်နှင့်ဝန်ထမ်းနှစ်ဖက်သဘောတူညီမှုများအရ ကုမ္ပဏီတွင် ဆက်လက်လုပ်ကိုင်ခြင်းမရှိသည့်နေ့ရက်မှစ၍ နောက် (၃) နှစ်အတွင်း အလုပ်ရှင်ထံလုပ်ကိုင်ခဲ့သည့် ကာလများအတွင်းတွင် အလုပ်နှင့်ပတ်သက် ဆက်နွယ်သော Customer များ၊ အလုပ်ရှင်မှ ဆီဖြန့်ဖြူးရောင်းချလျက်ရှိသော စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ် အစရှိသည့်နေရာများ၊ မြို့နယ်များသို့ ဆက်သွယ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းများ လုံးဝမလုပ်ပါကြောင်းနှင့် ပြုလုပ်မိပါက ဝန်ထမ်းသည် အလုပ်ရှင်ထံ လျော်ကြေးအဖြစ် ငွေကျပ်သိန်း (၅၀) ပေးဆောင်ရမည်"ဟူသည့် သဘောတူညီချက်အား ဖောက်ဖျက်ခဲ့သူဖြစ်ကြောင်း၊ ထိုသို့ ဖောက်ဖျက်သည့် အတွက်လည်း Golden Dragon Trading Co.,Ltd ဘက်မှ ဦးဝိုင်းခန့်မွန်အပေါ် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံးတော်တွင် တရားမကြီးမှုအမှတ် -၁၇/၂၀၂၅ ဖြင့် တရားစွဲဆိုဆောင်ရွက်ခြင်း၊ ဦးဝိုင်းခန့်မွန် အပါအဝင် Golden Dragon Trading Co.,Ltd ၏ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်သည့် အခြားဝန်ထမ်းများအား ကုမ္ပဏီစည်းမျဉ်းအရ ရုံးတွင်းအမိန့်စာများ ထုတ်ပြန်ခြင်း၊ Golden Dragon Trading Co.,Ltd ၏ အကျိုးစီးပွားကို ကာကွယ်ရန်အလို့ငှာ စက်သုံးဆီမှာယူနေကြ ဖောက်သည်/ မိတ်ဖက်ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများသို့ အဆိုပါ ဝန်ထမ်းများနှင့် ပတ်သက်ပြီး သတိပေးအကြောင်းကြားချက်များ ထုတ်ပြန်ခြင်းစသည်တို့အား ကုမ္ပဏီ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း စသည်တို့အား Golden Dragon Trading Co.,Ltd ၏ တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြောပြချက်၊ စာရွက်စာတမ်းအထောက်အထားများအရ သိရှိရပါသည်။ ဦးဝိုင်းခန့်မွန် သည် Golden Dragon Trading Co.,Ltd မှ နုတ်ထွက်ခဲ့သည့် ၂၀၂၃ ခုနှစ်မှစတင်၍ မိမိကိုယ်ပိုင် Royal MKT Partner Company Limited ကို တည်ထောင်၍ စက်သုံးဆီမှာယူတင်သွင်း ရောင်းချသည့် လုပ်ငန်းလုပ်ကိုင်နေကြောင်း၊ ထိုသို့ စက်သုံးဆီဖြန့်ဖြူးသည့် ကုမ္ပဏီ၊အလုပ်ရုံ၊ စက်ရုံများတွင် Golden Dragon Trading Co.,Ltd ၏ မိတ်ဖက်စက်ရုံ၊ အလုပ်ရုံများလည်း ပါဝင်နေကြောင်း၊ အချို့သော စက်ရုံ၊ အလုပ်ရုံများမှာ ဦးဝိုင်းခန့်မွန်သည် Golden Dragon Trading Co.,Ltd ၏ ဝန်ထမ်းဖြစ်သည်ဟုထင်မှတ်၍ စက်သုံးဆီများအား ဦးဝိုင်းခန့်မွန်ထံမှ ဆက်လက်မှာယူ/ဝယ်ယူနေခြင်းဖြစ်ကြောင်း၊ သို့အတွက် Golden Dragon Trading Co.,Ltd ဘက်မှ မိမိကုမ္ပဏီ၏ အကျိုးစီးပွားကို ကာကွယ်သည့်အနေဖြင့်လည်းကောင်း၊ စက်သုံးဆီမှာယူနေကြဖောက်သည် စက်ရုံ၊ အလုပ်ရုံများမှ နားလည်မှုလွဲမှားမည်စိုးသည့်အတွက်လည်းကောင်း ရုံးတွင်းအမိန့်နှင့် သတိပေးအကြောင်း ကြားချက်စာများအား ထုတ်ပြန်ပေးပို့ခဲ့ခြင်းဖြစ်ကြောင်းကိုလည်း Golden Dragon Trading Co.,Ltd ၏ တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြောပြချက်၊ စာရွက်စာတမ်းအထောက်အထားများအရ သိရှိရပါသည်။ ထိုသို့ Golden Dragon Trading Co.,Ltd ၏ မိတ်ဖက်ကုမ္ပဏီ၊ လုပ်ငန်းများသို့ အသိပေးအကြောင်းကြားစာထုတ်ပြန်ချက်သည် ဦးဝိုင်းခန့်မွန်နှင့် Royal MKT Partner Company Limited တို့၏ ဂုဏ်သိက္ခာ၊ ပုံရိပ်တို့အား ထိခိုက်ညှိုးနွမ်းစေခဲ့ခြင်းလုံးဝ မရှိပါ။ Golden Dragon Trading Co.,Ltd အနေဖြင့် အဆိုပါအသိပေးချက်အား မိမိကုမ္ပဏီသို့ စက်သုံးဆီမှာယူနေကြ မိတ်ဖက်ကုမ္ပဏီများသို့သာ ရွေးချယ်ပေးပို့ခဲ့ခြင်းဖြစ်ပါသည်။ လူကြီးမင်း ဦးဝိုင်းခန့်မွန် အနေဖြင့်သာ Golden Dragon Trading Co.,Ltd နှင့်သဘောတူညီခဲ့သည့် ဝန်ထမ်းစည်းကမ်းဖောက်ဖျက်၍ Golden Dragon Trading Co.,Ltd ၏ မိတ်ဖက်ကုမ္ပဏီ၊ အလုပ်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး စက်သုံးဆီရောင်းချဖြန့်ဖြူးမှု ဆောင်ရွက်ခဲ့ခြင်းကြောင့်သာ အဆိုပါ အသိပေးစာများအားသိရှိနေခြင်းဖြစ်ကြောင်း ပေါ်ပေါက်ပြီးဖြစ်ပါသည်။ ထို့အပြင် လူကြီးမင်း၏ လွှဲအပ်ချက်အရ ကြေညာချက်တွင် ဒေါ်မျိုးသန္တာမင်းနှင့် အများသိစေရန်ဟု ဖော်ပြကြေညာထားပါသည်။ Golden Dragon Trading Co.,Ltd ဘက်မှ လူကြီးမင်းအပေါ် ဆောင်ရွက်ထားချက်များသည် ဒေါ်မျိုးသန္တာမင်း၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆောင်ရွက်ချက်ပါဝင်ခြင်းမရှိပါ။ Golden Dragon Trading Co.,Ltd ၏ Managing Director တစ်ဦးအနေဖြင့် ကုမ္ပဏီ ကိုယ်စားဆောင်ရွက်ချက်များအပေါ် လူကြီးမင်းဘက်မှ ဒေါ်မျိုးသန္တာမင်းဟူ၍ ပုဂ္ဂိုလ်ရေးအရ အမည်တပ်ကြေညာမှုသည်သာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးသန္တာမင်း၏ ဂုဏ်သိက္ခာနှင့် ပုံရိပ် ထိခိုက်ညှိုးနွမ်းစေသည့်အတွက် လူကြီးမင်း၏ ဆောင်ရွက်မှုသည် ဒေါ်မျိုးသန္တာမင်းအပေါ် တင်ရှိနေကြောင်းမှတ်ယူရပါမည်။

သို့ဖြစ်ပါ၍ လူကြီးမင်း ဦးဝိုင်းခန့်မွန်၏ လွှဲအပ်ချက်အရ ထည့်သွင်းကြေညာခဲ့သည့် (၁-၇-၂၀၂၅) ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ - ၂၂ ပါ ဒေါ်မျိုးသန္တာမင်း နှင့် အများသိစေရန် ကြေညာချက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးသန္တာမင်း နှင့် Golden Dragon Trading Co.,Ltd ဘက်မှ လက်ခံဆောင်ရွက်သွားမည်မဟုတ်ကြောင်းနှင့် လူကြီးမင်း၏ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်းအား ကြေးမုံသတင်းစာတွင် ပြန်လည်ထည့်သွင်း ကြေညာပေးရန် ဤသတင်းစာကြေညာချက်ပါဝင်သည့်နေ့ရက်မှ စတင်ရေတွက်ပြီး ရက်ပေါင်း (၃၀)အတွင်း လူကြီးမင်း ဦးဝိုင်းခန့်မွန်မှ ပြန်လည်ရုပ်သိမ်းကြောင်းအား ထည့်သွင်းကြေညာခြင်းမရှိပါက လူကြီးမင်းအပေါ် ဒေါ်မျိုးသန္တာမင်း၏ ထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်မျိုးသန္တာမင်း[၉/မနတ(နိုင်)၀၀၁၇၂၂]၏လွှဲအပ်ချက်အရ -**
**ဦးအုန်းသောင်း(LL.B)** **ဦးရောအုန်းသောင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၁၃) (၄-၁၂-၁၉၉၅) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၉၉၅) (၁၃-၁၁-၂၀၁၈)**
**အမှတ် (၅၁၂) (က/ခ)၊ (၇) လွှာ၊ အခန်း (၇၀၁)၊ ရွှေနိုင်ငံကွန်ဒို၊ သုမင်္ဂလာလမ်း၊ (၁၁) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၇၉၉၉၉၈၈၃၊ ၀၉- ၈၂၆၇၄၅၇၈**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈-ပဲမှီကုန်း၊ မြေကွက်အမှတ်-၅၀/ခ-၇-B၊ အကျယ်အဝန်း (၀.၀၆၂) ဧကရှိ ဒေါ်မေမြတ်ခိုင်အမည်ပေါက် B-မြေပိုင် (လ/န-၃၉) မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူများဖြစ်သော (၁)ဦးသက်ရှည်လင်း [၁၂/မရက(နိုင်) ၀၄၂၂၈၆] နှင့် (၂)ဒေါ်မြစန္ဒာလင်း [၁၂/မရက(နိုင်)၀၅၉၅၆၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အိမ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းထွန်း(LL.B, D.B.L)**
**တရာလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)၊**
**ရုံးခန်း (၅)၊ ပထမထပ်၊ Strand Condominium၊ အမှတ်(၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၆၃၊ မြေကွက်အမှတ်- ၅၇/၃-၁၄၄၊ အကျယ်အဝန်း (၂.၀၈)ဧကရှိ မြေကွက်တစ်ကွက်နှင့် မြေကွက်အမှတ်-၅၇/၃-၁၄၃၊ အကျယ်အဝန်း(၁.၅၁)ဧကရှိ ၁။ စွမ်းရှောက်ဖိန်း (ခ) ဒေါ်ငြိမ်းအေး [၁၃/သနန(နိုင်)၀၁၉၃၇၉] နှင့် ၂။ ဒေါ်ရန်မေယီး [၁၃/လရန(နိုင်) ၁၁၀၂၉၀]တို့အမည်ပေါက် မြေအမျိုးအစား-က-မြေ ၃ (ခ)ရပြီး မြေကွက်တစ်ကွက်၊ စုစုပေါင်းမြေကွက်(၂)ကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံသူ ဦးစိုးတင့် [၁၃/လရန(နိုင်) ၀၇၂၄၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းထွန်း (LL.B, D.B.L)**
**တရာလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ်၊ Strand Condominium၊ အမှတ်(၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ကန့်ကွက်နိုင်ကြောင်းသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဆေးရုံလမ်းတွင် ကျွန်မပိုင်ဆိုင်သော ဦးပိုင်အမှတ်-၂၉/၁၁၊ မြေဧရိယာ (၀.၀၂၆) ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်မ ဒေါ်မြသီတာဦး[၃/ဘအန(နိုင်) ၁၄၇၁၉၆] ထံမှ ဒေါ်ဥမ္မာသောင်း[၃/ဘအန(နိုင်)၁၅၆၀၇၉] မှ အပြီးအပိုင် ဝယ်ယူရန် စရန်ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် ဖော်ပြပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြေညာသည့်နေ့မှစ၍ (၁)လအတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမာလင်မြတ်ကျော် (B.A, B.Ed, H.G.P, R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၀၂၃)**
**အမှတ် ၄/၅၆၊ ကမ်းနားလမ်း၊ ဘားအံမြို့။ ဖုန်း-၀၉-၇၅၇၆၃၉၉၈၂**

## "ဦးစောထွန်းကြိုင်[၁၂/ပဘတ(နိုင်)၀၂၄၀၂၇]နှင့် ဦးမောင်ချေ[၁၁/မပတ(နိုင်)၀၃၉၉၁၁]တို့အပါအဝင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်"

"ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မုဒိတာအိမ်ရာ(၂)၊ တိုက်(၂/ဘီ)၊ အခန်း-၄၃၈"ဟုခေါ်တွင်သော တိုက်ခန်းနှင့်ပတ်သက်၍ ဦးစောထွန်းကြိုင် [၁၂/ပဘတ(နိုင်)၀၂၄၀၂၇] က (၂၅-၈-၂၀၁၁) ရက်စွဲပါစာချုပ်ဖြင့် ဝယ်ယူခဲ့၍ တော်ဝင်မိသားစုကုမ္ပဏီ "မုဒိတာအိမ်ရာ(၂)၊ တိုက်ခန်းပိုင်ရှင် အသိအမှတ်ပြုလွှာ" ၌ အမှတ်စဉ်-၀၅၅၂ ဖြင့် အမည်ပေါက်ခဲ့ပြီးနောက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ကေခိုင်ကြည်မြ [၁၂/မရက(နိုင်)၁၁၂၀၂၁]သို့ (၂၇-၆-၂၀၂၄)ရက်နေ့က ရောင်းချခဲ့ပြီး ထိုနေ့အရောင်းအဝယ်စာချုပ်၌ ဦးစောထွန်းကြိုင်၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် "၅၁၄၆/၃/၂၀၂၄" ရရှိသူ ဦးမောင်ချေ [၁၁/မပတ (နိုင်)၀၃၉၉၁၁]က အရောင်းကိုယ်စားလှယ်အဖြစ် လက်မှတ်ရေးထိုး လွှဲပြောင်းရောင်းချခဲ့၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကေခိုင်ကြည်မြက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ တိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်သူဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေသည် "တိုက်ခန်းပိုင်ရှင်အသိအမှတ်ပြုလွှာ" အမည်ပြောင်းဆောင်ရွက်ရန်အတွက် ရောင်းသူ(အမည်ပေါက်)နှင့် ရောင်းသူ၏ ကိုယ်စားလှယ်တို့အား "ဝယ်သူအမည်ဖြင့် အမည်ပေါက်ရရှိရေးအတွက် လိုက်လံဆောင်ရွက်ပေးရန်" (၁-၁-၂၀၂၅)ရက်စွဲပါ အကြောင်းကြားစာဖြင့်လည်းကောင်း၊ (၁၅-၁-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာဖြင့်လည်းကောင်း၊ အကြောင်းကြားဆင့်ခေါ်သော်လည်း ယနေ့တိုင် လာရောက်ဆက်သွယ် အမည်ပြောင်းဆောင်ရွက်ပေးခြင်းမရှိပါသဖြင့် တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီသို့ တစ်ဖက်သတ်အမည်ပြောင်းဆောင်ရွက်ရန် လျှောက်ထားခဲ့ပြီးဖြစ်ရာ ဤကြော်ငြာပါသည့်နေ့မှ ရက်(၃၀)အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီသို့ဖြစ်စေ၊ ဦးစောထွန်းကြိုင်နှင့် ဦးမောင်ချေတို့အပါအဝင် မည်သူမဆို သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ကုမ္ပဏီ၌ အမည်ပြောင်းဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်နိုင်ဦး**
**အထက်တန်းရှေ့နေ (စဉ်- ၄၆၇၁၆)**
**အမှတ် - ၁၄၀၊ ၃ - ထပ်၊ ၃၉ - လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ - ၅၀၉၂၃၉၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## ပြင်ပဆရာဝန်များအတွက်
## ဘွဲ့လွန်ဒီပလိုမာသင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ ပြင်ပဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာ Dip.Med.Sc (Family Medicine) | ၁ နှစ် |

၂။ လိုအပ်သောအရည်အချင်း
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
( ခ ) မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဒီပလိုမာ သင်တန်းအတွက် လက်ရှိတရားဝင် အထွေထွေဆေးကုသခွင့် လိုင်စင်သက်တမ်း(၂)နှစ်ပြည့်ပြီး အထွေထွေ ဆေးကုသခွင့် လိုင်စင်သက်တမ်းတိုး ကိုင်ဆောင်ထားသူ၊ အမ်ဘီဘီအက်စ် (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
( ဂ ) မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဒီပလိုမာ သင်တန်းအတွက် အသက်သတ်မှတ်ချက် မရှိပါ။
(ဃ) သတ်မှတ်ထားသော သင်တန်းကြေးများကို ပေးသွင်းရမည်။
( င ) သတ်မှတ်ထားသော သင်တန်းစည်းမျဉ်း၊စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **(၂၉-၈-၂၀၂၅)ရက် (သောကြာနေ့)** ဖြစ်ပါသည်။
၄။ လျှောက်လွှာများကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်သို့ လိပ်မူ၍ ပေးပို့လျှောက်ထားရမည်။
၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **(၁၇-၁၀-၂၀၂၅)ရက်၊ (သောကြာနေ့)** ဖြစ်ပါသည်။
၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး- ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)ကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။
(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့ တွင် ဆေးတက္ကသိုလ်(၁)၊ရန်ကုန် ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)
၇။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ် (၀၁-၈၃၇၀၉၃၈၊ ၀၁-၈၃၈၂၄၈၅၊ ၀၁-၈၂၅၁၁၃၁) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
ဆေးတက္ကသိုလ်(၁)၏ Website: https//www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃ ကံဘဲ့၊ မြေကွက်အမှတ်- $\frac{\text{၆၁/စ၂}}{B}$ + $\frac{\text{၆၁/င၂}}{B}$ + $\frac{\text{၇၈/က၂}}{B}$ ၊ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်သော အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦ၏ ပိုင်ရှင်များဖြစ်ကြသော ဒေါ်သီတာထွန်း၊ ဒေါ်အေးအေးထွန်း၊ ဒေါ်စပွာယ်ထွန်း(ခ)ဒေါ်စပါယ်ထွန်း၊ ဒေါ်စန္ဒာထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃ ကံဘဲ့၊ မြေကွက်အမှတ်- $\frac{\text{၆၁/စ၂}}{B}$ + $\frac{\text{၆၁/င၂}}{B}$ + $\frac{\text{၇၈/က၂}}{B}$ မြေပိုင်မြေကွက် (အမှတ်-၇၆/က၊ အောင်ဇေယျလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သော မြေကွက်) နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦကို ကျွန်ုပ်၏အမှုသည်များကသာ တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး လွှဲပြောင်း၊ ရောင်းချ၊ အငှားချထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို ပြုလုပ်ခွင့်ရှိပါသည်။ အခြားမည်သူတစ်ဦးတစ်ယောက်ကမှ ပိုင်ဆိုင်အကျိုးခံစားခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းပေးခြင်း၊ စီမံခန့်ခွဲခြင်းများ ပြုလုပ်ပိုင်ခွင့်မရှိပါ။ ထို့ပြင် ကျွန်ုပ်အမှုသည်များက ၎င်းတို့ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသည့် အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦနှင့်စပ်လျဉ်း၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိုယ်စားပြုဆောင်ရွက်ပေးရန် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်ပြုထားခြင်း၊ လွှဲအပ်ထားခြင်း၊ ကိုယ်စားလှယ်ပေးထားခြင်းတို့မရှိသဖြင့် အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦနှင့်ပတ်သက်၍ ကျွန်ုပ်အမှုသည်များ၏ စာဖြင့်ရေးသားခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အငှားချထားခြင်း၊ အာမခံ အဖြစ်တင်သွင်းခြင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်း၊ အကျိုးခံစားခွင့်ပေးခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို မပြုလုပ်ကြရန်နှင့် ထိုသို့ပြုလုပ်ခြင်းများကိုလည်း လက်ခံဆောင်ရွက်ခြင်း မပြုလုပ်ကြရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးတင်ယု** | **ဦးလှဖြိုးဝေ** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၈)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၉၇၁)** |
| **၀၉-၄၄၃၂၂၈၀၆၉** | **၀၉-၄၄၄၄၅၁၇၅၂** |

**အမှတ်- ၂၉၊ (တတိယထပ်)၊ (၃၅)လမ်း (အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၉/၂၀၂၅-၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ ထုတ်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-162(25-26) | Accessories for D-375 Mud Pump (8) Items | Ks |
| (၂) | DMP/L-163(25-26) | SAE VG 40 Engine Oil (70) Drums | Ks |
| (၃) | DMP/L-164(25-26) | Pipe Line Materials for Maintenance of Yangon Area Domestic Pipe Line Network (4) Items | Ks |
| (၄) | DMP/L-010(25-26)CAP (Retender) | Assorted Kinds of Shaker Screen and Cyclone for Shaker Unit (3) Groups | Ks |
| (၅) | DMP/L-014(25-26)CAP (Retender) | Spares for Drive Group (4) Groups | Ks |
| (၆) | DMP/L-022(25-26)CAP (Retender) | Spares for Caterpillar G 3516C Gas Engine Generating Set (53) Items | Ks |
| (၇) | DMP/L-023(25-26)CAP (Retender) | GM 6V 53 and GM 6V 71 Engine Assembly (2) Items | Ks |
| (၈) | DMP/L-028(25-26)CAP (Retender) | 400~510 KW Gas Engine Generating Set Complete Set (1) Set | Ks |
| (၉) | DMP/L-029(25-26)CAP (Retender) | Laboratory Equipment (2) Items | Ks |
| (၁၀) | DMP/L-040(25-26)CAP (Second Retender) | CCTV System & Accessories (2) Items | Ks |
| (၁၁) | DMP/L-046(25-26)CAP (Second Retender) | ICDD PDF-2 Software (1) No | Ks |
| (၁၂) | DMP/L-052(25-26) (Retender) | Accessories for Kwangshin , Aspro and Intermech Dispenser (4)Items | Ks |
| (၁၃) | DMP/L-078(25-26) (Retender) | PVC Anticorrosion Tape(Cold Applied)(13,000)Rolls | Ks |
| (၁၄) | DMP/L-081(25-26) (Retender) | Spares for XJ 700 Z Well Servicing Truck (60) Items | Ks |
| (၁၅) | DMP/L-082(25-26) (Retender) | Spare Parts for PLC Control Panel (3)Groups | Ks |
| (၁၆) | DMP/L-088(25-26)CAP (Retender) | 100 Pairs Telephone Cable (2) Reels | Ks |
| (၁၇) | DMP/L-123(25-26) (Retender) | Assorted Sizes of Hydraulic Hose (4) Items | Ks |
| (၁၈) | DMP/L-124(25-26) (Retender) | Electrical Materials for Mann Oil Field (6) Groups | Ks |
| (၁၉) | DMP/L-129(25-26) (Retender) | Pipe Fitting and Accessories (17) Items | Ks |
| (၂၀) | DMP/L-134(25-26) (Retender) | Assorted Sizes of Workshop Tools and Accessories (4) Groups | Ks |
| (၂၁) | DMP/L-139(25-26) (Retender) | Electrical Materials for All CNG Station (4) Items | Ks |
| (၂၂) | DMP/L-140(25-26) (Retender) | Assorted Sizes of Battery (7) Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၈ - ၇ - ၂၀၂၅ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၃ - ၇ -၂၀၂၅ ရက်နေ့ (၁၃:၀၀)နာရီ တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း-၀၉-၂၅၄၀၇၈၀၇၈/၀၉-၄၄၈၅၃၉၄၀၂**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၈၊ မြေကွက်အမှတ်-၃၆၈၊ အကျယ်အဝန်း (၄၀ ပေx၆၀ပေ) အကျယ်ရှိသည့် ဦးအေးသောင်း (S/OKA- ၀၅၂၄၅၀) အမည်ပေါက် မြေချပါမစ် မြေကွက်ထဲမှ မြေကွက်အမှတ်-၃၆၇ နှင့် ကပ်လျက်ရှိသည့် (၂၀ပေx၆၀ပေ)ရှိ ပါမစ်မူရင်းခြမ်းပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များ တရားဝင်ပိုင်ဆိုင်မှုစာရွက်စာတမ်းများဖြင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်သူဇာကြိုင် [၁၂/ဒဂမ(နိုင်)၀၁၅၁၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိမွန် [၁၂/ဒလန(နိုင်) ၀၆၀၈၆၄]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ပါမြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိအောင် (LL.B, WIPO) အထက်တန်းရှေ့နေ(စဉ်- ၅၄၂၈၂)**
**အမှတ် (၉၄)၊ ပါရမီလမ်း၊ ၁၀-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉- ၄၂၀၄၂၃၄၃၈**

## မွေးသက္ကရာဇ်အမှန်

နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် [၈/ရစက(နိုင်)၀၀၀၉၆၆] ကိုင်ဆောင်သူ (အဖ) ဦးဘိုကြိုင်၏ သမီး ဒေါ်သီတာစိုး၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်တွင် ပါရှိသည့်အတိုင်း ၁၆-၄-၁၉၇၆ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.ထ.က(၂) Grade(4) မှ မောင်ထက်ရှိုင်းလင်း၏ မိခင်အမည်မှန်မှာ ဒေါ်တင်ညို [၁၀/ရမန(နိုင်)၀၈၄၀၄၉] ဖြစ်ပါကြောင်း။

**ဒေါ်တင်ညို**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ဂျိုးဖြူကျေးရွာအုပ်စု၊ သမ္ဘရာကုံးကွင်း၊ ကွင်းအမှတ်(၇၄၀ᶜ)၊ ဦးပိုင်အမှတ်(၄၄/၄) ရှိ ဧရိယာ(၀.၃)ဧကရှိ အရှေ့မျက်နှာစာ(၈၀)ပေ၊ အရှေ့မှ အနောက်သို့ (၂၃၀)ပေအကျယ်အဝန်းရှိ မြေကွက်မှာ မြေစာရင်းပုံစံ(၁၀၅)တွင် ဦးကြည်မောင်အမည်ပေါက်ပြီး ယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်အိမ်၊ လျှပ်စစ်မီတာ၊ ဂိုဒေါင်အဟောင်းတို့ကို လက်ရှိပိုင်ဆိုင်လျက်ရှိသော (၁) ဦးအောင်ကိုဦး [၁၂/ကမတ(နိုင်)၀၅၉၈၉၀]၊ (၂) ဒေါ်ချိုချိုသန်း [၁၂/ကမတ(နိုင်)၀၆၄၂၇၃]၊ (၃) ဦးလှိုင်မြင့်မောင် [၁၂/ကမတ(နိုင်)၀၆၈၇၉၂]တို့မှ လက်ဝယ်ထားရှိပြီး တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချနိုင်ကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် နေအိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွေဦးမွန် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၉၃၆၁) (၂၉-၆-၂၀၁၂)**
**မြသီတာ(၄)လမ်း၊ အိုးတန်းရပ်ကွက်၊ တိုက်ကြီးမြို့။**
**Ph: 09-2037802**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
# ဆေးပညာဒီပလိုမာနှင့်ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် -

**(က) ဆေးပညာဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | တီဘီနှင့်ရင်ခေါင်းရောဂါကုပညာဒီပလိုမာ<br>Dip.Med.Sc(TB & Chest Diseases) | ၁ နှစ် |
| ၂။ | ကာလသားရောဂါနှင့်ခုခံအားကျဆင်းမှုကူးစက်ရောဂါပညာဒီပလိုမာ<br>Dip.Med.Sc(STD and HIV infections) | ၁ နှစ် |
| ၃။ | သွေးသွင်းကုသခြင်းဆိုင်ရာဆေးပညာဒီပလိုမာ<br>Dip.Med.Sc(Transfusion Medicine) | ၁ နှစ် |
| ၄။ | ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒဒီပလိုမာ<br>Dip.Med.Sc(Clinical Pharmacology) | ၁ နှစ် |
| ၅။ | အထူးကြပ်မတ်ကုသမှုဆိုင်ရာဒီပလိုမာ<br>Dip.Med.Sc (Intensive Care Medicine) | ၁ နှစ် |
| ၆။ | အခြေခံအရေးပေါ်ကုသမှုဒီပလိုမာ(Online)<br>Diploma in Basic Emergency Care | ၁ နှစ် |

**(ခ) ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ)<br>M.Med.Sc(Anatomy) | ၂ နှစ် |
| ၂။ | ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ)<br>M.Med.Sc(Physiology) | ၂ နှစ် |
| ၃။ | ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ)<br>M.Med.Sc(Pharmacology) | ၂ နှစ် |
| ၄။ | ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ)<br>M.Med.Sc(Preventive & Tropical Medicine) | ၂ နှစ် |
| ၅။ | ဆေးပညာမဟာသိပ္ပံ (ဆေးလက်တွေ့ဆိုင်ရာဇီဝဓာတုဗေဒ)<br>M.Med.Sc(Clinical Biochemistry) | ၃ နှစ် |
| ၆။ | ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ)<br>M.Med.Sc(Microbiology) | ၃ နှစ် |
| ၇။ | ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ)<br>M.Med.Sc(Pathology) | ၃ နှစ် |
| ၈။ | ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ)<br>M.Med.Sc(Medical Jurisprudence) | ၃ နှစ် |
| ၉။ | ဆေးပညာမဟာသိပ္ပံ (ကင်ဆာရောဂါဆေးပညာ)<br>M.Med.Sc(Medical Oncology) | ၃ နှစ် |
| ၁၀။ | ဆေးပညာမဟာသိပ္ပံ(ကင်ဆာရောဂါဓာတ်ရောင်ခြည်ဆေးကုပညာ)<br>M.Med.Sc(Radiation Oncology) | ၃ နှစ် |
| ၁၁။ | ဆေးပညာမဟာသိပ္ပံ (အဏုမြူရောင်ခြည်ဆေးပညာ)<br>M.Med.Sc(Nuclear Medicine) | ၃ နှစ် |
| ၁၂။ | ဆေးပညာမဟာသိပ္ပံ(နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာ)<br>M.Med.Sc(Otorhinolaryngology Head & Neck Surgery) | ၃ နှစ် |
| ၁၃။ | ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ)<br>M.Med.Sc(Anaesthesiology) | ၃ နှစ် |
| ၁၄။ | ဆေးပညာမဟာသိပ္ပံ(ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ)<br>M.Med.Sc(Rehabilitation Medicine) | ၃ နှစ် |
| ၁၅။ | ဆေးပညာမဟာသိပ္ပံ (အရေပြားရောဂါပညာ)<br>M.Med.Sc(Dermatology) | ၃ နှစ် |
| ၁၆။ | ဆေးပညာမဟာသိပ္ပံ (မျက်စိရောဂါပညာ)<br>M.Med.Sc(Ophthalmology) | ၃ နှစ် |
| ၁၇။ | ဆေးပညာမဟာသိပ္ပံ (စိတ်ကျန်းမာပညာ)<br>M.Med.Sc(Mental Health) | ၃ နှစ် |
| ၁၈။ | ဆေးပညာမဟာသိပ္ပံ (အရေးပေါ်ကုသမှုဆေးပညာ)<br>M.Med.Sc(Emergency Medicine) | ၃ နှစ် |
| ၁၉။ | ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)<br>M.Med.Sc(Internal Medicine) | ၃ နှစ် |
| ၂၀။ | ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)<br>M.Med.Sc(Surgery) | ၃ နှစ် |
| ၂၁။ | ဆေးပညာမဟာသိပ္ပံ (သားဖွားနှင့်မီးယပ်ပညာ)<br>M.Med.Sc(Obstetrics & Gynaecology) | ၃ နှစ် |
| ၂၂။ | ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ)<br>M.Med.Sc(Paediatrics) | ၃ နှစ် |
| ၂၃။ | ဆေးပညာမဟာသိပ္ပံ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ)<br>M.Med.Sc(Plastic Surgery) | ၃ နှစ် |
| ၂၄။ | ဆေးပညာမဟာသိပ္ပံ (ရင်ခေါင်းခွဲစိတ်ကုပညာ)<br>M.Med.Sc(Thoracic Surgery) | ၄ နှစ် |
| ၂၅။ | ဆေးပညာမဟာသိပ္ပံ (ကလေးခွဲစိတ်ကုပညာ)<br>M.Med.Sc(Paediatric Surgery) | ၄ နှစ် |
| ၂၆။ | ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ)<br>M.Med.Sc(Neurosurgery) | ၄ နှစ် |
| ၂၇။ | ဆေးပညာမဟာသိပ္ပံ(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါ ခွဲစိတ်ကုပညာ)<br>M.Med.Sc(Urology) | ၄ နှစ် |
| ၂၈။ | ဆေးပညာမဟာသိပ္ပံ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ)<br>M.Med.Sc(Cardiovascular Surgery) | ၄ နှစ် |
| ၂၉။ | ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ)<br>M.Med.Sc(Orthopaedics) | ၄ နှစ် |
| ၃၀။ | ဆေးပညာမဟာသိပ္ပံ (ဓာတ်မှန်ပညာ)<br>M.Med.Sc(Radiology) | ၄ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ဂ) ဒီပလိုမာသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(မှတ်ချက်- **ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဆေးလက်တွေ့ဆိုင်ရာဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ၊ ကင်ဆာရောဂါဓာတ်ရောင်ခြည်ဆေးကုပညာ၊ အဏုမြူရောင်ခြည်ဆေးပညာနှင့် မေ့ဆေးပညာ** မဟာသိပ္ပံသင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်)။

(င) လျှောက်လွှာပိတ်သည့်နေ့တွင် ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် အသက်(၄၅)နှစ်နှင့် ဒီပလိုမာ သင်တန်းများအတွက် အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) အခြေခံအရေးပေါ်ကုသမှုဒီပလိုမာ(Online) သင်တန်းအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အသက် (၅၈)နှစ်ထက် မကျော်လွန်သူ မြို့နယ်ကုသရေးဦးစီးဌာနမှူးများသာ လျှောက်ထားနိုင်ပါသည်။

(ဆ) အခြေခံအရေးပေါ်ကုသမှုဒီပလိုမာ (Online) သင်တန်းအတွက် သင်တန်းကာလအတွင်း Online ပို့ချခြင်းနှင့် လူကိုယ်တိုင်လာရောက်သင်ယူခြင်း အနည်းဆုံး (၆)ပတ်ဖြင့်သင်ကြားမည်ဖြစ်ရာ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဇ) **ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒဒီပလိုမာသင်တန်း**အတွက် ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဈ) **သွေးသွင်းကုသခြင်းဆိုင်ရာ ဆေးပညာဒီပလိုမာသင်တန်း**အတွက် ဆေးပညာဘွဲ့(သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ)ဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ည) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၂)နှစ်နှင့် ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဋ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **(၂၉-၈-၂၀၂၅)ရက် (သောကြာနေ့)** ဖြစ်ပါသည်။

၄။ အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလ အတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်ဖြစ်ပြီး၊ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်ဖြစ်သည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်း မရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်း မပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **(၁၇-၁၀-၂၀၂၅)ရက် (သောကြာနေ့)**ဖြစ်ပါသည်။

၈။ ဘွဲ့လွန်သင်တန်း ဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး - ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။
(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ငွေစာရင်းအမှတ် MD- ၀၁၀၀၃၅ သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်း တက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ သင်တန်းတက်ရောက် အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ် (၀၁-၈၃၇၀၉၃၈၊ ၀၁-၈၃၈၂၄၈၅၊ ၀၁-၈၂၅၁၁၃၁) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဆေးတက္ကသိုလ်(၁)၏ Website: https//www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ မြေကွက်အမှတ်-၃၇၂၊ မြေကွက်တည်နေရာအမှတ်-၃၇၂၊ ဗိုလ်မင်းခေါင်လမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးစောသိန်း [၁၁/စတန(နိုင်)၀၅၁၁၃၆] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အပိုင်ပေးစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းနှင့် ပတ်သက်၍ လျှောက်ထားသူမှ ဝင်စာအမှတ်-၄၆၀၅/၈-၅-၂၀၂၅ဖြင့် ၂၀၂၂ ခုနှစ်တွင် အမည်ပေါက်ထံမှ ပါဝါရသူ ဦးထွန်းထွန်းမင်းမှ အပိုင်ပေးမြေပုံကူးယူခဲ့ခြင်းနှင့် ပတ်သက်၍ ယင်းမြေပုံမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပြီး အပိုင်ပေးစာချုပ်ချုပ်ဆိုရခြင်းမရှိသေးသည်မှာ မှန်ကန်ပါကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာမရှိပါကြောင်း၊ မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အားလုံးတို့အား မည်သည့် သားသမီးကိုမျှ ပေးကမ်းထားခြင်းမရှိသည်မှာ မှန်ကန်ပါကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါကလည်း တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ကျမ်းကျိန်လွှာနှင့်အတူ ဝန်ခံကတိပြုရှင်းလင်းတင်ပြထားပါသည်။ သို့ဖြစ်ပါ၍ ဦးစောသိန်းမှ အပိုင်ပေးမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၁၅၄/က၊ မြေကွက်တည်နေရာအမှတ်-၁၅၄/က၊ ကောလိယ (၂၅)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးကျော်ထွန်းမြင့် [၁၂/ဥကတ(နိုင်)၀၆၈၂၈၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်ထွန်းမြင့်မှ (ဂရန်မိတ္တူတင်ပြထား)၊ ဂရန်မူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ အမှတ်-၂၅၉၆/၂၀၂၃ (၁၁-၁၀-၂၀၂၃)၊ ရဲစခန်း၊ ရပ်ကွက်ထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ obj၊ ဝန်ဆောင်ခတို့တင်ပြ၍ ဦးကျော်ထွန်းမြင့်[၁၂/ဥကတ(နိုင်)၀၆၈၂၈၀] ဂရန်မိတ္တူ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ မေခါဝီ(၁) လမ်း၊ အမှတ်(၁၃၀ ၁/၂)ဟု ခေါ်တွင်သော(အလျား၂၀ပေxအနံ၆၀ပေ)**ရှိ မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသည့် **ဒေါ်မြတ်မြတ်စိုး[၈/တတက(နိုင်)၁၃၆၉၆၅]** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် **ဒေါ်သန်းသန်းဦး[၁၂/ဥကမ(နိုင်)၀၆၁၈၃၀]**က ဝယ်ယူရန်အတွက် အိမ်မြေကွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်နှင်းပွင့်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၄၄)**
**အမှတ်(၃၃၀)၊ ဥဇ္ဇနာ(၆)လမ်း၊ (ဇ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၉၃၂၈၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သီရိလမ်း၊ အမှတ် (၁၅) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၆ ပေx၆၃ ပေ) ကိုယ်ပိုင်လမ်း၊ (၄ ပေ ၉ လက်မ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေမီးစုံ (၂) ထပ်နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိအကျိုးခံစားခွင့်ရှိကာရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြလေးနွယ် [၁၂/အစန(နိုင်)၁၄၈၁၄၆] ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြူကြူသင်း [၁၄/လမန(နိုင်) ၀၉၁၈၆၈]က အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄) ရက်အတွင်း နောက်ဆုံးထား၍ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူသင်း၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သန္တာမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၄၉၉)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၅၀၂၃၉၆၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (ကျွန်းတော/မြောက်)ရပ်ကွက်၊ စိတ္တာသုခလမ်း၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၄လွှာ/ဘီ)ဟု ခေါ်တွင်သည့် အကျယ်(၁၂ ၁/၂ x၅၀)ပေရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိအိမွန် [၁၂/လမန (နိုင်) ၁၅၀၅၁၇]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)ဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းအောင် (LL.B, D.M.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၅၆)**
**ဖုန်း-၀၉-၄၂၁၁၂၃၇၁**

ဥတု
ရာသီ
တော
ကို
မှီ၏

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## ဆေးပညာပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆ – ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် –

**(က) ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ပါရဂူဘွဲ့(ခန္ဓာဗေဒ)<br>Ph.D(Anatomy) | ၃ နှစ် |
| ၂။ | ပါရဂူဘွဲ့(ဇီဝကမ္မဗေဒ)<br>Ph.D(Physiology) | ၃ နှစ် |
| ၃။ | ပါရဂူဘွဲ့(ဇီဝဓါတုဗေဒ)<br>Ph.D(Biochemistry) | ၃ နှစ် |
| ၄။ | ပါရဂူဘွဲ့(အဏုဇီဝဗေဒ)<br>Ph.D(Medical Microbiology) | ၃ နှစ် |
| ၅။ | ပါရဂူဘွဲ့(ဆေးဝါးဗေဒ)<br>Ph.D(Pharmacology) | ၃ နှစ် |

**(ခ) ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေဆေးပညာ)<br>Dr.Med.Sc(General Medicine) | ၃ နှစ် |
| ၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေခွဲစိတ်ကုပညာ)<br>Dr.Med.Sc(General Surgery) | ၃ နှစ် |
| ၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (သားဖွားမီးယပ်ပညာ)<br>Dr.Med.Sc(Obstetrics & Gynaecology) | ၃ နှစ် |
| ၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးကျန်းမာပညာ)<br>Dr.Med.Sc(Paediatrics) | ၃ နှစ် |
| ၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုးရောဂါပညာ)<br>Dr.Med.Sc(Orthopaedics) | ၃ နှစ် |
| ၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (နှလုံးရောဂါပညာ)<br>Dr.Med.Sc(Cardiology) | ၃ နှစ် |
| ၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ)<br>Dr.Med.Sc(Cardiovascular Surgery) | ၃ နှစ် |
| ၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့(အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာဆေးပညာ)<br>Dr.Med.Sc(Respiratory Medicine) | ၃ နှစ် |
| ၉။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ရင်ခေါင်းခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Thoracic Surgery) | ၃ နှစ် |
| ၁၀။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောဆေးပညာ)<br>Dr.Med.Sc(Neurology) | ၃ နှစ် |
| ၁၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Neurosurgery) | ၃ နှစ် |
| ၁၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်ရောဂါပညာ)<br>Dr.Med.Sc(Nephrology) | ၃ နှစ် |
| ၁၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Urology) | ၃ နှစ် |
| ၁၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့(အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ)<br>Dr.Med.Sc(Gastroenterology) | ၃ နှစ် |
| ၁၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းရောဂါပညာ)<br>Dr.Med.Sc(Hepatology) | ၃ နှစ် |
| ၁၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါပညာ)<br>Dr.Med.Sc(Clinical Haematology) | ၃ နှစ် |
| ၁၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Paediatric Surgery) | ၃ နှစ် |
| ၁၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မွေးကင်းစကလေးဆေးပညာ)<br>Dr.Med.Sc(Neonatology) | ၃ နှစ် |
| ၁၉။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Hand Surgery) | ၃ နှစ် |
| ၂၀။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မီးယပ်ဆိုင်ရာကင်ဆာရောဂါပညာ)<br>Dr.Med.Sc(Gynaecological Oncology) | ၃ နှစ် |
| ၂၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျိုးပွားမှုဆိုင်ရာဆေးပညာ)<br>Dr.Med.Sc(Reproductive Health) | ၃ နှစ် |
| ၂၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မေ့ဆေးပညာ)<br>Dr.Med.Sc(Anaesthesiology) | ၃ နှစ် |
| ၂၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓါတ်မှန်ပညာ)<br>Dr.Med.Sc(Radiology) | ၃ နှစ် |
| ၂၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျက်စိရောဂါပညာ)<br>Dr.Med.Sc(Ophthalmology) | ၃ နှစ် |
| ၂၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့(နား၊နှာခေါင်း၊လည်ချောင်း၊ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Otorhinolaryngology Head & Neck Surgery) | ၃ နှစ် |
| ၂၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဥပဒေရေးရာဆေးပညာ)<br>Dr.Med.Sc(Medical Jurisprudence) | ၃ နှစ် |
| ၂၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုး၊အကြောအဆစ်ဆေးပညာ)<br>Dr.Med.Sc(Rheumatology) | ၃ နှစ် |
| ၂၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ)<br>Dr.Med.Sc(Rehabilitation Medicine) | ၃ နှစ် |
| ၂၉။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Oral & Maxillo Facial Surgery) | ၃ နှစ် |
| ၃၀။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ)<br>Dr.Med.Sc(Plastic Surgery) | ၃ နှစ် |
| ၃၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောရိုးခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Spine Surgery) | ၃ နှစ် |
| ၃၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့(အသည်းနှင့်သည်းခြေလမ်းကြောင်းဆိုင်ရာခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Hepatobiliary & Pancreatic Surgery) | ၃ နှစ် |
| ၃၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဟော်မုန်းရောဂါများအထူးကုပညာ)<br>Dr.Med.Sc(Endocrinology) | ၃ နှစ် |
| ၃၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (စိတ်ကျန်းမာပညာ)<br>Dr.Med.Sc(Mental Health) | ၃ နှစ် |
| ၃၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အပူပိုင်းကူးစက်ရောဂါပညာ)<br>Dr.Med.Sc(Tropical & Infectious Diseases) | ၃ နှစ် |
| ၃၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့(သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆေးပညာ)<br>Dr.Med.Sc(Geriatric Medicine) | ၃ နှစ် |
| ၃၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါဗေဒ)<br>Dr.Med.Sc(Haematopathology) | ၃ နှစ် |
| ၃၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ)<br>Dr.Med.Sc(Histopathology) | ၃ နှစ် |
| ၃၉။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓါတုရောဂါဗေဒ)<br>Dr.Med.Sc(Chemical Pathology) | ၃ နှစ် |
| ၄၀။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရေပြားရောဂါပညာ)<br>Dr.Med.Sc(Dermatology) | ၃ နှစ် |
| ၄၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးသွေးနှင့်ကင်ဆာရောဂါပညာ)<br>Dr.Med.Sc(Paediatric Haemato–Oncology) | ၃ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူများနှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူ ဘွဲ့ရရှိထားသူများ ဖြစ်ရမည်။

(ဂ) ပါရဂူသင်တန်းများအားလုံး (Ph.D, Dr.Med.Sc) အတွက် လျှောက်လွှာပိတ်သည့်နေ့တွင် သက်ဆိုင်ရာဘာသာရပ် မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားလာပါက ပါရဂူဘွဲ့(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓါတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ(သွေးရောဂါဗေဒ၊ အသားမျှင်ရောဂါဗေဒ၊ ဓါတုရောဂါဗေဒ)၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ) သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက် (၃)နှစ်ရှိရမည်။ ကျန်ပါရဂူဘွဲ့သင်တန်းများအတွက် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၄)နှစ်ရှိရမည်။

(င) ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ဆေးပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(စ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောရိုးခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဆ) ဆေးလက်တွေ့ပါရဂူဘွဲ့(လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဇ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ဟော်မုန်းရောဂါများအထူးကုပညာ) သင်တန်းအတွက် ဆေးပညာ မဟာသိပ္ပံ (ဆေးပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဈ) ဆေးလက်တွေ့ပါရဂူဘွဲ့ (အပူပိုင်းကူးစက်ရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ည) ဆေးလက်တွေ့ပါရဂူဘွဲ့ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဋ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဌ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဍ) ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဎ) ဆေးလက်တွေ့ပါရဂူဘွဲ့(ရင်ခေါင်းခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ)(သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(ရင်ခေါင်းခွဲစိတ်ကုပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဏ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကု ပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(တ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(ကလေးခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ထ) ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ၊ ဓါတုရောဂါဗေဒ၊ သွေးရောဂါဗေဒ)သင်တန်းများအတွက် ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဒ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးသွေးနှင့်ကင်ဆာရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ကလေးကျန်းမာပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဓ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(န) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **(၂၉–၈–၂၀၂၅)ရက် (သောကြာနေ့)**ဖြစ်ပါသည်။

၄။ အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှုအရည်အချင်းစစ် စာမေးပွဲ (၂)နာရီ မေးခွန်းကို ဖြေဆိုရမည်ဖြစ်ပြီး၊ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရ အောင်စာရင်းကို ထုတ်ပေးမည်ဖြစ်သည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှ တစ်ဆင့်လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **(၁၆–၁၀–၂၀၂၅)ရက် (ကြာသပတေးနေ့)**ဖြစ်ပါသည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး – ၁၀၀၀ိ/– (ကျပ်တစ်ထောင်တိတိ)ကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD–၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅) ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ငွေစာရင်းအမှတ် MD– ၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲ စနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်း တက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ(မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ် (၀၁–၈၃၇၀၉၃၈၊ ၀၁–၈၃၈၂၄၈၅၊ ၀၁–၈၂၅၁၁၃၁) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆေးတက္ကသိုလ်(၁)၏ Website: https//www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၄၇)၊ ဧရိယာ(၀. ၀၆၂)ဧက၊ မြေကွက်တည်နေရာအမှတ်–၄၇၊ မင်းရဲကျော်စွာလမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ (၁)ဦးမန်းတင်မောင်(DNU–044179)၊ နော်ခရစ္စတာဘဲလ် (ISN–577316) အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား တရားလိုဒေါ်ခိုင်သင်းဦး [၁၂/စခန(နိုင်)၀၅၅၈၈၀]မှ တရားပြိုင်၊ ဦးမန်းတင်မောင်၊ ဒေါ်နော်ခရစ္စတာဘဲလ်တို့အပေါ် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံးတော်၊ ၂၀၂၄ ခုနှစ် တရားမကြီးမှု အမှတ်–၁၇ ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုစွဲဆိုခဲ့ခြင်းအပေါ် စရိတ်နှင့်တကွအနိုင်ဒီကရီ ချမှတ်သည့်(၆–၈–၂၀၂၄)ရက်စွဲပါ စီရင်ချက်ဒီကရီ၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး၊ ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှု အမှတ်–၁၁ ၏ (၂၄–၁၂–၂၀၂၄) ရက်စွဲပါဘီလစ်ခန့်အပ်သည့်အမိန့်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး၏ (၃၁–၁–၂၀၂၅) ရက်စွဲပါဘီလစ်ခန့်အပ်သည့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ တရားရုံးများကိုယ်စား ဘီလစ် ဦးဇော်ထွန်း [၁၂/မရက(နိုင်)၀၅၅၄၀၃]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ်(၂၄၅/က)၊ (၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၂၄၅/က)၊ မေယုလမ်းမကြီး၊ (က)ရပ်ကွက်၊ ဦးချစ်လှိုင် ISN–၄၄၈၇၉၁ [၁၂/ဥကမ(နိုင်)၁၂၉၃၅၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်ဦးချစ်လှိုင်ထံမှ (၁–၁–၂၀၁၅)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ထိုက်ယဉ်ဝင်းမှ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်–၃၁/၂၀၂၃ဖြင့် ဦးချစ်လှိုင်အပေါ်ပဋိညာဉ်အတိုင်း အိမ်ခြံမြေမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ(၁၅–၁၁–၂၀၂၃)ရက်နေ့က အထက်ဖော်ပြပါမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ်ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန်အမိန့်ရရှိခဲ့ပြီး ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်–၂/၂၀၂၄/၁၈–၃–၂၀၂၄ ရက်စွဲပါ အမိန့်အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်သူဇာ[၆/ထဝန(နိုင်)၀၂၆၃၄၃]မှ ဖော်ပြပါတရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာ၊ ဂရန်မူရင်း၊ ဝင်စာအမှတ်–၅၁၇၄/၂၂–၅–၂၀၂၅ ရက်စွဲပါစာဖြင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပြီးပါက ဂရန်ခွဲလျှောက်ထားရမည်ကိုသိရှိကြောင်း ဒေါ်ထိုက်ယဉ်ဝင်းမှ ဝန်ခံကတိတို့ပူးတွဲတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင် လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**တောတောင်**
**ပျက်ပြုန်း**
**မြေဆီ**
**သုဉ်း၏**

## အများသိစေရန်ကြေညာခြင်း

မောင်ဗညားအောင် [၁၂/ဒဂရ(နိုင်)၀၂၉၉၉၄]နှင့် မလင်းလက်ဖြူ [၉/အမဇ(နိုင်)၀၇၁၁၅၄]တို့သည် (၆-၇- ၂၀၂၅)ရက်နေ့တွင် နှစ်ဖက်မိဘ(၂)ပါးဖြစ်သော ဒေါ်ဖြူဖြူစိုး[၉/ပမန(နိုင်)၁၂၆၉၆၅]နှင့် ဒေါ်သူဇာငွေး[၆/ထဝန(နိုင်)၀၈၅၆၇၉]တို့ကို အသိသက်သေများအဖြစ် ထားရှိပြီး မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး အုပ်ချုပ်ရေးမှူးရှေ့မှောက်တွင် ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာကို လက်မှတ်ရေးထိုး၍ လက်ထပ်ပြီးစီးပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မလင်းလက်ဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်တင်တင်ထွေး (LL.B, DBL)** (စဉ်-၈၀၁၀)

**ဒေါ်မြတ်စုသင်း(LL.B)** (စဉ်-၁၄၀၃၁)

**(တရားလွှတ်တော်ရှေ့နေများ)**

**အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(E-1)၊ ဘဏ်လမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၃၃၆၃၅၇၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မြေကွက်အမှတ်- ၇၄၉၊ မြေကွက်တည်နေရာအမှတ်-၇၄၉၊ မြရတနာ(၆)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးထွန်းတင် [၁၂/ရကန(နိုင်)၀၃၇၈၈၃]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးထွန်းတင်(ခင်ပွန်း)ဖြစ်သူသည် (၂၁-၁၂-၂၀၁၃)ရက်နေ့တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ခင်အုန်းမြင့် [၁၂/ရကန(နိုင်)၀၅၅၂၀၁]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ ဇနီးဖြစ်ကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တစ်ဦးတည်းသော ဇနီးဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၅/၁၃၄၀/၂၀၂၅(၂၀-၅-၂၀၂၅)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်သွပ်မိုးပျဉ်ကာ(၁)လုံး ကိုယ်တိုင်နေ (၄)ခန်းတွဲ (၂)ထပ်အုတ်ညှပ်(၁)လုံးရှိပြီး ဒေါ်ခင်အုန်းမြင့်မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ၎င်း၏ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၁၇)လမ်း၊ အမှတ်(၇၄၁ ၁/၂) ဟုခေါ်တွင်သည့် အကျယ်အဝန်း(၂၀x၆၀)ပေမြေသည် ဦးရိုန် (MMN-096274)အမည်ဖြင့် နှစ်(၆၀) ဂရန်အမည်ပေါက်လျက်ရှိပြီး သမီး ဒေါ်တိုးတိုး ထံမှ အရပ်ကတိစာချုပ်ဖြင့် ဒေါ်သာယာသန့်[၇/ကကန(နိုင်) ၀၂၇၁၂၂]မှ ဝယ်ယူပြီး ၎င်းမှ ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသည့်အတွက် ဒေါ်သာယာသန့်မှ တစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွယ်နွယ်သိန်း[၉/တကန(နိုင်)၁၃၃၄၁၇]မှ ၎င်းပိုင်အိမ်ခြံမြေအား ဝယ်ယူရန်အတွက် အိမ်ခြံမြေ တန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍(၁၄)ရက်အတွင်း ကိုယ်တိုင်စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ အကယ်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေ နှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်နွယ်နွယ်သိန်း၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ပြည့်ပြည့်စန္ဒရှင်**

**(အထက်တန်းရှေ့နေ)စဉ် -၂၅၆၈၉**

**အမှတ်-၅၄၁/က၊ ဥယျာဉ်လမ်း၊ ၁၉-ရပ်ကွက်၊**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၂၀၀၅၇၁၁၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၄)၊ မြေကွက်အမှတ် (၅၈၄)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ဦးမောင်မောင်စိန် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဟုန်ကွယ်ချင်[၁၃/လရန (နိုင်)၁၁၈၇၂၅]က အရပ်ကတိအဆက်စပ်စာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ နောက်နောင်ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ မည်သည့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်းဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးတင့် [၁၂/ဗတထ(နိုင်)၀၂၁၇၄၂]မှ (၂၁-၄-၂၀၂၃)ရက်စွဲပါ"မြေကွက်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ် " ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိလက်ရောက်ရရှိထားပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၁၁)**

**အမှတ်- ၁၈၊ ဥက္ကာ (၁)လမ်း၊ (ဂ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**

**ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၄၂၂၉၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်းဧရိယာအတွင်း ယာယီမြေပေးမိန့်အမှတ်(၂၄၇၅/၂၀၂၀) ပြန်လည်နေရာချထားသည့်အုပ်စု (RA) (RA-3)၊ အကွက်အမှတ် (တ-၀၆)၊ မြေကွက်အမှတ် (၀၄၅၃)၊ ဧရိယာ(၁၀၀x၁၀၀)ပေရှိ ဦးအောင်သိန်း အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စန်းယုံ [၁၂/တတန(နိုင်)၁၀၈၂၀၂]က ခင်ပွန်းဖြစ်သူ အမည်ပေါက် ဦးအောင်သိန်း ကွယ်လွန်သွားသဖြင့် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ နောက်နောင် ပြဿနာတစ်စုံ တစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နိုမီမိုး [၉/ခအဇ(နိုင်)၀၃၇၃၅၃] မှ (၁-၇-၂၀၂၅)ရက်စွဲပါ "မြေကွက်အပြီးအပိုင် အရောင်းအဝယ် ပြုလုပ်ငွေပေးချေခြင်းကတိစာချုပ်" ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိလက်ရောက်ရရှိထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၁၁)**

**အမှတ်- ၁၈၊ ဥက္ကာ (၁)လမ်း၊ (ဂ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**

**ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၄၂၂၉၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုတက္ကသိုလ်၊ ရန်ကုန်
## သူနာပြုပါရဂူဘွဲ့သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆ ပညာသင်နှစ်အတွက် သူနာပြုတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် သူနာပြုပါရဂူဘွဲ့သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်း သူနာပြုများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**သူနာပြုပါရဂူဘွဲ့သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သူနာပြုပါရဂူဘွဲ့ (Ph.D(Nursing)) | ၃ နှစ် |

၂။ လိုအပ်သောအရည်အချင်း

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သူနာပြုမဟာသိပ္ပံဘွဲ့ ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ အသိအမှတ်ပြုထားသော အလားတူ ဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ဂ) လက်ရှိနိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ဝင်ခွင့် လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုမဟာသိပ္ပံဘွဲ့ ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူဖြစ်ရမည်။

(ဃ) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလာပါက ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင် ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက် (၄)နှစ် ရှိရမည်။

(င) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၂၉-၈-၂၀၂၅ ) ရက် ( သောကြာနေ့ ) ဖြစ်ပါသည်။

၄။ သူနာပြုပါရဂူသင်တန်း ဝင်ခွင့်လျှောက်ထားသူများသည် သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ် ၁၀၀၀၀/- ( ကျပ်တစ်သောင်းတိတိ) ကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၁၈၉၀ သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) ကမ်းနားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်၊ ရန်ကုန် ငွေစာရင်း အမှတ် MD-၀၁၁၈၉၀ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှ တစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး(ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)၏ထောက်ခံချက် ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၆။ ကြိုတင်လျှောက်လွှာမိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ပါမောက္ခချုပ်၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်သို့ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲဖြေဆိုမည့်ရက်မှာ (၁၆-၁၀-၂၀၂၅) ရက် (ကြာသပတေးနေ့)မွန်းလွဲ(၁)နာရီမှ(၄)နာရီ အထိ ဖြစ်ပါသည်။

၈။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ(၂)နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ် စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၉။ သင်တန်းကိုတက်ရောက်ရန်ရွေးချယ်ခံရပြီးမှသင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်း ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသောလျော်ကြေးကိုပေးလျော်ရမည်။

၁၁။ ဝင်ခွင့်လျှောက်လွှာခေါ်ယူသည့် ကြေညာချက် အပြည့်အစုံနှင့် အသေးစိတ် အချက်အလက်များကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ စာမေးပွဲရေးရာဌာနစိတ်၊ ဖုန်းနံပါတ်၊ ၀၁-၂၂၂၈၈၃၊ ၀၁-၂၂၂၈၈၄၊ ၀၁-၂၂၂၈၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ( သို့မဟုတ်) သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ Website (www.uonygn.gov. mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

## အမည်ပြောင်း

ရန်ကုန်မြို့၊ ဒလမြို့နယ်နေ မြတ်မြင့်မိုရ်ကောင်း ကိုယ်ပိုင်အထက်တန်းကျောင်း Grade(9)တွင် ပညာသင်ကြားနေသော (ဘ)ဦးသက်နိုင် [၁၂/တတန(နိုင်)၁၃၁၁၄၆]၏ သား မောင်ဇင်လင်းထွန်းအား မောင်သန့်ဇင်လင်းထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အ.လ.က (ကျုံတာမုဆိုးမ)၊ ကျောင်းဝင်အမှတ်(၀၁၁၄)၊ Grade-7မှ မကေဇင်သန့်၏ ဖခင်အမည်မှန်မှာ ဦးကိုအေး [၁၄/မမန(နိုင်)၁၈၃၅၅၈]ဖြစ်ပါကြောင်း။

**ဦးကိုအေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုတက္ကသိုလ်၊ ရန်ကုန်
## သူနာပြုဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆ ပညာသင်နှစ်အတွက် သူနာပြုတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် သူနာပြုမဟာသိပ္ပံ သင်တန်းများနှင့် အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်း သူနာပြုများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**သူနာပြုမဟာသိပ္ပံသင်တန်းများ (Master of Nursing Science)**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သူနာပြုမဟာသိပ္ပံ (လူကြီးကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Adult Health Nursing) | ၂ နှစ် |
| ( ခ ) | သူနာပြုမဟာသိပ္ပံ (မိခင်ကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Maternal Health Nursing) | ၂ နှစ် |
| ( ဂ ) | သူနာပြုမဟာသိပ္ပံ (ကလေးကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Child Health Nursing) | ၂ နှစ် |
| (ဃ) | သူနာပြုမဟာသိပ္ပံ (စိတ်ကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Mental Health Nursing) | ၂ နှစ် |
| ( င ) | သူနာပြုမဟာသိပ္ပံ (ပြည်သူ့ကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Community Health Nursing) | ၂ နှစ် |
| ( စ ) | သူနာပြုမဟာသိပ္ပံ (အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုပညာ)<br>Master of Nursing Science (Nursing Administration & Management) | ၂ နှစ် |
| (ဆ) | သူနာပြုမဟာသိပ္ပံ (အထူးကြပ်မတ်ကုသမှုသူနာပြုစုမှုပညာ)<br>Master of Nursing Science (Critical Care Nursing) | ၂ နှစ် |
| ( ဇ ) | သူနာပြုမဟာသိပ္ပံ (အထွေထွေ)<br>Master of Nursing Science (General) | ၂ နှစ် |
| ( ဈ ) | သူနာပြုမဟာသိပ္ပံ (အရိုးအထူးပြုသူနာပြုစုမှုပညာ)<br>Master of Nursing Science (Orthopaedic Nursing) | ၂နှစ် |

**ဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာ ( Diploma in Emergency Nursing) | ၁၅လ |

**၂။ လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်/ပေါင်းကူး) ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံသူနာပြုနှင့်သားဖွား ကောင်စီမှ အသိအမှတ်ပြုထားသော အလားတူ ဘွဲ့ရရှိထားသူဖြစ်ရမည်။

( ဂ ) သူနာပြုမဟာသိပ္ပံသင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာ ပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး) ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ရှိသူ နှင့် သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်) ရရှိပြီးနောက် လုပ်ငန်းစတင် ဝင်ရောက်သည့်နေ့မှစ၍ လျှောက်လွှာပိတ်သည့်နေ့အထိ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) သူနာပြုမဟာသိပ္ပံဘွဲ့ (အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုပညာ)သင်တန်း တက်ရောက်ရန် လျှောက်ထားမည့်သူသည် လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါအနည်းဆုံး လုပ်သက်(၅)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

( င ) အရေးပေါ်သူနာပြုစုမှုပညာ ဒီပလိုမာသင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာ ပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့ရရှိပြီးနောက် လုပ်သက်အနည်းဆုံး (၂)နှစ် ရှိရမည့်အပြင် လွန်ခဲ့သည့်(၂)နှစ် အတွင်း ဆေးလက်တွေ့အတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

( စ ) သူနာပြုမဟာသိပ္ပံသင်တန်းများ နှင့် အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာသင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၄၅)နှစ် မကျော်လွန်သူ ဖြစ်ရမည်။

(ဆ) သူနာပြုမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နှင့် အရေးပေါ်သူနာပြုစုမှုပညာ ဒီပလိုမာဘွဲ့ ရရှိပြီးနောက်အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

( ဇ ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့် တက်ရောက်နိုင်သူ ဖြစ်ရမည်။

၃။ ဝင်ခွင့်လျှောက်လွှာပိတ်ရက်မှာ (၂၉ - ၈ - ၂၀၂၅ ) ရက် ( သောကြာနေ့ ) ဖြစ်ပါသည်။

၄။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ကိုသူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၁၈၉၀ သို့ ပေးသွင်းရမည်။

(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) ကမ်းနားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်၊ ရန်ကုန် ငွေစာရင်းအမှတ်၊ MD-၀၁၁၈၉၀ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ( ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး )မှ တစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး(ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)၏ ထောက်ခံချက် ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့်လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ကြိုတင်လျှောက်လွှာ မိတ္တူတစ်စုံကို ငွေသွင်းချလန်မူရင်းနှင့်တကွ ပါမောက္ခချုပ်၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်သို့ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

၇။ သူနာပြုမဟာသိပ္ပံသင်တန်းများ နှင့် အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာသင်တန်း ဝင်ခွင့်ရေးဖြေစာမေးပွဲ ဖြေဆိုမည့်ရက်မှာ (၁၇-၁၀-၂၀၂၅)ရက် (သောကြာနေ့) မွန်းလွဲ(၁)နာရီမှ (၃)နာရီအထိ ဖြစ်ပါသည်။

၈။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ(၂)နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ် စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၉။ သင်တန်းကိုတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့် မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်း ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကိုပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသောလျော်ကြေးကိုပေးလျော်ရမည်ဖြစ်သည်။

၁၁။ ဝင်ခွင့်လျှောက်လွှာ ခေါ်ယူသည့် ကြေညာချက် အပြည့်အစုံနှင့် အသေးစိတ် အချက်အလက်များကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ စာမေးပွဲရေးရာဌာနစိတ်၊ ဖုန်းနံပါတ်၊ ၀၁-၂၂၂၈၈၃၊ ၀၁-၂၂၂၈၈၄၊ ၀၁-၂၂၂၈၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ Website (www. uonygn.gov. mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်
## ဒီပလိုမာသင်တန်းများ၊ မဟာဘွဲ့သင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ (၂၀၂၆)ပညာသင်နှစ်အတွက် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်တွင် ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်–

**ဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ(Online)<br>Diploma in Hospital Administration (Online) | (၉)လ |
| (ခ) | အာဟာရပညာဒီပလိုမာ<br>Diploma in Nutrition and Dietetics | (၉)လ |

**မဟာဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပြည်သူ့ကျန်းမာရေးမဟာဘွဲ့<br>Master of Public Health (MPH) | (၁)နှစ် |
| (ခ) | ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့<br>Master of Hospital Administration (MHA) | (၁)နှစ် |

**ပါရဂူဘွဲ့သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)<br>Ph.D(Public Health) | (၃)နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

**(က) ဒီပလိုမာသင်တန်းများ**

**(က)(၁)ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ(Online)သင်တန်း**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ဆေးပညာဘွဲ့(M.B.,B.S) (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၅)နှစ်ပြည့်ပြီးသူ၊ ၎င်း(၅)နှစ်တွင် ဆေးရုံ လုပ်သက်အတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။ (မြို့နယ်ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသူများကို ဦးစားပေးမည်)။
(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၈)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(၅) ဘွဲ့လွန်ဒီပလိုမာရရှိပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ်ဆက်လက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**(က)(၂) အာဟာရပညာဒီပလိုမာသင်တန်း**

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ဆေးပညာဘွဲ့(M.B.,B.S)(သို့မဟုတ်)မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ (သို့မဟုတ်) သူနာပြုသိပ္ပံဘွဲ့ (B.N.Sc)(ပုံမှန်/ ပေါင်းကူး) (သို့မဟုတ်) ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)(B.Comm.H) ရရှိပြီး လျှောက်လွှာပိတ်သည့်ရက်တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(သူနာပြုသိပ္ပံဘွဲ့ (B.N.Sc) (ပေါင်းကူး) (သို့မဟုတ်) ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)(B.Comm.H) ရရှိသူဖြစ်ပါက လျှောက်လွှာပိတ်သည့်ရက်တွင် ဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ် ရှိသူဖြစ်ရမည်။)
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(၄) ဘွဲ့လွန်ဒီပလိုမာရရှိပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**(ခ) မဟာဘွဲ့သင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့(MPH) သင်တန်းအတွက် ဆေးပညာဘွဲ့(M.B.,B.S) (သို့မဟုတ်) သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့(B.D.S) (သို့မဟုတ်) သူနာပြုသိပ္ပံဘွဲ့ (B.N.Sc) (ပုံမှန်/ပေါင်းကူး) (သို့မဟုတ်) ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့(B.Med.Tech) (သို့မဟုတ်) ဆေးဝါးသိပ္ပံဘွဲ့(B.Pharm) (သို့မဟုတ်) ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး) (B.Comm.H) (သို့မဟုတ်) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M) ရရှိထားသူများ လျှောက်ထားနိုင်သည်။
(၃) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့(MPH)သင်တန်းအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁) နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၄) ဆေးရုံအုပ်ချုပ်မှုပညာ မဟာဘွဲ့သင်တန်းအတွက် ဆေးပညာဘွဲ့ (M.B.,B.S) (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။
(၅) ဆေးရုံအုပ်ချုပ်မှုပညာ မဟာဘွဲ့သင်တန်းအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၅)နှစ်ရှိသူ၊ ၎င်း(၅)နှစ်တွင် ဆေးရုံလုပ်သက်အတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။ ဆေးရုံစီမံခန့်ခွဲရေးလုပ်ငန်းများကို အမှန်တကယ်စိတ်ပါဝင်စားသူ ဖြစ်ရမည်။
(၆) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့နှင့် ဆေးရုံအုပ်ချုပ်မှု ပညာမဟာဘွဲ့သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(၇) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့နှင့် ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့သင်တန်းများအတွက် မဟာဘွဲ့ရရှိပြီးနောက် သတ်မှတ်ထားသော ဦးစီးဌာနများတွင် အနည်းဆုံး(၁)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။
(၈) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့နှင့် ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ်ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**(ဂ) ပါရဂူဘွဲ့သင်တန်း**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့(MPH) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံဘွဲ့(ပြည်သူ့ကျန်းမာရေး) M.Med.Sc(Public Health) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံဘွဲ့(ကာကွယ်ရေးနှင့် အပူပိုင်းဆေးပညာ) M.Med.Sc(P&TM) ရရှိသူ (သို့မဟုတ်) ပြည်သူ့ကျန်းမာရေးဆိုင်ရာမဟာဘွဲ့တစ်ခုခုရရှိပြီး MPH အတွက် အနည်းဆုံးလိုအပ်သည့် ဘာသာရပ် Credit ရှိသူများဖြစ်ပြီး လျှောက်လွှာပိတ်သည့်ရက်တွင် မဟာဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၃) တစ်ခုထက်ပိုသော မဟာဘွဲ့/ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူဖြစ်ပါက လျှောက်လွှာပိတ်သည့်ရက်တွင် ပထမမဟာဘွဲ့/ ဆေးပညာမဟာသိပ္ပံဘွဲ့ (ပြည်တွင်း/ပြည်ပ) ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၄) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန် သင်တန်းဝင်ခွင့် လျှောက်ထားလာပါက လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၄)နှစ်ရှိသူ ဖြစ်ရမည်။
(၅) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(၆) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်း အဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်းလျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၄။ ကြိုတင်လျှောက်လွှာမိတ္တူတစ်စောင်ကို ချလန်မူရင်းနှင့်တကွ ပါမောက္ခချုပ်၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်၊ ရန်ကုန်သို့ လိပ်မူ၍ (မပျက်မကွက်) ပေးပို့ရမည်။

၅။ လျှောက်လွှာပိတ်မည့်ရက်မှာ **(၂၉-၈-၂၀၂၅ )ရက် (သောကြာနေ့)** ဖြစ်ပါသည်။

၆။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ–

| | | |
|---|---|---|
| ပါရဂူဘွဲ့သင်တန်း | – | ၁၆-၁၀-၂၀၂၅ (ကြာသပတေးနေ့) |
| ဒီပလိုမာနှင့်မဟာဘွဲ့သင်တန်းများ | – | ၁၇-၁၀-၂၀၂၅ (သောကြာနေ့) တို့ ဖြစ်ပါသည်။ |

၇။ ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ(Online)သင်တန်းဝင်ခွင့်ကို လူတွေ့နှုတ်ဖြေစာမေးပွဲစစ်ဆေးပြီး ရွေးချယ်မည် ဖြစ်ပါသည်။

၈။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှု အရည်အချင်း စစ်စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ်အရည်အချင်း စစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကိုထုတ်ပေးမည်။

၉။ လူတွေ့/နှုတ်မေးစစ်ဆေးမည့်ရက်ကို ဝင်ခွင့်နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ရစာရင်း ထုတ်ပြန်ကြေညာသည့်အခါတွင် ဖော်ပြပါမည်။

၁၀။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ်-၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၅)၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၂၆၂၂ သို့ ပေးသွင်းရမည်။

**(မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ ငွေစာရင်းအမှတ် MD-၀၁၂၆၂၂ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၁၁။ သင်တန်းကိုတက်ရောက်ရန်ရွေးချယ်ခြင်းခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၂။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ/ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်ဖြစ်သည်။

၁၃။ အသေးစိတ်အချက်အလက်များကို စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် ဖုန်းနံပါတ် (၀၉-၆၅၁၆၆၆၈၀၁/ ၀၉-၄၄၈၅၃၄၄၄၇) တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ **Website-http://uph-myanmar.gov. mm** သို့လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

| စဉ် | တင်ဒါအမှတ် | D.D.P | တင်ဒါတင်သွင်းရမည့်နေ့ရက်နှင့်အချိန် |
|---|---|---|---|
| (က) | 014/DHPI/Deformed Bar/2025-2026 | At Site | (၂၂-၇-၂၀၂၅) (၁၂:၀၀) နာရီ |
| (ခ) | 015/DHPI/Tyre/2025-2026 | Paung Laung | (၂၂-၇-၂၀၂၅) (၁၂ : ၀၀) နာရီ |
| (ဂ) | 016/DHPI/Lubricant/2025-2026 | Paung Laung | (၂၂-၇-၂၀၂၅) (၁၂ : ၀၀) နာရီ |

၂။ တင်ဒါရောင်းချမည့်ရက် – (၇-၇-၂၀၂၅) ရက်မှ (၂၁-၇-၂၀၂၅)ရက်အထိ
၃။ တင်ဒါရောင်းချမည့်အချိန် – (၁၀ : ၀၀) နာရီမှ (၁၅ : ၃၀)နာရီအထိ
၄။ တင်ဒါရောင်းချ/တင်သွင်းရမည့်နေရာ – ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်–

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၉-၂၆၄၆၃၉၆၉၆၊ ၀၉-၄၂၀၇၀၁၃၄၆**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုံ၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ လူနေရပ်ကွက်အမှတ်-ရွှေလင်ပန်းစက်မှုဇုံ၊ မြေကွက်အမှတ်-၄၂၄၊ ဧရိယာ (၂. ၀၇၃) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တွယ်ကပ်လျက်ရှိသော RC နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူ ဦးမြင့်ခိုင် (၁၂/အစန(နိုင်)၁၁၈၈၆၂) ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်သန္တာစိုး | ဒေါ်စောယုဇာ |
| (စဉ်-၈၄၂၅) | (စဉ်-၉၉၀၀) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

တိုက် (I) (မြေညီထပ်)၊ ရွှေမိုးကောင်းကွန်ဒို၊ မိုးကောင်းလမ်း၊ (၁၄) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၅၄၀၄၇၆၉၇၊ ၀၉ ၂၅၂၈၆၈၂၃၈

---

ရွှေရန်ကုန် အိမ်ခြံမြေ
ရောင်းဝယ်ရေး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
မြောက်ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်း လေးမြို့နယ်ရှိ
မြေကွက်များ ဝယ်လိုသည်။
Ph:09687150389

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ မြေကွက်အမှတ်(၃၉၄)၊ မြေကွက်တည်နေရာအမှတ်(၃၉၄)၊ မြသီရိလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဒေါ်ခင်သန်းနိုင်)(ISN-၄၀၆၄၃၈) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် - ၈၁/၂၀၂၄ ဖြင့် ဒေါ်ယုယုဝင်းနှင့် ဒေါ်မေဖြိုးနိုင် တို့မှ (တရားလို)ပြု၍ ဒေါ်ခင်သန်းနိုင်အပေါ် (တရားပြိုင်) ထားကာ "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" ဖြင့်စွဲဆိုခဲ့ရာ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေရန် စရိတ်နှင့်တကွအနိုင်ဒီကရီချမှတ်သည့် (၂၇-၁၂-၂၀၂၄)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ် - ၂၀/၂၀၂၅ ၏(၃၀-၄-၂၀၂၅)ရက်စွဲပါ အမိန့်နှင့် နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံမြေရာဇဝင် ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း (၁၄-၅-၂၀၂၅) ရက်စွဲပါအကြောင်းကြားစာ၊ နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)တို့တင်ပြ၍ ဘီလစ် ဒေါ်ခင်ရှုပလှိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ဘုရင့်နောင်ဈေး Ko Raja ဆိုင်တွင် ဝယ်ယူအားပေးသူများအား အသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅၃)လမ်း၊ အမှတ်(၃၅)၊ (C/၃-လွှာ)တွင်နေထိုင်သော ကျွန်တော် ဟာဂျီကိုမြအေး(ခ) ကိုရာဂျား [၁၂/ပဇတ(နိုင်)၀၁၅၇၀၉]မှ ကျွန်တော်၏ သားဖြစ်သူ မောင်ဝင်းနိုင်(ခ) မိုဟာမက်ဂျာဖဲလ်[၁၂/ပဇတ(နိုင်)၀၃၅၅၁၀]သည် (၁၅-၆-၂၀၂၅)ခုနှစ်တွင် ကျွန်တော်တို့ မိဘနှစ်ပါး အတန်တန်တားမြစ် သဘောမတူခဲ့သောသူနှင့် အစ္စလာမ့် တရားတော်အရ လက်ထပ်ခဲ့ကြောင်း မှတ်တမ်းအထောက်အထားများအရသိရှိရပြီး မိဘများမှ မောင်ဝင်းနိုင်(ခ)မိုဟာမက်ဂျာဖဲလ်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ကျွန်တော် ဟာဂျီကိုမြအေး(ခ)ကိုရာဂျားနှင့် ကျွန်တော်၏ဇနီး ဟာဂျီမဒေါ်သန်းသန်းဝင်း၏ အမည်နာမများကို သားဖြစ်သူ မောင်ဝင်းနိုင်မှ မည်သည့်ကဏ္ဍမှာမှ အသုံးစွဲခြင်းအား ခွင့်မပြုကြောင်းနှင့် ကျွန်တော်၏ ဘုရင့်နောင်ဈေးတွင် Ko Raja အမည်ဖြင့် ဖွင့်လှစ်ရောင်းချသော Roller Ball and Car Machine Ball bearings ပစ္စည်းများကို ရန်ကုန်မြို့တွင်းနှင့် နယ်ကိုယ်စားလှယ်များမှ ပစ္စည်းမှာဝယ်ယူအားပေးလိုပါက ကျွန်တော့်ထံသို့ တိုက်ရိုက်ဆက်သွယ်၍ ဝယ်ယူအားပေးကြပါရန်နှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ သားဖြစ်ခဲ့သူ မောင်ဝင်းနိုင်(ခ)မိုဟာမက်ဂျာဖဲလ်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင် ဟာဂျီဦးမြအေး(ခ)ကိုရာဂျား**
**[၁၂/ပဇတ(နိုင်)၀၁၅၇၀၉]**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်–၁၁၇၅/အေ ခေါ် မြေတိုင်းအမှတ်–၆၊ မြေကွက်အမှတ်–၁၁၇၅/အေ၊ အကျယ်(၅၁ x ၆၀)ပေရှိ အမည်ပေါက်–ဒေါ်ရီရီဝင်း +၁၊ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်** အထက်ဖော်ပြပါ မြေနှင့်အိမ်အား အမည်ပေါက်သူ ဒေါ်ရီရီဝင်း +၁ ထံမှ ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဦးမောင်ဝင်း [၁၂/လသန(နိုင်) ၀၀၇၆၀၁]၊ ဒေါ်စန်းစန်းကြည်[၁၂/လသန(နိုင်)၀၀၃၂၂၁]တို့က ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် သဘောတူပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေနှင့်အိမ်အရောင်းဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြင့်မြင့်မော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၁၅၆)**
**အမှတ်–၂၀၊ ရတနာလမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃာၤန်းကျွန်းမြို့နယ်။**
**ဖုန်း–၀၉–၄၃၁၈၂၀၇၂**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၁၂၃၄)၊ မြေကွက်တည်နေရာအမှတ်(၁၂၃၄)၊ မင်္ဂလာသုခ(၃)လမ်း၊ (၄၆) ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးအောင်မြင့်(AG-၂၇၃၀၇၄)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးအောင်မြင့်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ခင်လှဝေ[၁၂/မရက(နိုင်)၀၃၉၃၃၁]မှ တရားဝင်ဇနီးတော်စပ်ကြောင်း၊ မိမိသာတစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ အခြားသော ဇနီး/မယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ကျန်ရစ်သူမိမိသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားအမွေဆက်ခံခွင့်တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ဒေါ်ခင်လှဝေမှ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## "ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ အမှတ်(၂၀၉-ဘီ)ဟုခေါ်တွင်သော (ဟောင်ကောင်ပုံစံ)၊ (၂)ခန်းတွဲ (၄)ထပ်တိုက်အဆောက်အဦ၏ ပထမထပ်အပေါ် ဒုတိယလွှာ၊ (၁၃'x၅၅')ကျယ်သော တိုက်ခန်း (၁)ခန်းအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသော ဒေါ်သီသီသိုက်[၁၂/တမန(နိုင်)၀၄၇၈၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးထွန်းလှိုင်[၁၂/ဗဟန(နိုင်) ၀၉၁၆၄၇]သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မျိုးမမထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၃၆)**
**အမှတ်(၂၆-ဘီ)၊ ရေတာရှည်လမ်းသစ်၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၅၂၀၄၃၊ ၀၉-၂၆၁၇၇၆၈၂၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်-တောင်ကြီး
## ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်-တောင်ကြီးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ပါ ဆေးပညာမဟာသိပ္ပံ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ် အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်း ဆရာဝန်များ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်-

**(က) ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ) M.Med.Sc (Anatomy) | ၂ နှစ် |
| ၂။ | ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ) M.Med.Sc (Physiology) | ၂ နှစ် |
| ၃။ | ဆေးပညာမဟာသိပ္ပံ( ဆေးဝါးဗေဒ ) M.Med.Sc (Pharmacology) | ၂ နှစ် |
| ၄။ | ဆေးပညာမဟာသိပ္ပံ (ဆေးလက်တွေ့ဆိုင်ရာဇီဝဓာတုဗေဒ) M.Med.Sc (Clinical Biochemistry) | ၃ နှစ် |
| ၅။ | ဆေးပညာမဟာသိပ္ပံ(ဆေးပညာ ) M.Med.Sc (Internal Medicine) | ၃ နှစ် |
| ၆။ | ဆေးပညာမဟာသိပ္ပံ( ခွဲစိတ်ကုပညာ ) M.Med.Sc (Surgery) | ၃ နှစ် |
| ၇။ | ဆေးပညာမဟာသိပ္ပံ( သားဖွားနှင့်မီးယပ်ပညာ ) M.Med.Sc (Obstetrics & Gynaecology) | ၃ နှစ် |
| ၈။ | ဆေးပညာမဟာသိပ္ပံ(ကလေးကျန်းမာပညာ) M.Med.Sc (Paediatrics) | ၃ နှစ် |
| ၉။ | ဆေးပညာမဟာသိပ္ပံ( အရိုးရောဂါပညာ ) M.Med.Sc (Orthopaedics) | ၄ နှစ် |

၂။ လိုအပ်သောအရည်အချင်း
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ဆေးပညာဘွဲ့(M.B.,B.S.)(သို့မဟုတ်)မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။
- (ဂ) ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ)၊ ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ)၊ ဆေးပညာမဟာသိပ္ပံ(ဆေးဝါးဗေဒ)နှင့် ဆေးပညာမဟာသိပ္ပံ(ဆေးလက်တွေ့ဆိုင်ရာဇီဝဓာတုဗေဒ)သင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိလျှောက်ထားနိုင်ပါသည်။
- (ဃ) ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)၊ ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)၊ ဆေးပညာမဟာသိပ္ပံ (သားဖွားနှင့်မီးယပ်ပညာ)၊ ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ)နှင့် ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ) သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ပြည့်ပြီးသူဖြစ်ရမည်။
- (င) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (စ) ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး ( ၅ )နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဆ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ(၂၉-၈-၂၀၂၅)ရက်(သောကြာနေ့)ဖြစ်ပါသည်။

၄။ လျှောက်လွှာကိုသက်ဆိုင်ရာဌာန ၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှ တစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်း မပြုပါ။

၅။ ကြိုတင်မိတ္တူတစ်စောင်ကိုငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်-တောင်ကြီး၊ ပါမောက္ခချုပ်ထံလိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲ စစ်ဆေးမည့်ရက်မှာ (၁၇-၁၀-၂၀၂၅) ရက် (သောကြာနေ့) ဖြစ်ပါသည်။

၇။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ်-၁၀၀၀၀/-(ကျပ်တစ်သောင်း) တိတိကို မြန်မာ့စီးပွားရေးဘဏ်၊ တောင်ကြီးတွင် ဖွင့်လှစ်ထားသော ဆေးတက္ကသိုလ်-တောင်ကြီး၏ ငွေစာရင်းအမှတ် MD-၀၁၂၂၃၉ သို့ ပေးသွင်းရမည်။ (**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် တောင်ကြီးတွင် ဆေးတက္ကသိုလ်-တောင်ကြီး၊ ငွေစာရင်းအမှတ် MD-၀၁၂၂၃၉ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၈။ သင်တန်းကိုတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများကို လျှောက်ထားခွင့်မရှိပါ။

၉။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်း ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ) သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်။

၁၀။ လျှောက်လွှာခေါ်ယူမည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်-တောင်ကြီး၊ ဖုန်းနံပါတ်-၀၈၁-၂၁၂၄၈၆၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ သို့မဟုတ် ဆေးတက္ကသိုလ်-တောင်ကြီး Website (www .umtgi. edu. mm)၊ (www.umtgi.gov.mm)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်-တောင်ကြီး**

## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၃/၂၀၂၅-၂၀၂၆)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မှော်ဘီမြို့နယ်တွင် ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ (၄)ထပ် (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - ( ၈-၇-၂၀၂၅) (အင်္ဂါနေ့) |
| ( ခ ) | တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် | - (၂၁-၇-၂၀၂၅ )(တနင်္လာနေ့) ၁၆:၃၀ နာရီအထိ |
| ( ဂ ) | တင်ဒါဖွင့်ဖောက်မည့် ရက်နှင့်အချိန် | - (၂၂-၇-၂၀၂၅)(အင်္ဂါနေ့) နံနက် (၉ : ၀၀) နာရီ |
| (ဃ) | တင်ဒါတင်သွင်းရမည့်နေရာ | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။ |

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့် လည်းကောင်း၊ ဖုန်း- ၀၉-၄၂၅၀၀၀၁၇၉ နှင့် ၀၉-၄၅၁၃၉၂၂၀၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁)၊ မြေကွက်အမှတ်(၂၁၀)ဟုခေါ်တွင်သော အမှတ်(၂၁၀)၊ သမိန်ဗရမ်းလမ်း၊ (၃) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်တွင်တည်ရှိသည့် အကျယ်အဝန်း (အလျား ၄၀xအနံ ၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်၍ ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရီရီခင်[၁၃/ရစန(နိုင်)၀၀၀၁၈၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသွင်ဦး[၁၂/သကတ(နိုင်)၁၄၇၃၅၂] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းမြင့်မော် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၈၁)**
**အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၁၀၈၀၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် – ၉၊ မြေကွက်အမှတ်–၇၀၃ ၊ (၄၃´ × ၆၀´ ) အနက်မှ တရားဝင်မခွဲမစိတ်ရသေး ခြေရင်းဘက်ခြမ်း၊ အကျယ်အဝန်း ( ၂၀´ × ၆၀´)၊ ဧရိယာ (၁၂၀၀) စတုရန်းပေရှိ နှစ် (၆၀) ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (၉) ရပ်ကွက်၊ တိမ်ညို (၁) လမ်း၊ အမှတ် (၇၀၃) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မြမြနွယ် (၁၂/ဥကတ (နိုင်) ၁၃၇၃၆၅) က အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ကြူကြူမိုး ( LL.B )
တရားလွှတ်တော်ရှေ့နေ (စဉ် – ၇၆၃၀ )
အမှတ် – ရ ၊ ဘုရင့်နောင် (၁၀) လမ်း၊
ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၄၅၀၀၂၆၁ရ၃

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/၁)၊ လူနေရပ်ကွက်အမှတ် (ရွှေပင်လုံအိမ်ရာ)၊ မြေကွက်အမှတ်(၃၆)၊ မြေအကျယ်အဝန်း ဧရိယာ(၀.၁၅၃)ကေရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့်အမှတ်(၃၆)၊ (၂၇/၁)ရပ်ကွက်၊ နှင်းဆီမြိုင်လမ်း၊ ရွှေပင်လုံအိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ဒေါ်တင်သန်းဝင်း [၁၂/အစန(နိုင်)၀၅၄၇၂၈]ထံမှ အရပ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသော ဦးဇေ [၁၂/မဂတ(နိုင်)၀၈၆၅၇၀] နှင့် ဒေါ်စုစုမြင့်အောင် [၉/ခအဇ(နိုင်)၀၂၉၀၂၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဘုမောင်(LL.B)** | **ဒေါ်ရွှေစင်ဝင်း** |
| **(အထက်တန်းရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |
| **(စဉ်-၂၂၇၄၇)** | **(စဉ် – ၁၆၇၀၅)** |

**အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၈၃၅၆၉၊ ၀၉-၂၅၄၂၇၈၃၃၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉-AB)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(တ/၁၄၈)၊ မြေအကျယ်အဝန်း (၄၈ ပေ×၁၀၀ ပေ)၊ ဧရိယာ (၀.၁၁၀) ဧက၊ (၄၈၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်ရှောမေ(၇/ကဝန(နိုင်)၀၉၇၁၆၅)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄) | အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄) |

အမှတ်(၁၄၀)၊ စံပါယ်ဖြူလမ်း၊ ဝေဘာဂီ(၃)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၁၃၃၂)၊ မြေအကျယ်အဝန်း(၄၀ ပေ×၆၀ ပေ)ရှိ မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးစင်အေး(၁၂/လမန(နိုင်)၀၇၃၁၀၄)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ယခုရောင်းချသူ ဦးတင်စိုး(၁၂/သဃက(နိုင်)၁၂၀၀၇၄)သည် "နှစ်ဦးသဘောတူ အရောင်းအဝယ်အဆင့်ဆင့်အဆက်စပ်ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံ ကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီဦး (၅/ကဘလ(နိုင်)၁၀၈၅၃၆)က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေ ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄) | အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄) |

အမှတ်(၁၄၀)၊ စံပါယ်ဖြူလမ်း၊ ဝေဘာဂီ(၃)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၁)၊ သဇင်လမ်း၊ မြေကွက်အမှတ်(၈၅၇)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးတင်ဝ(PPN-၀၂၁၇၉၁)အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်ခင်ဝါဝါ [၁၂/ဥကမ(နိုင်) ၁၆၄၈၀၅]သည် "နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ် ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းဌေး (ခ) ဒေါ်သန်းသန်းဌေး (LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၆၆၂)** | **(စဉ်-၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | | |

**ဒေါ်သက်ထားခိုင် (LL.B)**
**(စဉ်-၅၆၈၇၅)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၀၈၈၆၉၁**


**ထွန်းတောက်ကြယ်**
အိမ်ခြံမြေ အကျိုးဆောင်
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ရောင်း/ဝယ်ရေးကို ထွန်းတောက်ကြယ် အကျိုးဆောင်မှ ဆောင်ရွက်ပေးပါသည်။
မိတ်ဆွေတို့ စိတ်တိုင်းကျအောင်ဆောင်ရွက်ပေးပါသည်။
**09-443777598**


## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၂၇.၆.၂၀၂၅နေ့ထုတ်ကြေးမုံသတင်းစာ၏စာမျက်နှာ-၂၆ ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်ရွှေဦး၏ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းကြော်ငြာတွင် လွှဲအပ်ညွှန်ကြားသူ ဒေါ်သီတာလင်း (၁၂/ဥကတ(နိုင်)၀၂၇၈၇၅) အစား (၁၂/ပဘတ(နိုင်)၀၂၇၈၇၅)ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်-၉၈၄၊ မြေကွက်တည်နေရာအမှတ်(၉၈၄)၊ သုခရတနာလမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးမြင့် (AB- ၀၇၃၄၆၂) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဦးမြင့်အား တရားပြိုင်ထားကာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တရားရုံးတော် တရားမကြီးမှုအမှတ် – ၅၈/၂၀၂၄ ခုနှစ်တွင် ဒေါ်သိမ့်သန္တာအောင်မှ တရားလို ပြုလုပ်၍ "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"ဖြင့် တရားစွဲဆိုခဲ့ရာ (၁၈-၁၂-၂၀၂၄)တွင် အနိုင်ဒီကရီ ချမှတ်ခဲ့ပြီး တရားမဇာရီမှုအမှတ် (၁၁/၂၀၂၅)၏ တရားရုံးနေ့စဉ်မှတ်တမ်း၊ (၃-၃-၂၀၂၅)ခုနှစ်တွင် ဘီလစ် ခန့်အပ်ရန်ချမှတ်သည့် ထုံးပုံကျအပြီးသတ် အမိန့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော် (၁၇-၃-၂၀၂၅)ရက်စွဲပါစာအမှတ်-၁၉၀/၅-၁/၂၀၂၅၏ ဘီလစ်ခန့်စာ၊ တရားရုံးကိုယ်စား တရားရုံးအရာရှိအဖြစ် ဘီလစ်ဒေါ်သန်းမြင့်ခိုင်(ခ)သန့်သန့်ခိုင် [၁၂/သဃက(နိုင်) ၀၉၂၅၆၂]မှ နှစ်(၆၀)မြေငှား စာချုပ်မူရင်း၊ တရားရုံးအမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ တရားရုံးဘီလစ် ဒေါ်သန်းမြင့်ခိုင် (ခ)သန့်သန့်ခိုင်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ အုတ်တံတိုင်းခြံစည်းရိုးကာရံထား၍ မြေကွက်လပ်ဖြစ်ပြီး တရားနိုင် ဒေါ်သိမ့်သန္တာအောင်မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဘီလစ်ဒေါ်သန်းမြင့်ခိုင်(ခ) သန့်သန့်ခိုင်၏ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်သူနိုင် တေဇ(၁၆)
## အသက်(၅၇)နှစ်

ချစ်သူငယ်ချင်း ၅-၇-၂၀၂၅ ရက်နေ့မှာ မမျှော်လင့်ဘဲ ရုတ်တရက် ခွဲခွာသွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၆)မှ သူငယ်ချင်းများ**

---

### ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒေါက်တာ ဦးအေးမင်း(ဒေါက်တာ အောင်ထက်)
### အဂ္ဂမဟာမင်္ဂလမဓမ္မဇောတိကဓဇ ဝိုင်အမ်ဘီအေဂုဏ်ရည်ဘွဲ့
### ဆေးတက္ကသိုလ်-၁၊ YM.B.A ဒု-ဥက္ကဋ္ဌ၊ သတင်းမီဒီယာ(ဘဏ္ဍာရေးမှူး-ငြိမ်း)
### မြန်မာနိုင်ငံစာရေးဆရာအသင်း(ဘဏ္ဍာရေးမှူး)
## အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၁၉)ရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ်(၁၁)၊အောင်တက်ဆေးခန်းနေ (ဦးခင်ဆွေ-ဒေါ်တင်မြင့်)တို့၏သား၊ ဒေါ်ခင်မမ၊ ဦးသိန်းမင်း-ဒေါ်ကင်တီတို့၏အစ်ကို၊ ဒေါ်ခင်သန့်(အထက်တန်းသူနာပြု-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ရဲအုပ်-ဦးမျိုးသိန်းထွန်း-ဒေါ်နီနီအောင်၊ ဒေါက်တာ ရန်နိုင်မင်း-ဒေါ်နန်းဦးခင်(ခ)အမရာဟန်၊ ဗိုလ်မှူး/ဗိုလ်ကြီး ညီညီမင်း-ဒေါ်ပိုပိုမြင့်၊ ဦးဖြိုးစည်သူမင်း-ဒေါ်နန်းချယ်ရီဝင်းထိန် တို့၏ဖခင်ကြီး၊ မဇင်ဇင်မျိုးထွန်း၊ ကျော်စည်သူမင်း၊ ကောင်းစစ်မင်း၊ နန်းထက်စည်သူမင်း၊ ဖူးပွင့်နေခြည်မင်း တို့၏ဘိုးဘိုးကြီးသည် ၇-၇-၂၀၂၅ရက် နံနက် ၅နာရီတွင် (၉၆)ပါး သောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၂၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်ခန်းမကျယ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၂၅ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်မိုး(ခ)မခိုင်
### (စိုက်ပျိုးရေးဦးစီးဌာန-ငြိမ်း)
## အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာသစ္စာလမ်း၊ အမှတ်(၃၁/ခ)နေ (ဦးကျော်အေး-ဒေါ်မြကြည်)တို့၏ သမီး၊ (ဦးကျော်သိန်း)- ဒေါ်တူးတို့၏သမီးချွေးမ၊ ဦးစည်သူ(ဘုရင့်နောင်စျေး)၏ ဇနီး၊ မသင်းရနံ့သူ၊ မောင်အောင်သီဟသူတို့၏ မွေးသမိခင်သည် ၇-၇-၂၀၂၅ (တနင်္လာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၂၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပြီး ၁၃-၇-၂၀၂၅ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ညိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃-ရပ်ကွက်၊ မင်္ဂလာလမ်း၊ တိုက်အမှတ်(၃၀၁)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ဒုတိယထပ်(၃-လွှာ/ဘီ)၊ အကျယ်အဝန်း (၁၉ ပေ X ၅၅ ပေ)ရှိ တိုက်ခန်း(၁)ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး၊ ပြန်လည်ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဒေါ်နွဲ့နွဲ့ဝင်း (၁၂/ဥကတ (နိုင်) ဝ၆၃၅၃၃)**ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်စရံငွေများပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါကစာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်းကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးအောင်ကြီးမြင့် ( LL.B )**
**အထက်တန်းရှေ့နေ (စဉ်-၃၂၁၀၃)**
**အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(A-11/12)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၁၁၆၃၄**

---

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂စီ(ခ)၊ မြေကွက်အမှတ် ၃/၆၄ဃ၊ ဧရိယာ(၀.၂၄၆)ဧကအကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက်မှ မခွဲစိတ်ရသေးသော(၄၀'x၁၀၀')အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ဦးသန်းထွန်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဦးရဲကျော်စွာကမိမိသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အမွေစားအမွေခံ၊ အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်ကျော်မြတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၉၃)**
**အမှတ်-၉၂၇၊ ဦးဘဝင်းလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၁၄၃၂**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိန်သန်း
### ဆေးပဒေသာ ဆေးဆိုင်
## အသက်(၆၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ရတနာမာန်အောင်ရပ်ကွက်နေ ဒေါ်နီနီဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဟိန်းမင်းထက်၏ဖခင် ဦးစိန်သန်း(ဆေးပဒေသာဆေးဆိုင်)သည် ၇-၇-၂၀၂၅ ရက် နံနက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၈-၇-၂၀၂၅ရက်(အင်္ဂါနေ့) ညနေ ၃:၃၀ နာရီတွင် မဟူရာ သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား ညိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်သန်း
### ဆေးပဒေသာ ဆေးဆိုင်၊ မိတ္ထီလာ
## အသက်(၆၉)နှစ်

ဦးစိန်သန်း(ဆေးပဒေသာဆေးဆိုင်၊ မိတ္ထီလာ)သည် ၇-၇-၂၀၂၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းအောင်ကျော် - ဒေါ်ခင်မြင့်မြင့်**
**နဂါးဆေးတိုက်မိသားစု၊ မြင်းခြံမြို့**

---

## ဒေါ်လှလှမူ
## အသက်(၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဥက္ကာ(၆)လမ်း၊ အမှတ်(၁၆၁)နေ ဒေါ်သန်းသန်းအေး၊ ဒေါ်ချိုချိုမြင့်၊ ဒေါ်တင်တင်ထွေး(တရားလွှတ်တော်ရှေ့နေ)၊ ဦးလှအောင်တို့၏ အစ်မကြီး၊ (ဦးစိုးသိန်း) ၏ ချစ်လှစွာသောဇနီး၊ တိုက်ကြီးမြို့၊ အမှတ်(၁)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းနေ တပ်ကြပ်ကြီးအောင်နိုင်ဦး-ဒေါ်တိုးတိုးအောင်၊ ဦးအောင်လွင်-ဒေါ်ဆွေဇင်ဝင်း၊ ဦးစိုးမင်းဖြိုးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မဆုလာဒ်စံ ၏ ကြီးကြီး၊ မပွင့်ဖြူဖြူအောင်၊ မပွင့်သစ္စာခိုင်၊ မောင်ဟိန်းပြည့်စုံအောင်၊ မောင်သူရဝင်းလွင်၊ မောင်အောင်သူဝင်းလွင်၊ မောင်ထက်မြတ်ဝင်းလွင် တို့၏အဘွား ဒေါ်လှလှမူ၊ အသက်(၆၈)နှစ်သည် ၆-၇-၂၀၂၅(တနင်္ဂနွေနေ့) နံနက် (၆:၁၀)နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၈-၇-၂၀၂၅ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ ဘုမ္မာ(၁၈)လမ်း၊ မြေကွက်အမှတ်(၁၄၆၀)၊ အကျယ်အဝန်း(၄၀'x၆၀')အနက် ခေါင်းရင်းခြမ်း(၂၀'x၆၀')ရှိ မြေနှင့်နေအိမ်ကို လက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြည်ကြည်ဝင်း [၁၂/ဥကမ(နိုင်)၀၂၄၁၂၁]ထံမှ ဝယ်ယူရန်အတွက် ဦးယဉ်မင်းလှိုင်[၁၄/ဖပန(နိုင်)၀၉၈၈၇၉]က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်မျိုးကျော် (LL.B)** | **ဒေါ်အိခိုင်ညီမ်း [LL.B, D.B.L, D.I.L]** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၂၉၂၈၈)** |

**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၉၅၁၆**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈

| | | |
|---|---|---|
| ဒေါ်ငွေစင်အိ | နှင့် | ဦးလှမြင့် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်(၁၃၀၆)နေ ဦးလှမြင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စားရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁၆)ရက် (၁၃၈၇-ခုနှစ်) ဝါဆိုလဆုတ်(၇)ရက် မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေနှင်းသူ)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

---

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၉)လမ်း၊ အမှတ်-၁၇/၁၉၊ မြေကွက်အမှတ်(၁၂၈/၁၂၉)၊ အကျယ်အဝန်း (ပေ၅၀xပေ၅၀) ဟုခေါ်တွင်သောမြေကွက်နှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်မိတ်ဆွေများ၏ ဖခင် ဦးမြင့်ရွှေ ပိုင်ဆိုင်မှုမှအခြေခံပြီး တရားဝင် ဥပဒေနှင့်အညီ အမွေခွဲဝေသေးခြင်းမရှိသည့် အမွေဆိုင်ပစ္စည်းသာဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကျွန်ုပ်မိတ်ဆွေများမသိရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်းမှစ တစ်နည်းနည်းဖြင့် လက်လွှဲခြင်းအား ကန့်ကွက်ပါကြောင်းနှင့် အမွေဆိုင်ပစ္စည်းများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်မိုးမိုး၊ မောင်ဇော်ထွန်းနှင့် ဒေါ်နွယ်နွယ်အောင် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိန္ဒြာသန်းအောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၆၉၂)**
**အမှတ်(၂၂)၊ (၉၆)လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၂၁၈၁၂၁၊ ၀၉-၉၅၈၆၆၃၁၂၅**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-တိုးချဲ့)၊ စကားဝါ(၄)လမ်း၊ မြေကွက်အမှတ်(၁၂၀)ဟုခေါ်တွင်သော အလျား(၃၀)ပေxအနံ(၅၀)ပေ အကျယ်အဝန်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ပါမစ်အမည်ပေါက်ပိုင်ရှင် ဦးမိုးသိန်း အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ထဲမှ ခြေရင်းခြမ်းရှိ အလျား(၂၀)ပေxအနံ(၅၀)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် အိမ်ဖြစ်ပြီး အထက်ပါမြေကွက်နှင့်အိမ်အား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုထားသော ဒေါ်သန်းသန်းစိုး[၁၂/မရက(နိုင်)၁၃၅၆၉၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇင်လတ်[၁၂/မဂဒ(နိုင်)၁၃၇၀၆၅]က ဝယ်ယူရန်အတွက် မြေကွက်နှင့်အိမ်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်လတ်၏လွှဲအပ်ချက်အရ**
**ဦးကျော်နိုင်ဦး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၉၂၇၃)**
**အမှတ်(၁၅၅)၊ ခေမာ(၃)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၀၀၇၂၆**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃-လမ်း၊ အမှတ်(၅၂)၊ မြေညီ (တိုက်ကိုမျက်နှာမူလျှင်-ဘယ်ဘက်)၊ အကျယ်အဝန်း(၁၅ ပေx၄၀ပေ)ရှိ တိုက်ခန်း နှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ မြေရှင် ဒေါ်ခင်သီတာဦး [၁၂/မဂတ(နိုင်)၀၇၅၈၄၄]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [LL.B, LL.M, MRes(Law), D.B.L] အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘာ့ဌာန်းလမ်း၊ အမှတ်(၆၈၆)၊ ၃-လွှာ၊ ဒုတိယထပ်၊ အခန်းအမှတ်-၂၀၁၊ (တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်)၊ (၇၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်မော်[၁၂/တမန(နိုင်)၁၀၃၉၅၀]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [LL.B, LL.M, MRes(Law), D.B.L] အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်-၁၁၆၄ (၆-လွှာ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၅ပေx၅၀ပေ)ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည့် ဒေါ်ဇာကြည်ဦး[၁၀/ခဆန(နိုင်)၀၆၀၈၈၁] ကိုင်ဆောင်သူမှ အဆိုပြုကမ်းလှမ်းခဲ့သည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ အဆိုပါတိုက်ခန်းအား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှု စာရွက်စာတမ်းအပြည့်အစုံမူရင်းများဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်မြတ်နိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၆၅၆၀)**
**အမှတ်(၂၄)၊ လမ်းကျယ်လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၄၈၀၃၇၄၈၆**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊ မြေကွက်အမှတ်-၇၀၆(ခ) မြေအကျယ်အဝန်း(အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိသော ဦးဆန်းတင်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်အိမ်၊ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ယခုရောင်းချသူ ဒေါ်ယဉ်ယဉ်ညို[၁၀/ပမန(နိုင်)၀၀၇၃၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာအောင်[၁၂/လသန(နိုင်)၀၁၄၇၁၂]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုနန္ဒာအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၅၁၀)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၅၈၂၅၁၂၉**

---

## သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ရှေ့သို့လှမ်းချီရာတွင် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ပေးခြင်းသည် အကောင်းဆုံး မောင်းနှင်အားပင် ဖြစ်ပါသည်။ လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် အားပေးခြင်းဖြင့် နိုင်ငံ့စီးပွားရေးမြင့်မားရေးနှင့် ပြည်သူလူထု တစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး တို့ကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။.....**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

# အမေရိကန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး မက္ကဆီကိုအသင်း ကွန်ကာကပ်ရွှေဖလား (၁၀)ကြိမ်မြောက် ဆွတ်ခူး


မက္ကဆီကိုအသင်း ကွန်ကာကပ်ရွှေဖလားနှင့်အတူ အောင်ပွဲခံစဉ်။

မက္ကဆီကိုအသင်းနဲ့ အမေရိကန်အသင်းတို့ ဇူလိုင် ၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ကွန်ကာကပ်ရွှေဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ မက္ကဆီကိုအသင်းက အမေရိကန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ကွန်ကာကပ်ရွှေဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အမေရိကန်အသင်းက ပထမပိုင်းပွဲကစားချိန် လေးမိနစ်မှာ ရစ်ချက်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပေမယ့် ပထမပိုင်းပွဲကစားချိန် ၂၇ မိနစ်မှာ ဂျေမီနက်ဇ်က မက္ကဆီကိုအသင်းအတွက် ချေပဂိုး ပြန်လည်သွင်းပေးခဲ့တာကြောင့် ပထမပိုင်းအပြီးမှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

**စာမျက်နှာ ၁၂ ကော်လံ ၄ သို့** ✮

**ယနေ့ ဖတ်စရာ**

**မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့၌ ငွေကျပ် ၈၇၅ ဒသမ ၅ သိန်းတန်ဖိုးနှင့် တောင်ကြီးမြို့၌ ငွေကျပ် ၆၁၂ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ**

စာမျက်နှာ - ၁၄

**ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်း**

စာမျက်နှာ - ၁၅

## MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲတွင် ရှိုင်ရယ်ရန်ကုန်အသင်းနှင့် ရှမ်းတောင်အသင်းတို့ Grand Final တက်ရောက်


ရှိုင်ရယ်ရန်ကုန်အသင်းနှင့် STNM အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် ဇူလိုင် ၇

MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၇ ရက်က ရှမ်းပြည်နယ်တောင်ကြီးမြို့ ပြည်နယ်ဘောလုံးကွင်း၌ ကျင်းပရာ ရှိုင်ရယ်ရန်ကုန်အသင်းနှင့် ရှမ်းတောင်အသင်းတို့ Grand Final တက်ရောက်သွားသည်။

နံနက်ပိုင်းက ကျင်းပသည့် ဆီမီးဖိုင်နယ်ပထမပွဲတွင် ရှိုင်ရယ်ရန်ကုန်အသင်းက STNM အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ရှိုင်ရယ်ရန်ကုန်အသင်းသည် ၂၁ မိနစ်တွင် လင်းမောင်မောင် သွင်းယူသည့် တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၁၂ ကော်လံ ၄ သို့** ❂

## MNL ယူ-၂၁ လိဂ်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့ ဒုတိယမြောက်ရှုံးပွဲကြုံတွေ့

ရန်ကုန် ဇူလိုင် ၇

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂) တတိယနေ့ကို ဇူလိုင် ၇ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့ ဒုတိယမြောက်ရှုံးပွဲ ကြုံတွေ့ခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရန်ကုန်ယူနိုက်တက် အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဇယားထိပ်ဆုံးမှ နှစ်သင်းထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းသည် ဒုတိယမြောက်ရှုံးပွဲနှင့်အတူ ထိပ်ဆုံးနေရာမှ ဖယ်ပေးခဲ့ရသည်။

**စာမျက်နှာ ၁၂ ကော်လံ ၄ သို့** ❖


အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။